မြန်မာ့အလင်း

အတွဲ (၅၂) အမှတ် (၂၁၈)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

၂၀၁၃ ခုနှစ်၊ မေ ၁၁ ရက်၊ စနေနေ့။

နိုင်ငံတော် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

မြန်မာနိုင်ငံ စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေး၊ စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် မေ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ဂျပန်နိုင်ငံ JX Holdings, JX Inc., Nippon Oil & Energy Corporation ဥက္ကဋ္ဌ Mr. Yasushi Kimura ဦးဆောင်သော အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေး၊ စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဂျပန်နိုင်ငံ JX Holdings, JX Inc., Nippon Oil & Energy Corporation ဥက္ကဋ္ဌ Mr. Yasushi Kimura ဦးဆောင်သောအဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဖွံ့ဖြိုးဝေစည်အလှဖြာဝေစေမည့် ထိုင်း–မြန်မာ–အိန္ဒိယဆက်သွယ်သည့်အာဆီယံလမ်းမ–၁

မြန်မာနိုင်ငံအတွင်း ဖောက်လုပ်ထားသည့် အာဆီယံလမ်းမ-၁ အစိတ်အပိုင်းတစ်နေရာကို အိန္ဒိယနယ်စပ်အနီး ဤသို့ တွေ့ရသည်။

အမေး/အရေး–မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ–ကျော်သူဝင်း

နေပြည်တော် မေ ၁၀

မြန်မာ့တောတောင် ရေမြေက သာယာလှပစိမ်းမြမြရှိသည်။ သဘာဝက ပေးထားသော သယံဇာတများလည်း ကြွယ်ဝသည်။ ပထဝီအနေအထားအရ အာရှနှင့် အာဆီယံဒေသတွင် အချက်အချာကျသည့် အနေအထားတွင်ရှိသည်။ ကုန်းလမ်း၊ ရေလမ်းနှင့် လေကြောင်းများဖြင့် သွားလာရန် လွယ်ကူပြီး အိမ်နီးချင်းနိုင်ငံများ အပါအဝင် အာရှနိုင်ငံများနှင့် ဆက်စပ်သွားလာရန် အဆင်ပြေသည့် အခြေအနေလည်းရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံနှင့် ပတ်ဝန်းကျင်နိုင်ငံများသို့ ဆက်စပ်သည့် ကားလမ်းမကြီးများ ဖောက်လုပ်ခဲ့၊ ဖောက်လုပ်ဆဲ၊ အဆင့်မြှင့်တင်နေဆဲ လုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ဖြတ်သန်းဖောက်လုပ်နေသော အာဆီယံလမ်းများသည် ပတ်ဝန်းကျင်နိုင်ငံများနှင့်

စာမျက်နှာ ၉ ကော်လံ ၁ ◆

ယနေ့ မာတိကာ

ကန်နိုင်ငံခြားရေးဝန်ကြီးနှင့် ပါလက်စတိုင်းသမ္မတ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်ရန် ပြောကြား — စာ-၄

နေရောင်ခြည်ကပေးသော ကျန်းမာရေးကျေးဇူး — စာ-၅

အမှန်နေထိုင်ခြင်းမရှိသော ယာယီသန်းခေါင်စာရင်းဖြင့် တန်ဖိုးနည်းဖုန်း လျှောက်ထားမှုများ ရှိနေသည်ဟုဆို — စာ-၇

ကြော်ငြာအချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာစာမျက်နှာ အချပ်ပို (က)မှ (ဃ)အထိ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မူးယစ်ဆေးဝါးပပျောက်ရေး ဝိုင်းဝန်းကာကွယ်ပေး

မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာ့လူသားအားလုံးအတွက် လူသားမျိုးနွယ်စုတစ်ရပ်လုံးအထိ လူညွှန့်တုံးစေမည့် အန္တရာယ်ဖြစ်သည်။ မူးယစ်ဆေးဝါးအန္တရာယ် ချုပ်ငြိမ်းပပျောက်သွားရန်အတွက် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ချမှတ်အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နောက်ထပ် ငါးနှစ်တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ နယ်မြေလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရန် စည်းရုံးဆောင်ရွက်ရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးပပျောက်ရေးကို ဆောင်ရွက်ရာတွင် ဘိန်းတစ်မျိုးတည်းသာမဟုတ်ဘဲ စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် စပ်လျဉ်း၍ ရှေးမြန်မာမင်းများလက်ထက်ကတည်းကပင် ဘိန်းကင်းကစော်၊ လှော်စာ၊ အရက်သုံးစွဲခြင်းကို အမိန့်ပြဋ္ဌာန်းချက်များထုတ်ပြန်တားမြစ်ခဲ့သည်။ မူးယစ်ဆေးဝါးပြဿနာကို ခေတ်အဆက်ဆက် အစိုးရများက တိုက်ဖျက်ချေမှုန်းလာခဲ့ကြသည်။ နိုင်ငံတော်အစိုးရလက်ထက်တွင်လည်း မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးအတွက် ကိုယ်ပိုင်စွမ်းအား အရင်းအမြစ်များဖြင့် ဆောင်ရွက်နေသကဲ့သို့ ဒေသတွင်း၊ ဒေသခွဲအတွင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိသည်။

ယခုလည်း မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ ခြောက်နိုင်ငံ နားလည်မှုစာချွန်လွှာ ဝန်ကြီးအဆင့် အစည်းအဝေးတွင် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နှင့် UNODC တို့မှ ကိုယ်စားလှယ်ခေါင်းဆောင်များသည် မေ ၆ ရက်က ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ အစည်းအဝေးအကြံပြုချက်များ၊ ဆောင်ရွက်ချက်များ တင်ပြဆွေးနွေးခြင်း၊ နားလည်မှုစာချွန်လွှာ အထောက်အကူပြု စီမံကိန်းအဆိုပြုချက်ကို ဆွေးနွေးခြင်း၊ နေပြည်တော် ကြေညာစာတမ်းအပေါ် ဆွေးနွေးခြင်း၊ နားလည်မှုစာချွန်လွှာ ဒေသခွဲလုပ်ငန်းစီမံချက်နှင့် UNODC ဒေသဆိုင်ရာအစီအစဉ်များ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

ယခုကမ္ဘာတွင် လူသန်း ၁၅၀ နှင့် ၂၀၀ အကြားသည် မူးယစ်ဆေးဝါးတစ်မျိုးမဟုတ် တစ်မျိုး သုံးစွဲလျက်ရှိကြသည်။ မူးယစ်ဆေးဝါးဆိုရာတွင် ဆေးလိပ်၊ အရက်၊ ဘိန်း၊ ဘိန်းဖြူ၊ ဆေးခြောက်၊ စိတ်ကြွရူးသွပ်ဆေးပြားများ အားလုံးပါဝင်ပေသည်။ မူးယစ်ဆေးဝါးသည် လူသားအားလုံးကို ဘက်ပေါင်းစုံမှ အန္တရာယ်ပြုလျက်ရှိပြီး စီးပွားပျက်၊ ဘဝပျက်ရသည်အထိ ဆိုးကျိုးများနှင့် ရင်ဆိုင်ကြရသည်။ ယနေ့လူငယ်လေးများသည် အနာဂတ်၏ ကြယ်ပွင့်လေးများဖြစ်ရာ တန်ဖိုးရှိလှသော လူငယ်များဘဝ မပျက်စီး မဆုံးရှုံးစေရန်၊ မူးယစ်ဆေးဝါး၏ သားကောင်မဖြစ်စေရန်၊ ဖြားယောင်းသွေးဆောင်မှုကို နားမယောင်ရန်၊ လမ်းမှားသို့ မရောက်မိစေရန်အတွက် ဝိုင်းဝန်းထိန်းမတ်ပေးကြရမည်ဖြစ်ပြီး မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကြီး လုံးဝကင်းစင်ပပျောက်ရန် တက်ညီလက်ညီ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

မြို့တော်ဝန် ဦးလှမြင့် တံတားတည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၀

ရန်ကုန်မြို့တော်တွင်း ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရန်နှင့် ယာဉ်ကြောကျပ်မှု ပြေလျော့စေရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးကြပ်၍ First Myanmar Investment Co., Ltd. (FMI) က တာဝန်ယူ တည်ဆောက်လျက်ရှိသော ဘုရင့်နောင်လမ်း ခုံးကျော်တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်သည် မေ ၈ ရက် နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

(ယာပုံ)

အဆိုပါ ဘုရင့်နောင်လမ်း ခုံးကျော်တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းသည် ယခုအခါ စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၆၇ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

ထို့နောက် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းရှိ သမိုင်းချောင်း ရေနုတ်မြောင်း၊ အင်းစိန်မြို့နယ် အင်းစိန်လမ်းရှိ ရိုးကြီးချောင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် တူးဖော်ရှင်းလင်းဆောင်ရွက်နေမှု၊ အင်းစိန်မြို့နယ် လမ်းသစ်လမ်း၌ ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရန် ကွန်ကရစ်လမ်းချောခင်းနေမှု၊ ဗဟန်းမြို့နယ်၌ Capital Development Ltd. က တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ရွှေဂုံတိုင် ခုံးကျော်တံတား တည်ဆောက်ရေးစီမံကိန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

မနေ့ကနှင့်မတူတော့သော ယနေ့လိပ်ပြာကန်

ထင်သာမြင်သာ ပြုပြင်စရာ

လိပ်ပြာကန်သည် ပဲခူးမြို့၏ နိမိတ်ပုံဖြစ်သည်။ ပဲခူးမြို့၏ ပုံရိပ်လည်းဖြစ်သည်။ ပဲခူးမြို့သူမြို့သားတို့သည် ကမ္ဘောဇသာဒီနန်းတော်အတွက် ဂုဏ်တက်ကြရသကဲ့သို့ လိပ်ပြာကန်အတွက်လည်း ဂုဏ်ဝင့်ထည်ခဲ့ကြရပါသည်။ ရွှေမော်ဓော၊ ရွှေသာလျောင်း၊ မဟာစေတီ၊ ဟသ်ာကုန်း စသည့်များပြားလှစွာသော ရှေးဟောင်းသမိုင်းဝင်စေတီတော်များကြောင့်လည်း ပဲခူးမြို့၏ ဂုဏ်သရေသည် ပိုမို၍ ဝင့်ထည်ခဲ့ရသည်။ များမကြာမီ စတင်တည်ဆောက်တော့မည့် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းကြီးကိုလည်း မျှော်မှန်း၍ ကြိုကြိုတင်တင် ဂုဏ်ယူနေကြရပါသည်။

သက်ဆိုင်ရာ တာဝန်ရှိသူများက ပဲခူးမြို့ကြီးကို သာယာလှပစေရန် အဘက်ဘက်မှ တည်ဆောက်ပြုပြင်လျက်ရှိရာ ရှေးနှင့်မတူ တစ်မူထူးခြားစွာ ပဲခူးမြို့ကြီး သန့်ရှင်းသာယာလှပလာသည်မှာ ကိုယ်တွေ့မျက်မြင်ဖြစ်ပါသည်။ အထူးသဖြင့် မြို့လယ်ကောင်တွင် အကျယ်အဝန်းအားဖြင့် ရှစ်ဧကရှိသော လိပ်ပြာကန်ကြီးအတွင်း၌ တင့်တယ်စွာ စံပယ်နေတော်မူသော ရှင်ဥပဂုတ္တရဟန္တာအရှင်မြတ်ကြီး၏ စံကျောင်းတော် တည်ရှိရာနေရာ၏ ပြောင်းလဲမှုဖြစ်ပါသည်။ နံနက်ခင်း၊ ညနေခင်းများတွင် ရဟန္တာအရှင်မြတ်ကြီးကို ဖူးမြော်ရင်း ကျန်းမာရေးအတွက် လမ်းလျှောက်သူ၊ လေ့ကျင့်ခန်းပြုလုပ်သူ၊ လေညင်းခံသူများဖြင့် စည်ကားနေသော လိပ်ပြာကန် ဖြစ်သည်။

ယခုအခါ တည်ဆောက်ပြုပြင်သူက လိပ်ပြာကန်ကြီး မြောက်ဘက်ကန်ပေါင်နည်းတူ ကိုယ်မင်းကိုယ်ချင်းလမ်း၊ အနောက်ဘက်ကန်ပေါင်ကြီးကိုလည်း ကွန်ကရစ်လျှောက်လမ်း ကျောက်စီနံရံ စတီးလက်ရမ်း ရောင်စုံမီးတို့ဖြင့် သာယာလှပစေရန် တည်ဆောက်ပြီးစီးပြီဖြစ်သည်။ ကန်ပေါင်လေးဖက်ရှိသည့်အနက် မြောက်ဘက်နှင့် အနောက်ဖက်ကန်ပေါင်သည် လွန်စွာသာယာလှပသွားပြီဖြစ်သည်။

ပြုပြင်သူတို့က ကောင်းမွန်အောင်ကြိုးပမ်းတည်ဆောက်နေချိန်တွင် အဖျက်သမားတို့က ရှေ့က တည်ဆောက်၊ နောက်ကဖျက်ဆီးသည်နှင့် လျော်ကန် သင့်မြတ်မည်မဟုတ်ပါ။ ဖျက်ဆီးသူများသည် ဆိုင်းဘုတ်ကိုသာမက လိပ်ပြာကန်အတွင်းသို့ ဘီယာပုလင်းခွံများ၊ ကန်အနီးရှိ ဆိုင်ကယ်အရောင်းဆိုင်များမှ ထုပ်ပိုးခွံ၊ ပလတ်စတစ်ဖော့စများကိုလည်း စည်းကမ်းမဲ့စွာပစ်ချနေရာ လုံးဝအမြင်မတော်ပါ။ သို့ဖြစ်ရာ ပဲခူးမြို့၏ ဂုဏ်သိက္ခာကို ကျဆင်းစေသူများ၊ အလှအပကို ဖျက်ဆီးနေသူများကို စီမံချက်ချ၍ စောင့်ဆိုင်းဖမ်းဆီးပြီး ထိရောက်ပြင်းထန်စွာ အရေးယူရန်အချိန်တန်ပါပြီ။

ကျန်ရှိသော အရှေ့ဘက်ကန်ပေါင်နှင့် တောင်ဘက်ကန်ပေါင်ကိုလည်း အခြေခံအုတ်မြစ်လုပ်ငန်းနှင့် မြေဖို့ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပါပြီ။ မကြာမီ ကန်တစ်ပတ်လည်လုံး သန့်ရှင်းသာယာလှပစွာ လျှောက်လှမ်းနိုင်ကြပါတော့မည်။ လိုအပ်နေသေးသော ထိုင်ခုံများ၊ မီးတိုင်များအတွက် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ပြည်သူ၏အကူအညီကို ရယူသင့်ပါသည်။ ပျဉ်းမနားမြို့ရှိ မင်္ဂလာကန်တော်ကြီးပတ်လည်တွင် အလှူရှင်ကမွည်းထိုးထားသော ထိုင်ခုံများကို တွေ့မြင်ခဲ့ရကြောင်း၊ လိပ်ပြာကန်တွင် လမ်းလျှောက်ဖော် အငြိမ်းစား ရဲအရာရှိတစ်ဦးက အကြံပြုတင်ပြသည်။ လိပ်ပြာကန်တွင် နံနက်ခင်း၊ ညနေခင်း လေညင်းခံရင်း လမ်းလျှောက်၊ ကျန်းမာရေးလေ့ကျင့်နေကြသူ မြို့ပြည်သူများက မြို့ပြစည်ပင်သာယာရေးအတွက် ပူးပေါင်းပါဝင်ကူညီရန်ဆန္ဒရှိနေကြကြောင်း ထင်သာမြင်သာပြုပြင်စရာကဏ္ဍမှ ရေးသားတင်ပြလိုက်ရပါသည်။ **စိန်လှိုင်ဗိုလ်**

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင် ဘရူနိုင်းဒါရူဆလမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၀

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်သည် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၌ ကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ပြီး အဖွဲ့ဝင်များနှင့်အတူ ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မစ်ဆူဘီရှိ ကော်ပိုရေးရှင်းမှ သတ္တုတွင်းဝန်ကြီးဌာနသို့ ကျောက်သွေး အရောင်တင်စက်များလှူဒါန်း

နေပြည်တော် မေ ၁၀

ဂျပန်နိုင်ငံ Mitsubishi Corporation မှ သတ္တုတွင်းဝန်ကြီးဌာနသို့ ကျောက်သွေးအရောင်တင်စက် Polishing Machine ၁၀ လုံး လှူဒါန်းလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို မေ ၁၀ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းညွန့်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ ကောင်စစ်ဝန် H.E. Mr. Ichiro Maruyama၊ Honarary Chairman of Mitsubishi Corporation Mr. Mikio Sasaki၊ ဂျပန်-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ Mr. Hideo Watanabe၊ သတ္တုတွင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာအရာရှိကြီးများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် အတွင်းရေးမှူး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ ကောင်စစ်ဝန်နှင့် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌက အမှာစကား ပြောကြားသည်။ ထို့နောက် Honarary Chairman of Mitsubishi Corporation Mr.Mikio Sasaki က မြန်မာ့ ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးထံ လှူဒါန်းစက်ပစ္စည်းများနှင့်ပစ္စည်းများ၏ မှတ်တမ်းများအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က Honarary Chairman of Mitsubishi Corporation Mr.Mikio Sasaki သို့ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင် မန္တလေးတိုင်းဒေသကြီးအတွင်း သောက်သုံးရေရရှိရေး ဆောင်ရွက်မှုနှင့် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းနှင့် စိုက်ကွင်းရိတ်သိမ်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

နေပြည်တော် မေ ၁၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ညောင်ပင်ရွာရှိ မိုးရာသီသောက်သုံးရေရရှိရေး ရေစုကန်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး မိုးမကျမီတာရိုးအား စနစ်တကျ တည်ဆောက်၍ ရေစီးရေလာကောင်းမွန်ရေးနှင့် ဖြစ်ပေါ်လာသော ကန်မှရေများကို စနစ်တကျသုံးစွဲရေး မှာကြားသည်။

ထို့နောက် မြစ်သားမြို့နယ် တဲကြီးကန်ကျေးရွာသို့ ရောက်ရှိပြီး တူးဖော်ပြီးသော ရေစုကန်အတွင်း ပြည့်လျှံသည်အထိ စုဆောင်းသိုမှီး ထားရှိနိုင်မှု အခြေအနေနှင့် **(အပေါ်ယာပုံ)** ရွာသွန်းသောမိုးရေများ ရေနုတ်မြောင်းမှ ဖြောင့်ဖြူးစွာ စီးဆင်းနေမှုများကို စစ်ဆေးကာ သောက်သုံးရေရှားပါးနေသည့် အချိန်ကာလတွင် အချိန်ကိုက် ရွာသွန်းလာသည့် မိုးရေများကို ရေစုကန်အတွင်း သိုလှောင်ထားရှိနိုင်မှုကြောင့် အားရဝမ်းသာ ပျော်ရွှင်နေကြသော ရပ်မိ ရပ်ဖများနှင့် တွေ့ဆုံသည်။

ယင်းနောက် မြစ်သားမြို့နယ် အရှည် ခြောက်မိုင်ရှိ လားရှိုးချောင်းသို့ရောက်ရှိပြီး မေ ၉ ရက်က သည်းထန်စွာရွာသွန်းခဲ့သော မိုးရေများအား တူးဖော်ပြီးစီးသည့် မြောင်းအတွင်း ရေစီးရေလာစနစ် ကောင်းမွန်စွာဖြင့် စီးဆင်းစေနိုင်ခဲ့မှုကြောင့် ယခင်နှစ်များက မကြာခဏရေနစ်မြုပ်မှု၊ ရေဝပ်မှုကြောင့် အခက်အခဲ ကြုံတွေ့ရသော နယ်မြေလူထုအတွက် ရေမြောင်းစနစ်များနှင့် ရေစုကန်များကြောင့် သောက်သုံးရေများ လုံလောက်စွာ စုဆောင်းနိုင်တော့မည် ဖြစ်ကြောင်း၊ မိုးတွင်းကာလ၌ ရေကြီးနစ်မြုပ်မှုကို ထိရောက်စွာ ကာကွယ်ပေးနိုင်မည့် အကျိုးကျေးဇူးရရှိခြင်းတို့ကြောင့် ရေရှည်တည်တံ့ရန် ထိန်းသိမ်းရေးတာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဝမ်းတွင်းမြို့နယ် ရွှေတောင်သုတေသနမျိုးစေ့ခြံ ရှင်းလင်းဆောင်၌ ခင်းကျင်းပြသထားသော စပ်မျိုးဝါ၊ စပ်မျိုးနေကြာ၊ စပ်မျိုးစပါးမျိုးစေ့များကို လည်းကောင်း၊ ငွေချည်(၆) ဝါသီးနှံမျိုးစေ့ထုတ် တစ်ဆက်တစ်စပ်တည်း ၁၁၇ ဧက စိုက်ခင်းရှိ ၅၅ ရက်သား သက်တမ်းရှိ ညီညာစွာသီးပွင့်နေသည့် ဖြစ်ထွန်းအောင်မြင်နေသော ဝါစိုက်ခင်းများကိုလည်းကောင်း၊ ပုလဲသွယ်စပ်မျိုးစပါး F1မျိုးစေ့ထုတ်ဧက ၅၀၀ စိုက်ကွင်းရှိ အဖိုလိုင်းနှင့် အမလိုင်း မျိုးစပ်ပြီးသော F1 မျိုးစေ့ထုတ် စိုက်ခင်းများအား ခေတ်မီ Combine Harverster စက်ကြီးနှစ်စီးဖြင့် ရိတ်သိမ်းခြွေလှေ့နေမှုများကိုလည်းကောင်း၊ ဘယ်လ်ဂျီယံနိုင်ငံ Dev, gen ကုမ္ပဏီနှင့် ဒေသအလိုက် လိုအပ်သော ပုလဲသွယ်မျိုးစေ့များ ဖြန့်ဖြူးနိုင်ရန် ဧက ၃၀၀ မျိုးစေ့ထုတ်စိုက်ခင်း ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

မှာကြားခဲ့

ပြည်ထောင်စုဝန်ကြီးက ကွင်းဆင်းစစ်ဆေးရာတွင် စပါးမျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဝတ်ရေးအတွက် ဝါမျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်း တာဝန်ထမ်းဆောင်နေရသော ဝန်ထမ်းများအား မျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်ပေးရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ Seed Production တာဝန် အောင်မြင်အောင် တစ်ရာသီပြီး တစ်ရာသီ ပိုမိုအားထုတ်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ အရည်အသွေး၊ အပင်ပေါက်နှုန်း၊ ကြီးထွားနှုန်း၊ အသီးအပွင့်ဖြစ်ထွန်းမှုရာနှုန်းပြည့် ကောင်းမွန်သောမျိုးစေ့များကို တောင်သူလယ်သမားများ လက်ဝယ်သို့ အချိန်မီ အလုံအလောက်ဖြန့်ဖြူးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ဂုဏ်ယူဝမ်းမြောက်ကြောင်း

အဌမအကြိမ်မြောက်(၂၀၁၁ ခုနှစ်အတွက်)သုတစွယ်စုံစာပေဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ပါမောက္ခရဲမြင့်ကျော်(ဒေါက်တာရဲ)၏ **မမွေးဖွားမီမှ အရွယ်ရောက်သည်အထိ ကလေးပြုစုစောင့်ရှောက်နည်းများ**စာအုပ်မှာ သုတစွယ်စုံစာပေဆု (အသုံးချသိပ္ပံ) ချီးမြှင့်ခံရသည့်အတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဦးဇော်မိုးခိုင်-ဒေါက်တာစောနေနွယ်
AA Medical Products Ltd.
ဝန်ထမ်းမိသားစု

နိုင်ငံတကာသတင်း

ဗီယက်နမ်ဝန်ကြီးချုပ် ရုရှားနှင့် ဘီလာရုစ်သို့ ခရီးထွက်မည်

ဟန္နိုင်း မေ ၁၀

ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်း(ဝဲပုံ)သည် ရုရှားနိုင်ငံနှင့် ဘီလာရုစ်နိုင်ငံများသို့ တရားဝင်အလည်အပတ်ခရီးအဖြစ် လာမည့် မေ ၁၂ ရက်မှ ၁၇ ရက်အထိ သွားရောက်မည်ဖြစ်ကြောင်း ဗီယက်နမ်အရာရှိများက မေ ၁၀ ရက်၌ သတင်းထုတ်ပြန်သည်။ ရုရှားနိုင်ငံသို့ သွားရောက်မည့် အလည်အပတ်ခရီးစဉ်အတွင်း ဗီယက်နမ်ဝန်ကြီးချုပ်သည် ရုရှားနိုင်ငံဝန်ကြီးချုပ် မက်ဗီဒက်ဗ်နှင့်တွေ့ဆုံကာ နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်သည်။ တစ်ဖန် ချူကလီးယားစွမ်းအင်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ရေးရာကိစ္စရပ်များကိုလည်း အမြင်ချင်းဖလှယ်တွေ့ဆုံဆွေးနွေးကာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကိုလည်း ဆွေးနွေးမည်ဖြစ်သည်။

ထို့အပြင် ရုရှား-ဘီလာရုစ်-ကာဇက်စတန်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများအကြား လွတ်လပ်စွာကုန်သွယ်မှုဖော်ဆောင်ရေးဆိုင်ရာသဘောတူညီမှုတစ်ရပ်ရရှိရန် ဆွေးနွေးမည်ဖြစ်သည်။ တစ်ဖန်ရုရှားလုပ် ရေငုပ်သင်္ဘောနှစ်စင်းဝယ်ယူရေးကိုလည်းဆွေးနွေးမည်ဖြစ်သည်။ ထို့နောက် ဗီယက်နမ်ဝန်ကြီးချုပ်ငုယင်တန်ဇွန်းသည် မေ ၁၅ ရက်မှ ၁၇ ရက်အထိ ဘီလာရုစ်နိုင်ငံသို့ အလည်အပတ်ခရီး သွားရောက်မည်ဖြစ်သည်။ (ဆင်ဟွာ)

ကန်နိုင်ငံခြားရေးဝန်ကြီးနှင့် ပါလက်စတိုင်းသမ္မတ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်ရန်ပြောကြား

ရာမာလာ မေ ၁၀

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီသည် အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား မပြတ်မသားဖြစ်နေသော ငြိမ်းချမ်းရေးဆွေးနွေးမှုများကို ပြန်လည်ဆန်းစစ်ဆွေးနွေးရန် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်အား မေ ၉ ရက်က ဖုန်းဖြင့်ဆက်သွယ်ခဲ့ကြောင်း အရာရှိများက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

၂၀၁၀ ခုနှစ်ကတည်းက ရပ်တန့်ထားခဲ့သော အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား တိုက်ရိုက်ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြန်လည်စတင်ရန် နောက်ဆက်တွဲ ကြိုးပမ်းမှုများအနေဖြင့် အစ္စရေးနှင့် အနောက်ဘက်ကမ်းသို့ မေ ၂၁ ရက်တွင် ချစ်ကြည်ရေးခရီးလာရောက်မည်ဖြစ်သည်ဟု ကယ်ရီက အဘတ်စ်သို့ ပြောကြားခဲ့ကြောင်း အမည်မဖော်လိုသော သတင်းရပ်ကွက်၏ပြောကြားချက်အရသိရသည်။

ပြောကြားခဲ့

အစ္စရေးဘက်မှ ငြိမ်းချမ်းရေးဆွေးနွေးမှုများအတွက်လည်း တာဝန်ရှိသူတစ်ဦးဖြစ်သူ အစ္စရေးတရားသူကြီး တီဇီပီနှင့် အီတလီ၌ ပြီးခဲ့သည့် သီတင်းပတ်က ဆွေးနွေးပွဲများကျင်းပသည့် ခရီးစဉ်တွင် ကယ်ရီက မှာကြားခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းရပ်ကွက်မှ ထပ်မံပြောကြားခဲ့သည်။ (ဆင်ဟွာ)

ဘင်္ဂလားဒေ့ရှ်အဆောက်အအုံပြိုကျမှု သေဆုံးသူ ၁၀၀၀ ကျော်အထိရှိလာ

ဒါကာ မေ ၁၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စက်ရုံအဆောက်အအုံပြိုကျမှုမှ သေဆုံးသူအရေအတွက်သည် ၁၀၀၀ ကျော်အထိရှိလာကြောင်း အစိုးရစစ်ဘက်တာဝန်ရှိသူများက ပြောကြားသည်။

အထပ်ရှစ်ထပ်ရှိ ယင်းအဆောက်အအုံသည် ဧပြီ ၂၄ ရက်က ပြိုကျခဲ့ပြီး သေဆုံးသူအရေအတွက်သည် ယခုအခါ ၁၀၂၁ ဦးအထိ ရှိနေပြီဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူ တစ်ဦးဖြစ်သူ ဗိုလ်ကြီးရှာနီဝပ်ဇာကာရီယာက မေ ၁၀ ရက်တွင် ပြောကြားချက်ကို အေအက်ဖ်ပီသတင်းဌာနက ထုတ်ပြန်ခဲ့သည်။

မြို့တော် ဒါကာအပြင်ဘက်ရှိ ယင်းပြိုကျအဆောက်အအုံ၏ အပျက်အစီးများတွင် ရုပ်အလောင်း အများအပြား ထပ်မံတွေ့ရှိခဲ့ပြီးနောက် အဆိုပါသေဆုံးမှုအရေအတွက်သည် တစ်ဟုန်ထိုး မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ယင်းမတော်တဆဖြစ်ပွားမှုတွင် ဒဏ်ရာရရှိသူမှာ ၂၅၀၀ ရှိကြောင်း၊ ကယ်ဆယ်ခဲ့ရသူ ၂၄၃၇ ဦးရှိကြောင်း ကယ်ဆယ်ရေးလုပ်ငန်းများကို မေ ၁၀ ရက်တွင် အဆုံးသတ်မည်ဟု မျှော်လင့်ထားကြောင်း အာဏာပိုင်များ၏ ပြောကြားချက်အရ သိရသည်။ (အေအက်ဖ်ပီ)

အိန္ဒိယနျူကလီးယားရေငုပ်သင်္ဘောရှိ အဏုမြူဓာတ်ပေါင်းဖို စတင်လည်ပတ်မည်

နယူးဒေလီ မေ ၁၀

အိန္ဒိယနိုင်ငံသည် လာမည့် သီတင်းပတ်အနည်းငယ်အတွင်း၌ ပြည်တွင်းလုပ်နျူကလီးယားရေငုပ်သင်္ဘောတွင် တပ်ဆင်ထားသောအဏုမြူဓာတ်ပေါင်းဖိုအား စတင်လည်ပတ်နိုင်မည်ဖြစ်ပြီး ၎င်း၏စစ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် စတင်အသုံးပြုနိုင်ရန်အခွင့်အလမ်းတစ်ရပ် ရရှိလာလိမ့်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံ ဗိရှာခါပတ်တနန်ရှိရေတပ်၏ အဓိကကျသော ရေငုပ်သင်္ဘောအခြေစိုက်စခန်းတွင် Ari hant အမည်ရှိ အဆိုပါရေငုပ်သင်္ဘောအား စစ်ဆေးမှုများပြုလုပ်လျက်ရှိပြီး နျူကလီးယားဓာတ်ပေါင်းဖိုအား အသက်သွင်းပြီးပါက ပင်လယ်ပြင်စမ်းသပ်မောင်းနှင်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ကာကွယ်ရေးသုတေသနဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း၏ အကြီးအကဲ VK Saraswat က ပီတီအိုင်သတင်းဌာနသို့ ပြောကြားသည်။ (ပီတီအိုင်)

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ ၁၃ ထပ်တိုက်မီးလောင်မှုဖြစ်ပွား

လာဟိုး မေ ၁၀

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့တွင် အစိုးရအဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားရာ ရှစ်ဦးထက်မနည်းသေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

LDA ပလာဇာခေါ် အထပ် ၁၃ ထပ်ရှိ အဆိုပါအဆောက်အအုံသည် လာဟိုးမြို့အတွင်း၌ရှိပြီး မေ ၉ ရက်နံနက်က မီးလောင်မှုဖြစ်ပွားကြောင်း၊ မီးလောင်မှုအရှိန်မြင့်လာပြီး မြေညီထပ် သုံးထပ်အထိ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း ကယ်ဆယ်ရေးအရာရှိများက ပြောကြားသည်။

ကြီးမားသော မီးခိုးလုံးကြီးများကြောင့် လူပေါင်း ၄၈ ဦးကို ရဟတ်ယာဉ်များဖြင့် ကယ်ဆယ်ရေးများ ဆောင်ရွက်ပေးခဲ့ရကြောင်း၊ သေဆုံးသူများမှာ အဆိုပါအဆောက်အအုံ၏ အထပ်ခုနစ်ထပ်နှင့် ရှစ်ထပ်တို့မှ ခုန်ချခဲ့ခြင်းဖြစ်ကြောင်း၊ အခြားလူအများအပြားလည်း ၎င်းတို့၏ ရုံးခန်းများအတွင်း ပိတ်မိနေပြီး ၎င်းတို့ကို လွတ်မြောက်ရန် ကြိုးစားခဲ့ဆောင်ရွက်ခဲ့ရကြောင်း အရာရှိများက ပြောကြားသည်။

အဆိုပါ မီးလောင်မှုကို အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များ၊ မီးသတ်သမားများအပါအဝင် ပါကစ္စတန်စစ်ဘက်ရဟတ်ယာဉ်တစ်စင်းဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရသည်ဟု ဆိုသည်။ မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းအရင်းကို ရှင်းလင်းစွာမသိရသေးဟု ဆိုသည်။ (ဆင်ဟွာ)

တင်မောင်လွင် စုစည်းသည်

ရေနံဝန်ဆောင်ခ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံ တောင်ဆူဒန်က ဆူဒန်နိုင်ငံသို့ ပေးချေမည်

ဝါရှင်တန် မေ ၁၀

ဆူဒန်နိုင်ငံသည် ၂၀၁၄ ခုနှစ်ကုန်၌ တောင်ဆူဒန်နိုင်ငံမှ ရေနံပိုက်လိုင်းဝန်ဆောင်ခအဖြစ် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံအား လက်ခံရရှိလိမ့်မည်ဖြစ်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က မေ ၈ ရက်တွင် ပြောကြားသည်။

၂၀၁၁ ခုနှစ်တွင် တောင်ဆူဒန်ခွဲထွက်သွားခဲ့ချိန်၌ ဆူဒန်နိုင်ငံသည် စားနပ်ရိက္ခာတင်သွင်းရမှုများအတွက် ငွေပေးချေမှုများ ပြုလုပ်ရာတွင်၎င်း၏ အဓိကဝင်ငွေအရင်းအမြစ်ဖြစ်သော အရန်ရေနံအများစုအား ဆုံးရှုံးခဲ့ရသည်။

အိမ်နီးချင်းနှစ်နိုင်ငံအကြား ဆယ်စုနှစ်များစွာကြာဖြစ်ပွားခဲ့သော ပြည်တွင်းစစ်ပွဲ ၂၀၀၅ ခုနှစ်တွင် အဆုံးသတ်ခဲ့သော်လည်း ရေနံနှင့်ပိုင်နက်နယ်မြေဆိုင်ရာ အငြင်းပွားမှုများ ဖြစ်ပွားလျက်ရှိသော နှစ်နိုင်ငံအကြား နယ်စပ်ဧရိယာတွင် ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ရေနံတင်ပို့မှုများအားလုံးကို ဆူဒန်နိုင်ငံမှ ပြီးခဲ့သော ဇန်နဝါရီလတွင် ရပ်ဆိုင်းထားခဲ့သည်။

ရေနံတင်ပို့မှုများအား ပြီးခဲ့သော ဧပြီလတွင် ပြန်လည်စတင်ခဲ့ပြီး လာမည့် ဇွန်လဝန်းကျင်တွင် ဝန်ဆောင်ခပေးချေမှုများ စတင်ပြုလုပ်လိမ့်မည်ဖြစ်ကြောင်း လေ့လာဆန်းစစ်သူများက ပြောကြားသည်။

၂၀၁၃ ခုနှစ်တွင် ဆူဒန်နိုင်ငံသည် တောင်ဆူဒန်နိုင်ငံမှ အမေရိကန်ဒေါ်လာ သန်း ၅၀၀ နီးပါး လက်ခံရရှိလိမ့်မည်ဟု ခန့်မှန်းထားကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၏ ဆူဒန်နိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် ပေါလ်ဂျင်းကင်စ်က ပြောကြားသည်။

တောင်ဆူဒန်နိုင်ငံသည် ဆူဒန်နိုင်ငံမှတစ်ဆင့် ၎င်း၏ ကိုယ်ပိုင် ပိုက်လိုင်းအား သွယ်တန်းဖောက်လုပ်မည့် ၂၀၁၇ ခုနှစ်တွင် နှစ်နိုင်ငံအကြား ရေနံဆိုင်ရာ သဘောတူစာချုပ်များ သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ (ရိုက်တာ)

မလေးရှားရွေးကောက်ပွဲအလွန် ဂယက်

မောင်နွေသစ်

မလေးရှားရွေးကောက်ပွဲကို မကြာမီက ကျင်းပပြီးစီးသွားချိန်မှာတော့ ရွေးကောက်ပွဲဟာ ကောင်းမွန်စွာအဆုံးမသတ်သေးဘဲ လှိုင်းဂယက်တွေထနေတာ တွေ့ရပါတယ်။ အဓိကကတော့ လက်ရှိအာဏာရပါတီ အနိုင်ရသွားမှုအပေါ် အတိုက်အခံတွေက မကျေနပ်တဲ့အတွက်ကြောင့်ဖြစ်ပါတယ်။

ထောင်ပေါင်းများစွာသော မလေးရှားအတိုက်အခံထောက်ခံသူတွေဟာ ရွေးကောက်ပွဲမဲလိမ်မှုရှိတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ချီတက်ဆန္ဒပြခဲ့ကြပါတယ်။ ဒါပေမယ့်လည်း ဒီဆန္ဒပြမှုဟာ တရားမဝင်ဘူးလို့ ကွာလာလမ်ပူရဲတပ်ဖွဲ့ကပြောပါတယ်။ အတိုက်အခံခေါင်းဆောင် အန်ဝါအီဘရာဟင်ကတော့ ဝန်ကြီးချုပ် နာဂျစ်ရာဇတ်ရဲ့ အာဏာရညွန့်ပေါင်းအဖွဲ့ဟာ မဲခိုးပြီး အနိုင်ရသွားတယ်လို့ ဆန္ဒပြမှုတွေကို ဆော်ဩတိုက်တွန်းပြောဆိုလိုက်ပါတယ်။

မစ္စတာ နာဂျစ်ရဲ့ ဘာရီဆန်နေရှင်တယ်ဘီအင်န်(ခေါ်)အမျိုးသားတပ်ဦးညွန့်ပေါင်းအဖွဲ့ဟာ မေ ၅ ရက်က ပါလီမန်အမတ်နေရာ ၂၂၂ နေရာရှိတဲ့အနက် ၁၃၃ နေရာပဲ အနိုင်ရရှိခဲ့ပါတယ်။ ရာစုနှစ်ဝက်ကျော် အာဏာရယူထားတဲ့ လက်ရှိအာဏာရပါတီရဲ့ ပါလီမန်အတွင်း အမတ်နေရာရရှိမှုဟာ အဆိုးရွားဆုံးရလဒ်လို့ ဆိုပါတယ်။ ဝန်ကြီးချုပ် နာဂျစ်ရဲ့ပါတီဟာ အနိုင်ရပေမယ့် ပါလီမန်အတွင်း အမတ်နေရာရရှိမှုဟာ အဆိုးရွားဆုံးရလဒ်ဖြစ်တယ်လို့ ဆိုပါတယ်။ ၂၀၀၈ ခုနှစ်က ပထမဆုံးအကြိမ် ဆုံးရှုံးသွားတဲ့ ပါလီမန် အဓိက အမတ်နေရာသုံးပုံနှစ်ပုံကိုပဲ ပြန်ရရှိဖို့မဖြစ်နိုင်ဘူးလို့ ဆိုပါတယ်။ ဒါကြောင့် အတိုက်အခံပါတီသုံးခုက ဒီရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်ဘဲရှိနေကြပြီး မဲပြန်လည်ရေတွက်ပေးဖို့ တောင်းဆိုနေကြပါတယ်။ ဆန္ဒပြသူ ၄၀၀၀၀ ကျော်က အနက်ရောင် အင်္ကျီများဝတ်ဆင်ထားကြပြီး ရွေးကောက်ပွဲရလဒ်အပေါ် ရှုတ်ချခဲ့ကြပါတယ်။ ဆန္ဒပြသူ အရေအတွက်ဟာ ကေလန်နာဂျားယားဘောလုံးကွင်းမှာ ဆန္ဒပြခဲ့ကြတယ်လို့ဆိုပါတယ်။ ဒီရွေးကောက်ပွဲရလဒ်နဲ့ ပတ်သက်ပြီး အမေရိကန်ကတော့ မေးခွန်းများထုတ်တာတော့ ရှိတယ်လို့ ဆိုပါတယ်။ သို့ပေမယ့်လည်း ဆန္ဒပြမှုဟာ သတ်မှတ်ခွင့်ပြုထားတဲ့နေရာမှာမပြတဲ့အတွက် တရားမဝင်ဘူးလို့ ရဲတပ်ဖွဲ့အကြီးအကဲ အစ္စမေးလ်အိုမာက ပြောကြားပါတယ်။ အစိုးရကတော့ မေ ၅ ရက်က ကျင်းပတဲ့ ရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတမှုရှိတယ်လို့ ဆိုပါတယ်။ ရွေးကောက်ပွဲ မဲလိမ်တဲ့အထောက်အထားပြသင့်တယ်လို့လည်း အစိုးရဘက်ကပြောကြားတယ်။ ဒီရွေးကောက်ပွဲရလဒ်နဲ့ပတ်သက်ပြီး မလေးရှားနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေဟာ ဘယ်ပုံဘယ်နည်း အဆုံးသတ်မယ်ဆိုတာကတော့ နိုင်ငံရေးအကဲခတ်သူတွေက ဆက်လက်စောင့်မျှော်လျက်ရှိပါတယ်။ ။

နေရောင်ခြည်ကပေးသော ကျန်းမာရေးကျေးဇူး

အရေပြားပေါ် နေရောင်ခြည်ထိတွေ့ခြင်းသည် အရေပြားကင်ဆာ အန္တရာယ်ရှိသည်ဆိုသော်လည်း ကျန်းမာရေးအကျိုးအမြတ်ရှိမှု ပိုသာဖွယ်ရှိနေကြောင်း သုတေသနပညာရှင်တစ်စုက ထုတ်ဖော်ပြောကြားသည်။

နေရောင်ခြည်ကြောင့် သွေးပေါင်ချိန်ကျဆင်းစေနိုင်ကြောင်း၊ နှလုံးထိခိုက်မှုနှင့်လေသင်တုန်းဖြတ်ခြင်းများကို ဟန့်တားနိုင်သည့်အပြင် သက်ရှည်ကျန်းမာမှုကို အထောက်အကူဖြစ်စေကြောင်း အီဒင်ဘတ်ချ်တက္ကသိုလ် သုတေသနအဖွဲ့က အကြံပြုသည်။

နေရောင်ခြည်တွင် ပါဝင်သော ခရမ်းလွန်ရောင်ခြည်သည် သွေးဖိအားကျဆင်းစေသော ဒြပ်ပေါင်းတစ်မျိုး ထုတ်လွှတ်ပေးသည်ကို ရှာဖွေတွေ့ရှိသည်ဟု ယင်းသုတေသနအဖွဲ့က ဆိုသည်။

သို့သော်လည်း ယခုကဲ့သို့ကျန်းမာရေးအကျိုးအမြတ်ကို နေရောင်ခြည်မှ ရရှိအောင် နေပူစာလှုံရမည့် အချိန်အတိုင်းအတာမည်မျှ ရှိရမည်ကို သုတေသနများစွာ ပြုလုပ်ရဦးမည်ဖြစ်ကြောင်း ယင်းအဖွဲ့က ဆက်လက်ပြောကြားသည်။

နှလုံးရောဂါနှင့် လေဖြတ်ခြင်းတို့သည် သွေးပေါင်ချိန်မြင့်တက်ခြင်းကြောင့် ဖြစ်ရသည်။ ဗြိတိန်နိုင်ငံတစ်ဝန်းတွင် အရေပြားကင်ဆာကြောင့် သေဆုံးမှုနှုန်းထက် နှလုံးရောဂါနှင့် လေဖြတ်ခြင်းတို့ကြောင့် သေဆုံးသည့်နှုန်းမှာ အဆရှစ်ဆယ်အထိ ပိုများကြောင်း သိရသည်။

သွေးပေါင်ချိန်ကျဆင်းစေသော နိုက်ထရိတ်အောက်ဆိုက် ဒြပ်ပေါင်း ထုတ်လွှတ်ခြင်းသည် ခန္ဓာကိုယ်အတွင်း ဗီတာမင်ဒီ ထုတ်လုပ်မှုကြောင့် ဖြစ်ပေါ်သည်။ နေရောင်ခြည်နှင့်ထိတွေ့ပြီးနောက် ဗီတာမင်ဒီ တိုးပွားမှုဖြစ်စေသဖြင့် ကျန်းမာရေးအကျိုးရှိရခြင်းဖြစ်ကြောင်း ပညာရှင်အဖွဲ့က ရှင်းပြသည်။

နေရောင်ခြည်မှပေးသော လူ့ကျန်းမာရေးတွင် ဗီတာမင်ဒီ ထုတ်လွှတ်မှုအပေါ်တွင် လုံးလုံးဖြစ်တည်ကြောင်း၊ ထို့ကြောင့် နေရောင်အတွင်းရှိ ခရမ်းလွန်ရောင်ခြည်သည် ကျန်းမာရေးကျေးဇူး အထောက်အပံ့ရှိပါသည်ဟု အကြံပြုလိုကြောင်း ယင်းသုတေသနအဖွဲ့က ပြောကြားခဲ့သည်။

→ မောင်သံဆင့်-ရေးသားသည် ←

နိုင်ငံတကာအာကာသစခန်းယာဉ်၌ အမိုးနီးယားသိုလှောင်ကန်ယိုစိမ့်

နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်တွင် အမိုးနီးယားသိုလှောင်ကန်မှ ခါတ်ငွေ့နှင့်ခါတ်ငွေ့ရည်များ စိမ့်ထွက်နေသည်ကို အာကာသယာဉ်မှူးများက တွေ့ရှိခဲ့ကြောင်း မေ ၁၀ ရက်၌ နာဆာမှ သတင်းထုတ်ပြန်သည်။

အာကာသယာဉ်စခန်းမှ အမိုးနီးယားသိုလှောင်ကန် ယိုစိမ့်ထွက်မှုကြောင့် ထွက်ပေါ်လာသော ခါတ်ငွေ့များသည် သက်ရှိသတ္တဝါများကို ထိခိုက်နိုင်မှုမရှိကြောင်း၊ နိုင်ငံတကာအာကာသယာဉ်စခန်းအပြင်ဘက်သို့ အဖြူရောင်တန်းများ ထွက်ပေါ်နေကြောင်း ယင်းသတင်း၌ ဖော်ပြထားသည်။

ဆောင်ရွက်

ယင်းအမိုးနီးယားသိုလှောင်ကန်သည် နိုင်ငံတကာအာကာသယာဉ်စခန်း၏ အင်ဂျင်စနစ်ကို အအေးပေးရာတွင် အသုံးပြုထားခြင်းဖြစ်သည်။ သို့သော် လောလောဆယ်တွင် မည်သို့မျှထိခိုက်မှုမရှိဘဲ နိုင်ငံတကာအာကာသစခန်းယာဉ်မှာ ပုံမှန်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ပြန်လည်ပြင်ဆင်

အမိုးနီးယားခါတ်ငွေ့များ စိမ့်ထွက်မှုကြောင့် နိုင်ငံတကာအာကာသယာဉ်စခန်း၏ အအေးပေးစနစ်ကို ၄၈ နာရီကြာ ပိတ်ထားခဲ့ရပြီးနောက် ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ (ဆင်ဟွာ)

အာကာဟိန်း – ရေးသားသည်

နိုင်ငံတကာသတင်း

မြောက်ကိုရီးယားကို ကုလစုံစမ်းမည်

ကုလသမဂ္ဂက မြောက်ကိုရီးယားသို့ စေလွှတ်ရန် လူ့အခွင့်အရေး စုံစမ်းရေးအဖွဲ့ဝင် သုံးဦးရွေးချယ်လိုက်ပြီဖြစ်သည်။ တရားသူကြီးဟောင်း မိုက်ကယ်ကာဘိုင်သည် အဆိုပါစုံစမ်းစစ်ဆေးရေးအဖွဲ့၏ သဘာပတိအဖြစ် ဆောင်ရွက်မည်ဟု ဆိုသည်။ ၎င်းသည် ကုလသမဂ္ဂအထူးသံတမန် မာဇူကီဒါရုပ်စမန်းနှင့် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူ ဆွန်ဂျာဘစ်ဆာကိုတို့နှင့်အတူ ပူးပေါင်းလုပ်ဆောင်သွားမည်ဟုဆိုသည်။ ယင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် အကျဉ်းစခန်းများ၌ စစ်ဆေး၍ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် စားနပ်ရိက္ခာများ အပြည့်အဝမပေးခြင်းတို့နှင့် စပ်လျဉ်းပြီး စုံစမ်းစစ်ဆေးကာ ၂၀၁၄ ခုနှစ် မတ်လတွင် ကုလသမဂ္ဂသို့ အစီရင်ခံစာတင်သွင်းရမည်ဖြစ်သည်။ ယခင်မြောက်ကိုရီးယားက စုံစမ်းစစ်ဆေးမှုကို ပယ်ချခဲ့သည်။ ယခုမြောက်ကိုရီးယားက စုံစမ်းစစ်ဆေးခွင့်ပြုမည်ဟု ဆိုသည်။

....

အကြမ်းဖက်စစ်ပွဲ ပါကစ္စတန်အဆုံးသတ်မည်

လာမည့်ပါကစ္စတန်ဝန်ကြီးချုပ်သစ်ဖြစ်လာမည်ဟု နာမည်ကြီးနေသော နာဝပ်ရှုရစ်က အမေရိကန်ဦးဆောင်သော အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ပွဲအတွင်းပါဝင်မှုမှ အဆုံးသတ်မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ ပါကစ္စတန်နိုင်ငံသည် ၉/၁၁ တိုက်ခိုက်မှုအပြီး အမေရိကန်ဦးဆောင်သော စစ်သွေးကြွများအား အကြမ်းဖက်တိုက်ဖျက်ရေးစစ်ပွဲအတွင်း ပါဝင်ခဲ့သည်။ ပါကစ္စတန်နိုင်ငံ၌ မေ ၁၁ ရက် ရွေးကောက်ပွဲမတိုင်မီ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိနေခြင်းအပေါ် မစ္စတာရှုရစ်က ပြောကြားခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ပါကစ္စတန်မူဆလင်လိဂ်ပါတီ၏ခေါင်းဆောင်ဖြစ်ပြီး စီးပွားရေးစတားတစ်ဦးဖြစ်ကာ ၁၉၉၀ ပြည့်လွန်နှစ်များက ဝန်ကြီးချုပ်အဖြစ် နှစ်ကြိမ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

....

ဆယ်စုနှစ်ကြာ ပြန်ပေးဆွဲသူအားဖမ်းဆီး

အမျိုး သမီးသုံးဦးအား ဆယ်စုနှစ်အကြာပြန်ပေးဆွဲပြီး မတရားပြုကျင့်မှုဖြင့် အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်ရဲအဖွဲ့က တစ်ဦးကို ကလီဗာ လန်မြို့နေအိမ်၌ ဖမ်းဆီးလိုက်သည်။ အသက် ၅၂ နှစ်ရှိ အာရီရယ်ကက်စထရို့ ပိုင်နေအိမ်မှ ပြန်ပေးဆွဲခံအမျိုးသမီးများဖြစ်သည့် အာမန်ဒါဘာရီ(၂၇ နှစ်)၊ ဂျီနာဒေဂျီးဆပ်(၂၃ နှစ်)နှင့် မစ်ချယ်နိုက်(၃၂ နှစ်)တို့အား မေ ၅ ရက်တွင် ကယ်တင်နိုင်ခဲ့သည်။ ၎င်း၏ အစ်မနှင့်ညီမများဖြစ်ကြသောပက်ထရို (၅၄ နှစ်)နှင့် အိုနေးလ် ၅၀တို့အား ရဲတပ်ဖွဲ့တို့က ဖမ်းဆီးလိုက်သည်။

....

နိုင်ဂျီးရီးယား၌ အကြမ်းဖက်တိုက်ခိုက်

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း၌ ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့၏ တိုက်ခိုက်မှုကြောင့် လူ ၅၅ ဦး သေဆုံးသွားကြောင်း မေ ၇ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။ ဘော်ဒိုပြည်နယ် ဘာမားမြို့၌ ထောင်ဖောက်မှုဖြစ်ပွားခဲ့ရာ အကျဉ်းသား ၁၀၀ကျော် အရဏ်မတက်မီ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း နိုင်ဂျီးရီးယားစစ်တပ်က ပြောသည်။ အဆိုပါ ထောင်ဖောက်ထွက်ပြေးကြသူများသည် ဘာမားမြို့ရှိ ရဲစခန်း၊ စစ်တန်းလျားများနှင့် အစိုးရအဆောက်အအုံများကို မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း စစ်တပ်နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ဘိုကိုဟာရမ်အဖွဲ့ဝင် ၂၀၀ ခန့်သည် ဘတ်စ်ကားများ၊ ပစ်ကပ်ကားများဖြင့် လက်နက်ကြီးများတင်ဆောင်ကာ တိုက်ခိုက်ခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

မြင့်မောင်စိုး – စုစည်းသည်

မွေးသက္ကရာဇ်အမှန်

ဦးရဲထွန်း၏သမီး မေသဥ္ဇာထွန်း ၁၂/အစန(နိုင်) ၂၁၄၆၃၁ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၁-၁၉၈၉ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအေးတင့် CDC-၃၈၅၃၀၏ SSO လက်မှတ် COP-၀၂၇၂၃ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၃၈၃၆၅

ပျောက်ဆုံးခြင်း

ကျွန်တော် Thu Ya Htun ၏ PP အမှတ် M 044804 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဈေးဝယ်မထွက်ခင်ကြိုပြင်ဖို့ 7DAY SHOPPING GUIDE ကိုဖတ်ကြစို့
- လှပဆန်းကြယ် စိန်ပင်လယ်
- သရဖူဆောင်းသည့် Toyota Crown
- Credit Card မပါဘဲ iTunes အကောင့်ပြုလုပ်ခြင်း
- Organic ပစ္စည်းများဖြင့်ထုတ်လုပ်ထားသော အလှကုန်
- စတိုင်ကျကျနှင့် ခပ်လန်းလန်း စတိုင်လ် Boy Fashion
နောက်ဆုံးပေါ်နည်းပညာ၊ ဖုန်း၊ ကား၊လက်ဝတ်ရတနာ၊ ဖက်ရှင်အစုံအလင် 7 Day Shopping Guide
SAVE MONEY 7Day Shopping Guide
အပတ်စဉ် သောကြာနေ့တိုင်းထွက်ပြီ...
ရန်ကုန်နှင့်မန္တလေးအမှာများအတွက် ၊ ဖုန်း- ၀၉-၇၃၀ ၅၃၃၂၀ကြော်ငြာအတွက် ၊ ဖုန်း- ၀၁ ၅၁၃၅၁၅ ~ ၉၊
marketing@7dayshoppingguide.com ကို ဆက်သွယ်နိုင်ပါသည်။

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ/အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများ အတွက်

Basic Spoken English	
Mon to Thurs-7:30-9:30am	13,27 May
Mon to Thurs-3:00-5:00pm	13,27 May
Mon to Thurs-5:00-7:00pm	13,27 May
Sat & Sun -3:45-6:45pm	18 May
Mon to Thurs-10:00-12:00am	20 May
Sat & Sun -9:00-12:00am	25 May
Sat & Sun -12:30-3:30pm	25 May
Mon to Thurs-1:00-3:00pm	27 May
Pre-Intermediate English	
Sat & Sun - 12:00-3:00pm	25 May
Mon to Thurs-7:30-9:30am	27 May
Intermediate English	
Mon to Thurs-1:00-3:00pm	20 May
Grammar Foundation Course	
Sat & Sun - 9:00-12:00am	18 May
Mon to Thurs- 7:30-9:30am	20 May
Basic Writing Course	
Mon to Thurs - 3:00-5:00pm	20 May
Structure & Written Expression	
Mon to Thurs - 10:00-12:00am	13 May
Sat & Sun - 12:30-3:30pm	18 May
Vocabulary Enrichment Course	
Mon toThurs- 3:30-5:00pm	20 May
Sat & Sun - 10:00- 12:00 am	8 Jun

IELTS,IELTS(SPEAKING), SAT,API,AWC,TOEFL
No.190, 2nd Flr:,28thSt:(Upper), Pabedan Tsp. ☎ 243950

သတင်းဆောင်းပါး

နွေစပါးပင်ပျိုများဖြင့် စိမ်းစိုသာယာလှပနေသည့် အဆင့်မြင့်စံပြစက်မှုလယ်မြေ

ရန်ကြီးအောင်

လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် စက်မှုလယ်ယာစနစ်ကို မဖြစ်မနေပြောင်းလဲလုပ်ကိုင်ကြရမည်ဖြစ်သည်။ စက်မှုလယ်ယာကူးပြောင်းရေးအတွက် အခြေခံလိုအပ်ချက်သည် သမားရိုးကျဖြစ်တည်နေသော လယ်ကွက်ငယ်များကို အဆင့်မြင့်လယ်ယာမြေများအဖြစ် ပြောင်းလဲဖော်ထုတ်ခြင်းပင်ဖြစ်သည်။ သို့ဖြစ်ရာ နေပြည်တော်ရှိ ဒက္ခိဏသီရိမြို့နယ်၌ လယ်ယာမြေဧက ၃၀၀၀ ကို စံနမူနာပြအဆင့်မြင့်လယ်ယာမြေများအဖြစ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖော်ထုတ်ပေးခဲ့သည်။ ဖော်ထုတ်ပြီးလယ်ယာမြေများကို မူလပိုင်ရှင်တောင်သူများသို့ ပြန်လည်အပ်နှံခဲ့ပြီးနောက် သီးနှံများစတင်စိုက်ပျိုးခဲ့ရာ ညီညာပြန့်ပြူးနေသော လယ်ယာမြေတစ်ခွင်တွင် နွေစပါးများဖြင့် စိမ်းစိုလှပလျက်ရှိသည်။ ယင်းသို့ စိုက်ပျိုးပြီးစီးသဖြင့် နွေစပါးထွန်တုံးပိတ်ပွဲအခမ်းအနားကိုပင် မေလ ၇ ရက်နေ့ နံနက်ပိုင်းက ကျင်းပခဲ့ပေပြီ။ အဆိုပါအခမ်းအနားတွင် အဆင့်မြင့်လယ်ယာမြေများ ဖော်ထုတ်ရာ၌ တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ကြသည့် တောင်သူနှင့်ကျေးရွာများအား ဆုများထိုက်တန်စွာချီးမြှင့်ခဲ့သည်။ အဆိုပါဆုများ ချီးမြှင့်ပေးမှုအခြေအနေနှင့် ယင်းအဆင့်မြင့်လယ်ယာမြေတွင် သီးနှံများအဆင်ပြေချောမွေ့စွာ စိုက်ပျိုးနိုင်ရန် ပံ့ပိုးပေးနေမှုအခြေအနေများကို သိရှိနိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာများမှတောင်သူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ဦးစိုးလှိုင်
ညွှန်ကြားရေးမှူးချုပ်၊ စက်မှုလယ်ယာဦးစီးဌာန

ဒီအဆင့်မြင့်လယ်ယာမြေမှာ ကျေးရွာအုပ်စု ခုနစ်စု၊ ကျေးရွာ ၁၅ရွာက တောင်သူ ၁၀၄၅ ဦး ပိုင်ဆိုင်တဲ့ လယ်မြေဧက ၃၀၀၀ ကျော် ပါဝင်ပါတယ်။ အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းကို ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်ကစတင်ခဲ့ပြီး ဒေသခံတောင်သူတွေရဲ့ ပူးပေါင်းကူညီဆောင်ရွက်မှုတွေကြောင့် ယခုနှစ်ဖေဖော်ဝါရီ ၁၅ ရက်မှာ ဖော်ထုတ်ပြီးစီးခဲ့ပါတယ်။

ဒီနေ့အခမ်းအနားမှာ စံပြကျေးရွာဆုနဲ့ စံပြတောင်သူဆုတွေကို ချီးမြှင့်ခဲ့ပါတယ်။ ဆုရွေးချယ်တဲ့နေရာမှာ အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ခဲ့ရာမှာ ကျေးရွာလူထုတစ်ရပ်လုံးက ညီညီညွတ်ညွတ်ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတော်ကစေတနာထားဆောင်ရွက်ပေးမှုအပေါ် အပြည့်အဝနားလည်သဘောပေါက်ပြီး အားနည်းချက်တချို့ကို အသိစိတ်ဓာတ်ရှိရှိနဲ့ တတ်နိုင်သရွေ့ကြိုးပမ်းဖြေရှင်းဆောင်ရွက်ခဲ့မှု၊ မိမိကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို လိုလားပြီး ပညာပေးလမ်းညွှန်မှုတွေကို စိတ်အားတက်ကြွစွာနဲ့ပူးပေါင်းလိုက်နာ ဆောင်ရွက်မှု၊ ဖော်ထုတ်ပြီးလယ်မြေတွေမှာ သီးနှံတွေအချိန်မီ ကြိုးပမ်းစိုက်ပျိုးမှု၊ နိုင်ငံတော်က ဘဏ္ဍာငွေအကုန်အကျခံပြီး ဖော်ထုတ်ပေးထားတဲ့ စနစ်ကျလယ်မြေတွေ၊ ကုန်ထုတ်လမ်းတွေနဲ့ ရေမြောင်းတွေကို ရေရှည်အသုံးပြုနိုင်ဖို့ ထိန်းသိမ်းစောင့်ရှောက်ပေးမှုစတဲ့ အခြေခံအချက်တွေအပေါ် မူတည်ပြီး ရွေးချယ်ခဲ့တာဖြစ်ပါတယ်။

စံပြကျေးရွာပထမဆုကို ရန်အောင်မြင်ကျေးရွာကရရှိပြီးဆုအဖြစ် မြင်းကောင်ရေ ၅၀ ရှိတဲ့ Cherry ထွန်စက်ကြီးတစ်စီးနဲ့ လယ်ယာလုပ်ငန်းခွင်သုံးသယ်ပို့ယာဉ်တစ်စီးကို ဂုဏ်ပြုချီးမြှင့်ခဲ့ပါတယ်။ ရန်အောင်မြင်ကျေးရွာအနေနဲ့ အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ရာမှာ လုပ်ငန်းစတင်သည်မှပြီးစီးသည်အထိ ရွာသားတွေအားလုံး စည်းစည်းလုံးလုံးနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ ဖော်ထုတ်ပြီး လယ်ယာမြေတွေကို ပြန်လည်ခွဲဝေရာမှာလည်း ဌာနဆိုင်ရာဝန်ထမ်းတွေနဲ့ ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့မှု၊ ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ ဦးဆောင်မှုနဲ့အညီ ဌာနဆိုင်ရာဝန်ထမ်းတွေရဲ့ လုပ်ငန်းဆောင်ရွက်မှုအပေါ် တက်ညီလက်ညီ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့မှု၊ ဆည်ရေပေးဝေရာမှာ ရေအလေအလွင့်နည်းပါးပြီး အကျိုးရှိရှိအသုံးပြုနိုင်ဖို့ အသိရှိရှိနဲ့ဆောင်ရွက်မှု၊ ရေပေးမြောင်း၊ ရေပေးအဆောက်အအုံတွေကို ကျရာကဏ္ဍကနေ ထိန်းသိမ်းပေးမှု၊ စက်မှုလယ်ယာကူးပြောင်းရေးကို စိတ်အားထက်သန်ပြီး ကျေးရွာကတောင်သူတွေရဲ့ သားသမီးတွေကိုစုစည်းပြီး လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းတဲ့ သင်တန်းကိုစေလွှတ်သင်ကြားစေခဲ့မှုစတဲ့ အချက်တွေကြောင့် စံပြကျေးရွာ ပထမဆုအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။

စံပြကျေးရွာနှစ်သိမ့်ဆုအနေနဲ့ကတော့ ညောင်ကုန်း၊ မှန်တောနဲ့ ရွာမကျေးရွာတို့က ရရှိခဲ့ပါတယ်။ ဒီရွာတွေကို ဂွန်ဒေါင်းလက်တွန်းထွန်စက်တစ်စီးစီ ချီးမြှင့်ခဲ့ပါတယ်။ ဒီရွာတွေဟာ တခြားအချက်အလက်တွေကောင်းမွန်ပေမယ့် ကျေးရွာအုပ်ချုပ်ရေးမှူးရဲ့ ဦးဆောင်မှုနဲ့အတူ ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်လုပ်ဆောင်မှုမှာ ရန်အောင်မြင်ကျေးရွာထက်အားနည်းခဲ့လို့သာ နှစ်သိမ့်ဆုနဲ့ပဲ ကျေနပ်ခဲ့ရခြင်းဖြစ်ပါတယ်။

အဆင့်မြင့် စက်မှုလယ်ယာမြေအတွင်း စပါးပင်ပျိုများဖြင့် စိမ်းလန်းစိုပြည်နေမှုကို တွေ့ရစဉ်။



မှန်တောကျေးရွာက တောင်သူဦးစံအောင်ကိုတော့ စံပြတောင်သူဆုအဖြစ် စီဖန်းလက်တွန်းထွန်စက်တစ်စီး ချီးမြှင့်ခဲ့ပါတယ်။ ဦးစံအောင်ဟာ ဒီဧက ၃၀၀၀ မဖော်ထုတ်မီ ကွင်းဆင်းစည်းရုံးစဉ်ကပင် အဆင့်မြင့်လယ်မြေဖော်ထုတ်မှုကို အလွန်လိုလားပြီးဖော်ထုတ်ပြီး ရရှိလာမယ့်အကျိုးကျေးဇူးတွေကိုလည်း အခြားတောင်သူတွေကို ထပ်ဆင့်ရှင်းလင်းပြောကြားပေးခဲ့ပါတယ်။ ဖော်ထုတ်ရေး လုပ်ငန်းဆောင်ရွက်နေစဉ်မှာလည်း ဌာနဆိုင်ရာဝန်ထမ်းတွေကို နေရာဒေသအခြေအနေတွေရှင်းပြပြီး အကြံဉာဏ်ကောင်းတွေပေးခဲ့ပါတယ်။ အဆင့်မြင့်လယ်မြေဖော်ထုတ်ပြီးနောက် မိမိလယ်ယာပြန်လည်ရရှိတဲ့အခါမှာလည်း ဥစ္စာရှင်လို ဥစ္စာရှင်ခဲဆိုသလို ဝီရိယထားပြီး ကန်သင်းတွေ ကြိုးပမ်းပြုပြင်တာ၊ နွေစပါး စောစောစိုက်နိုင်အောင် လယ်ကွက်တွေမှာ မြေပြင်တာတွေလုပ်ခဲ့ပြီး နိုင်ငံတော်ရဲ့စေတနာနဲ့ တောင်သူတွေကြိုးစားလုပ်ကိုင်ရင် တောင်သူတွေရဲ့ဘဝ မုချဖွံ့ဖြိုးတိုးတက်မယ်ဆိုတာကို ကိုယ်တိုင်လည်း နားလည်၊ အခြားတောင်သူတွေလည်း နားလည်သဘောပေါက်ပြီး လိုက်နာဆောင်ရွက်ဖို့ တိုက်တွန်းခဲ့တာတွေကြောင့် ဒီဆုကို ရရှိခဲ့ခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ဂုဏ်ပြုဆုတွေကို ရာသီအလိုက်ဆက်လက်ချီးမြှင့်ပေးသွားမှာဖြစ်တဲ့အတွက် ကျန်တဲ့ကျေးရွာတွေ၊ တောင်သူတွေအနေနဲ့လည်း ကိုယ့်ရဲ့အားနည်းချက်တွေကိုပြုပြင်ပြီး လာမယ့် နွေစပါးရိတ်သိမ်းပွဲ၊ မိုးစပါးစိုက်ပျိုးပွဲ၊ မိုးစပါးကွင်းပိတ်ပွဲ အသီးသီးမှာ ဂုဏ်ပြုဆုတွေရရှိအောင် ကြိုးပမ်းကြပါလို့ တိုက်တွန်းချင်ပါတယ်။

ဦးဇော်ဝမ်း
ဦးစီးအရာရှိ
နေပြည်တော်ဆည်မြောင်းဦးစီးဌာန

ကျွန်တော်က ဒီဧက ၃၀၀၀မှာရှိတဲ့ တောင်သူတွေ ဆည်ရေရရှိရေးအတွက် တာဝန်ယူဆောင်ရွက်ပေးနေပါတယ်။ ဒီအဆင့်မြင့်လယ်ယာမြေတွေက ရန်အောင်မြင်ဆည် ရေသောက်စနစ်နဲ့ ၄လိုက်ဆည်ရေသောက်စနစ်အတွင်းမှာ ဖော်ထုတ်ထားတာဖြစ်ပါတယ်။ လက်တံမြောင်းတွေကနေ တောင်သူတွေ ရေမပြတ်မလပ်ရရှိအောင် မြောင်းလျှောက်လုပ်သားတွေ၊ ရေထိန်းတံခါးစောင့်တွေ၊ ကျွန်တော်တို့ဆည်မြောင်းဦးစီးဌာနက ဝန်ထမ်းတွေနဲ့ နေ့စဉ်ကြပ်မတ်ဆောင်ရွက်နေပါတယ်။ တောင်သူတွေရေလိုအပ်ချက်ကို မပြတ်ဖြည့်ဆည်းပေးနိုင်ဖို့တောင်သူ မိတ်ဖက်(Farmer Friend) အဖွဲ့တွေကို သူတို့ရွာတွေက ရွာသားတွေနဲ့ ဖွဲ့ပေးထားတာရှိပါတယ်။ ဒီအဖွဲ့တွေကနေ မြောင်းလျှောက်အဖွဲ့နဲ့ ရေကြီးကြပ်ရေးကော်မတီတို့ကတစ်ဆင့် ရေမပြတ်အောင် ဆောင်ရွက်ပေးနေပါတယ်။ ရေကြီးကြပ်ရေးကော်မတီကို ကျွန်တော်တို့ဝန်ထမ်းတွေ၊ မြောင်းလျှောက်လုပ်သားတွေ၊ တောင်သူလယ်သမားတွေနဲ့ဖွဲ့စည်းပေးထားပြီး မြောင်းဖျားမှာရှိတဲ့ တောင်သူကို ကော်မတီရဲ့ မြောင်းခေါင်းအဖြစ်ခန့်ထားပါတယ်။ ယခုလက်ရှိအခြေအနေထိ ရေပေးဝေမှုစနစ် အားလုံးအဆင်ပြေပါတယ်။ တောင်သူတွေကလည်း ကျေနပ်ပါတယ်။ နောင်လည်း ဒီလိုပဲလုပ်ပေးသွားမှာပါ။

ဦးအောင်နိုင်
မြို့နယ်ဦးစီးမှူး
ဒက္ခိဏသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန

ယခုကျင်းပတာက ၂၀၁၂-၂၀၁၃ ရဲ့ နွေစပါးရာသီထွန်တုံးပိတ်ပွဲဖြစ်ပါတယ်။ ဒီအဆင့်မြင့်လယ်ယာမြေမှာ ယခုနွေစပါး ၁၃၁၀ ဧက ထွန်တုံးပိတ်ပြီးပါပြီ ကျန်တဲ့သီးနှံတွေကတော့ မိုးကြိုနှမ်း၊ နွေနှမ်း၊ ပြောင်းနဲ့နေကြာတွေလည်းစိုက်ကြပါတယ်။ သီးနှံစိုက်ပျိုးရာမှာ တောင်သူစိတ်ကြိုက်သီးနှံကို စိုက်လို့ရပါတယ်။ နွေစပါးစိုက်ရာမှာ ပုလဲသွယ်ကိုအစိုက်များကြပါတယ်။ ဧက ၈၀၀ နီးပါးစိုက်ကြပါတယ်။ တခြားမြို့ကတော့ ဒီဒေသမှာ အထွက်ကောင်းမျိုးဖြစ်တဲ့ ရွှေသွယ်ရင်မျိုးကို စိုက်ကြပါတယ်။ ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တောင်သူတွေစိုက်ပျိုးလို့အဆင်ပြေအောင် ကျွန်တော်တို့ဌာနကထုတ်တဲ့မျိုးတွေကို ကွင်းထဲအရောက် တောင်သူတွေ လက်ဝယ်အရောက် အကြွေးစနစ်နဲ့ ဖြန့်ပေးပါတယ်။ နောက်တစ်ခုက အကြွေးစနစ်နဲ့ဝယ်လို့ရအောင် ကုမ္ပဏီတိုက်ရိုက်ဈေးရအောင် အာမိုကုမ္ပဏီနဲ့လည်း ချိတ်ပေးထားပါတယ်။ တောင်သူတွေကလည်း လိုလိုလားလားစိုက်ကြပါတယ်။

ဦးတင်ရှိန်
ရန်အောင်မြင်ကျေးရွာအုပ်စု
ဒက္ခိဏသီရိမြို့နယ်

ကျွန်တော်တို့ ရန်အောင်မြင်ကျေးရွာအနေနဲ့ တစ်ရွာလုံးကအခုလို နိုင်ငံတော်က စီမံဆောင်ရွက်ပေးတာကို ကျွန်တော်တို့က တိတိကျကျ လိုက်နာဆောင်ရွက်ပါတယ်။ ဒါကြောင့်မို့ စံပြကျေးရွာ ပထမဆုကို ရရှိခဲ့တာပါ။ တခြားရွာတွေထက် အားသာချက်က ကျွန်တော်တို့အနေနဲ့ စက်မှုလယ်ယာမြေ ဖော်ထုတ်တဲ့အခါမှာ ချမှတ်ပေးတဲ့ မူအတိုင်း တစ်သဝေမတိမ်း တက်ညီလက်ညီလုပ်ခဲ့တာဖြစ်ပါတယ်။

ဦးစံအောင်
မှန်တောစံပြကျေးရွာ

ဒီစံပြစက်မှုလယ်ယာမြေထဲမှာ ကျွန်တော့်လယ်က ၂၄ဧက ပါဝင်ပါတယ်။ ထူးချွန်ဆုရတာကတော့ ကျွန်တော့်အနေနဲ့ လက်တွေ့ကိုယ်ဖိရင်ဖိ လုပ်ခဲ့လို့ရတာပါ။ ကျွန်တော်က နှစ်တိုင်းလိုလို တောင်သူဆုလည်း ရလေ့ရှိပါတယ်။ အခုလို စက်မှုလယ်ယာမြေ ဖော်ထုတ်ပေးတဲ့အပေါ်မှာ တောင်သူတစ်ယောက်အနေနဲ့ အတော်သဘောကျပါတယ်။ ဝမ်းသာပီတိဖြစ်ရပါတယ်။ လယ်မြေတွေလည်း အဆင့်မြင့်သွားပါတယ်။ လုပ်လို့ကိုင်လို့ စိုက်ပျိုးလို့ပိုကောင်းသွားပါတယ်။ ဒါကြောင့် စက်မှုလယ်ယာဖော်ထုတ်နေတုန်းမှာ ကျွန်တော်က စိတ်ပါလက်ပါ ဝင်လည်းလုပ်ပေးတယ်။ ဘာမဆို အကျိုးလည်းဆောင်ပေးပါတယ်။ ဆုအနေနဲ့ လယ်ထဲမောင်းတဲ့စက်ပေါ့ဗျာ။ လက်တွန်းထွန်စက်ပေါ့။ အဲဒါရပါတယ်။ အဲဒီစက်ကို ကျွန်တော့်လယ် ထွန်ယက်စိုက်ပျိုးတဲ့အခါ အသုံးပြုသွားမှာပါ။

ဦးဖိုးမင်း
မှန်တောကျေးရွာ

ကျွန်တော်တို့ဆုရတဲ့ လက်တွန်းထွန်စက်ကို ရွာမှာဘုံသဘောနဲ့သုံးပါမယ်။ စာရင်းဇယားလေးနဲ့မျှသုံးမှာပေါ့။ ဆုရတော့ တစ်ရွာလုံးက ဝမ်းသာကြတာပေါ့။ နောက်ကျရင် ပထမရအောင်လုပ်မယ်။ အဆင့်မြင့် လယ်ယာဖော်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်ဆိုရင် ကိုယ့်ဘာသာလုပ်ရင် သိန်း ၂၀လောက် ကုန်မှာပါ။ အခု ကျွန်တော့်လယ်ကို ထွန်စက်ငါးစီးနဲ့ နှစ်ရက်တိတိအလကားလာလုပ်ပေးသွားတာ တစ်ပြားမှမကုန်တော့ဘူး။ အခုအဲဒီ ကျွန်တော့်အဆင့်မြင့်လယ် ငါးဧကစလုံးကို ပုလဲသွယ်စိုက်ထားပါတယ်။

ဆုရသည့် လယ်ထွန်စက်နှင့်အတူ ပြုံးပျော်နေကြသည့် ရန်အောင်မြင်ကျေးရွာသားများကို တွေ့ရစဉ်။

ဦးသိန်းထွန်း
ညောင်ကုန်းကျေးရွာ

ဒီအဆင့်မြင့်လယ်မြေမှာ ကျွန်တော့်လယ်က ရှစ်ဧကနဲ့အစိတ် ပါပါတယ်။ တစ်ရွာလုံးအနေနဲ့ အသေးစိတ်တွက်ရရင် ဧက ၉၀၀ လောက်ပါမယ်ထင်ပါတယ်။ ဆုရတဲ့ လယ်ထွန်စက်ကိုသုံးတဲ့အခါ မပြည့်စုံတဲ့ တောင်သူတွေကို ဆီပဲထည့်ခိုင်းပြီး သုံးခွင့်ပေးမှာပါ။ ကျန်တဲ့သူတွေကိုတော့ အငှားလိုက်သလို ငှားပေးမှာပါ။ ဆုရတဲ့အတွက် အားလုံးကကျေနပ်ကြပါတယ်။ နောင်မှာ ပထမဆုရအောင်တော့ ပိုကြိုးစားသွားမှာပါ။

သူရဦးမြင့်မောင်
ပြည်ထောင်စုဝန်ကြီး(အငြိမ်းစား)

ကျွန်တော်ကတော့ တောင်သူတွေကိုလာအားပေးတာပါ။ တောင်သူတွေအနေနဲ့ ဝီရိယထားပြီး ဆန္ဒပြင်းပြင်းပြပြနဲ့ လုပ်ကိုင်ဆောင်ရွက်စေလိုပါတယ်။ မြန်မာနိုင်ငံရဲ့ ရေတွေမြေတွေက အကြမ်းဖျင်းအားဖြင့် ကောင်းပြီးသားပါ။ စပါးအင်မတန်ထွက်တဲ့ ဗီယက်နမ်နိုင်ငံနဲ့ သိပ်မကွာပါဘူး။ အစ္စရေးက အကြံပေးတွေက ဒီရေတွေမြေတွေကိုကြည့်ပြီးတော့ လက်မောင်းကိုပုတ်ပြပါတယ်။ ဘာပြောတာလဲဆိုတော့ မင်းတို့ရေမြေတွေက ကောင်းပြီးသားပဲ၊ မင်းတို့လက်ကြောတင်းဖို့ပဲလိုတယ်လို့ ပြောတာပါတဲ့။ လက်ကြောတင်းမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ရေမြေဟာ ဖြစ်ထွန်းနေပါတယ်ဆိုတဲ့နိုင်ငံတွေကို မမီစရာအကြောင်းမရှိပါဘူး။ လုပ်ရင်းကိုင်ရင်းနဲ့မှားတာလေးတွေကို ပြင်လိုက်မယ်။ ဒီ့ထက်ကောင်းတဲ့ နည်းလမ်းတွေကို စနစ်တကျ ယုံယုံကြည်ကြည်နဲ့လုပ်မယ်ဆိုရင် အောင်မြင်ပါလိမ့်မယ်။

ပြည်တွင်းသတင်း

အင်းလေးကန်ဒေသ ဟိုတယ်ဇုန်တည်ဆောက်ရေးလုပ်ငန်း အောင်မြင်ပြီးစီးရေး မီဒီယာကဏ္ဍမှ မှန်ကန်သောစေတနာဖြင့် အတွေးအမြင်ရှုထောင့်များမှပါဝင်

ညောင်ရွှေ မေ ၁၀

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသ ဟိုတယ်ဇုန်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက အင်းလေးဒေသပြည်သူ မြို့မိမြို့ဖများ၊ သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲကို မေ ၈ ရက်က ကျင်းပခဲ့သည်။

ညောင်ရွှေမြို့နယ် အင်းလေးဒေသရှိ Aureum Palace Resort. Spa(Inle)၌ ကျင်းပသော အဆိုပါရှင်းလင်းပွဲ၌ ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က ဟိုတယ်ဇုန်တည်ဆောက်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီးနောက် တက်ရောက်လာကြသူများနှင့် သတင်းမီဒီယာများက သိရှိလိုသည့် မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားရာတွင် ယနေ့ နိုင်ငံတော်အစိုးရနှင့်အတူ မိမိတို့ ရှမ်းပြည်နယ်အစိုးရကလည်း နိုင်ငံတည်ဆောက်မှုအပိုင်း၏ စတုတ္ထမဏ္ဍိုင်ဖြစ်သော မီဒီယာလောကသားများအားလုံးကို အစဉ်အလေးထားလျက်ရှိပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှုကို ခံယူကာ ဤဒေသအတွင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည်များအား အထောက်အကူပြု ရည်ရွယ်ချက်ဖြစ်သော အင်းလေးကန်ဒေသတွင် ဟိုတယ်ဇုန်တစ်ခုဖြစ်ပေါ်လာနိုင်စေရေး လုပ်ငန်းစီမံကိန်းကို စတင်နိုင်ရန် လုပ်ငန်းစီမံချက်ကို စနစ်တကျ အစီအမံ(Plan)များ ရေးဆွဲချမှတ်ကာ စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ယနေ့ နိုင်ငံတစ်ဝန်းတွင်ရှိသော ပြည်သူများသာမက အင်းလေးဒေသနေ ပြည်သူများအနေဖြင့် ဟိုတယ်ဇုန်နှင့်ပတ်သက်သည့် အမျိုးမျိုးသော သတင်းခံစားရရှိမှုများဖြစ်ပေါ်ခြင်းများ ရှိကောင်းရှိလာနိုင်သောကြောင့် မိမိတို့တာဝန်ရှိသူများအနေဖြင့် ယခုကဲ့သို့ တွေ့ဆုံရှင်းလင်းပွဲကို ပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ ယနေ့ကမ္ဘာနှင့် ရင်ပေါင်တန်းလျက်ရှိသော မီဒီယာများအားလုံးကို မေတ္တာရပ်ခံလိုသည်မှာ မီဒီယာများသည် နိုင်ငံတော်က လက်ရှိကျင့်သုံးလျက်ရှိသော ပြည်သူကိုဗဟိုပြုကာ တိုင်းပြည်အရေးကိစ္စအဝဝတို့တွင် ပြည်သူတို့၏ ဆန္ဒလိုလားချက်များကို ဖြည့်ဆည်းပေးရာတွင် တိကျမှန်ကန်သောသတင်း၊ ပြည်သူများကို ထင်ယောင်ထင်မှားခံစားမှုများမဖြစ်စေဘဲ တိကျသေချာသော သတင်းဖြစ်ရပ်များကိုသာ ဖြည့်ဆည်းရေးသား ဖော်ပြပေးသွားနိုင်အောင် ဝိုင်းဝန်းပါဝင်ကြိုးပမ်းသွားစေလိုပါကြောင်းတို့ဖြင့် ပြန်လည်ဆွေးနွေးခဲ့သည်။

မီဒီယာများအနေဖြင့် အင်းလေးဟိုတယ်ဇုန်တည်ဆောက်ခြင်းလုပ်ငန်းနှင့်ပတ်သက်သည့် သတင်းများသာမက အစိုးရနှင့် ပြည်သူတို့အကြား ပွင့်လင်းမြင်သာမှု ရှိနေစေရေးအတွက် (Media)လောကသားများ၏ ကဏ္ဍသည် အရေးကြီးသောအပိုင်းတွင် ရှိနေကြောင်းဖြင့်လည်း ပြည်နယ်ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားသည်။

ရှမ်းပြည်နယ်ရှိ အင်းလေးကန်ထာဝရလှပစိမ်းလန်းစိုပြည်စွာ တည်ရှိသွားနိုင်စေရေး၊ ကမ္ဘာလှည့်ခရီးသွားများ အင်းလေးကန်သို့ လာရောက်လည်ပတ်ကြရာတွင် မိမိတို့တိုင်းရင်းသားပြည်သူအားလုံးက အပြည့်အဝဝိုင်းဝန်းကူညီပေးသွားကြရေး၊ အင်းလေးကန်ဒေသ ဟိုတယ်ဇုန်တည်ဆောက်ခြင်းလုပ်ငန်းကြီး အောင်မြင်စွာဆောင်ရွက်ပြီးစီးနိုင်ရေးတို့အတွက် မီဒီယာကဏ္ဍမှ မှန်ကန်သောစေတနာ အတွေးအမြင် ရှုထောင့်များမှနေ၍ ပါဝင်ကြစေလိုကြောင်းတို့ဖြင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အဆိုပါတွေ့ဆုံရှင်းလင်းပွဲသို့ တက်ရောက်ခဲ့ကြသည့် ပြည်သူများနှင့် သတင်းမီဒီယာများအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးပြောကြားခဲ့သည်။ **စိုင်းဇော်လတ်**

လေပြင်းဒဏ်သင့်သည့် ကျေးရွာများသို့ အိမ်ဆောက်ပစ္စည်းများ လှူဒါန်း

ကျောက်မဲ မေ ၁၀

မိုးသက်လေပြင်းဒဏ်ကြောင့် မေ ၂ ရက်က ရွာလုံးကျွတ်နီးပါး နေအိမ်များ ပျက်စီးခြင်းခံခဲ့ရသော ကျောက်မဲမြို့နယ် မော်မာကျေးရွာ၊ ထန်းတစ်ပင်ကျေးရွာ၊ ပါခါးကျေးရွာ၊ ခဲတုံကျိုင်းကျေးရွာများသို့ ကျောက်မဲမြို့ One Added အကျိုးဆောင်လူငယ်အဖွဲ့က မေ ၇ ရက်က ငွေကျပ် ၁၂ သိန်းဖိုးရှိ သွပ်အချပ် ၆၇၂ ချပ်ကို လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝ၉ဝ)

အမှန်နေထိုင်ခြင်းမရှိသော ယာယီသန်းခေါင်စာရင်းဖြင့် တန်ဖိုးနည်းဖုန်း လျှောက်ထားမှုများရှိနေသည်ဟုဆို

ရန်ကုန် မေ ၁၀

ငွေကျပ် ၁၅၀ဝ ဖုန်းများ မေလအတွင်း ဒုတိယအကြိမ် ရောင်းချရန်ရှိရာ ဧပြီလအတွင်း ရောင်းချရန် မဲနှိုက်ရာ၌ အချို့သော ပုဂ္ဂိုလ်များသည် အမှန်တကယ်နေထိုင်ခြင်းမရှိသော ယာယီသန်းခေါင်စာရင်းများကို အသုံးပြု၍ လျှောက်ထားမှုများရှိခဲ့ကြောင်း၊ ဖုန်းမဲပေါက်ချိန်တွင် သက်ဆိုင်ရာကယင်း ယာယီသန်းခေါင်စာရင်းပါလိပ်စာအတိုင်း အကြောင်းကြားရာမှ အဖြစ်မှန်ကို အိမ်ခန်းပိုင်ရှင်များက သိရှိသွားပြီး သက်ဆိုင်ရာသို့ တိုင်ကြားမှုများ ရှိလာကြောင်း သိရသည်။

ဖောင်းပွနေ

ရန်ကုန်မြို့ရှိ နေအိမ်တိုက်ခန်းများတွင် နေထိုင်ခြင်းမရှိသော ပုဂ္ဂိုလ်များသည် သန်းခေါင်စာရင်း ပြောင်းရွှေ့ခြင်းမရှိမှုများရှိနေခြင်းကြောင့် တိုက်ခန်းများတွင် သန်းခေါင်စာရင်း တစ်ခုထက်ပို၍နေကြကြောင်း၊ အလားတူ ယာယီသန်းခေါင်စာရင်းများ ထပ်မံပြုလုပ်ခြင်းများလည်းရှိနေကြရာ ဖုန်းမဲပေါက်ချိန်တွင် သန်းခေါင်စာရင်းဖောင်းပွနေသည်ကို သိရှိလာရကြောင်း ရန်ကုန်မြို့တွင်း နေထိုင်သူတစ်ဦးက ပြောကြားသည်။

ငွေကျပ် ၁၅၀ဝ တန် ဖုန်းများ လစဉ် မဲနှိုက်ရောင်းချပေးရာတွင် သန်းခေါင်စာရင်းနှင့် အမှန်တကယ်နေထိုင်ခြင်းရှိမရှိကို စိစစ်ပေးရန်လိုကြောင်း၊ ယခုလစဉ်ရောင်းချပေးသော ဖုန်းအရေအတွက်နှင့် ရပ်ကွက်အတွင်း အချိုးချကြည့်လျှင် တစ်နှစ်အတွင်း အိမ်ထောင်စုတိုင်း ဖုန်းဝယ်ယူခွင့်ရနိုင်သည့် အနေအထားရှိရာ နောက်လများတွင် ပြင်ပပေါက်ဈေးဖြင့် ပြန်လည်ရောင်းချမှု ဈေးကွက်အနေအထား တစ်လထက်တစ်လ နည်းလာမည်ကို သိသာမြင်သာကြောင်း ရပ်ကွက်ပြည်သူများက ဆိုသည်။

ခင်ဆိုင်

တောင်ငူတွင် ဘာသာပေါင်းစုံချစ်ကြည်ရေး ဘာသာရေးခေါင်းဆောင်များ တွေ့ဆုံမည်

တောင်ငူ မေ ၁၀

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ ဗုဒ္ဓဘာသာ၊ ဟိန္ဒူ၊ အစ္စလာမ်၊ ခရစ်ယာန်ဘာသာကြီးလေးခုမှ တာဝန်ရှိသူ ဘာသာရေးခေါင်းဆောင်များ တွေ့ဆုံ၍ ဘာသာပေါင်းစုံချစ်ကြည်ရေး တွေ့ဆုံဆွေးနွေးပွဲကို မေ ၁၅ ရက် နံနက် ၉ နာရီတွင် တောင်ငူမြို့ ကန်လမ်းရှိ ဟုတ်ဝမ်ခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း အခမ်းအနားကျင်းပရေးကော်မတီဝင် ဦးဇော်မင်းဦး (အတွင်းရေးမှူး-အစ္စလာမ်ဘာသာရေးအဖွဲ့)က ပြောကြားသည်။

အဆိုပါ အခမ်းအနားဖြစ်မြောက်ရေးကော်မတီကို ဗုဒ္ဓဘာသာဝင် မြို့မိမြို့ဖများ၊ ဦးမောင်မြ(ဟိန္ဒူဘာသာ)၊ ဆရာ ဦးယောရှု (ခရစ်ယာန်အသင်းတော်များကောင်စီအတွင်းရေးမှူး)၊ ဦးတင်ရွှေ (အစ္စလာမ်လူမှုအကျိုးတော်ဆောင်အဖွဲ့)တို့ဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ကျင်းပ

လက်ရှိ တောင်ငူမြို့တော်သည် ဆရာတော် သံဃာတော်များ၏ ဩဝါဒနှင့်သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ဦးဆောင်မှုများကြောင့် အေးချမ်းသာယာစွာ တည်ရှိနေပြီး ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများကို ပိုမိုခိုင်မာစေရန်အတွက် ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သူရ(တောင်ငူ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

ရန်ကုန် မေ ၁၀

ရွှေဈေး

အကယ်ဒမီအခေါက်ရွှေ	တစ်ကျပ်သား	၇၁၂၀၀၀
၁၅ပဲရည်(အောင်သမာဓိ)	တစ်ကျပ်သား	၆၇၀၀၀၀

(ရွှေလုပ်ငန်းရှင်အသင်း)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး

အမေရိကန်	တစ်ဒေါ်လာ	၉၀၈ ကျပ်
ဥရောပ	တစ်ယူရို	၁၁၈၄ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၃၆ ကျပ်
ထိုင်း	တစ်ဘတ်	၃၀ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆ ကျပ်
တရုတ်	တစ်ယွမ်	၁၃၇ ကျပ်
မလေးရှား	ရင်းဂစ်	၂၇၂ ကျပ်

(သိမ်ဖြူငွေလဲကောင်တာ)

စက်သုံးဆီဈေးနှုန်းများ

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၇၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၈၈၀ ကျပ်

(Max/Newday စက်သုံးဆီအရောင်းဆိုင်)

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း

၁။	ငါးကြင်း	တစ်ပိဿာ	၂၅၀၀ - ၄၀၀၀ ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၀၀၀ - ၃၃၀၀ ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၂၈၀၀ - ၅၀၀၀ ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၄၇၀၀ - ၉၀၀၀ ကျပ်
၅။	ငါးရှဉ့်	တစ်ပိဿာ	၆၀၀၀ -၁၂၀၀၀ ကျပ်
၆။	ပုစွန်(ကျော့)	တစ်ပိဿာ	၅၀၀၀ - ၈၀၀၀ ကျပ်
၇။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀ -၄၅၀၀၀ ကျပ်
၈။	တီလားဗီးယား	တစ်ပိဿာ	၁၅၀၀ - ၂၀၀၀ ကျပ်
၉။	ကြက်	တစ်ပိဿာ	၃၀၀၀ -၁၀၀၀၀ ကျပ်
၁၀။	ဝက်	တစ်ပိဿာ	၃၅၀၀ - ၈၀၀၀ ကျပ်
၁၁။	အမဲ	တစ်ပိဿာ	၃၀၀၀ - ၆၀၀၀ ကျပ်
၁၂။	ဆိတ်	တစ်ပိဿာ	၉၀၀၀ -၁၅၀၀၀ ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နှမ်းဆန်	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
၂။	ပေါ်ကျွဲ	တစ်အိတ်	၂၀၅၀၀-၂၁၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၄၄၀-၁၄၅၀
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၃၈၅-၄၂၅
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၇၅၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၄၅၀
၉။	ဟဲဟိုးအာလူး	တစ်ပိဿာ	၄၈၀-၆၂၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၆၅၀-၁၆၇၅
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၇၀၀
၁၂။	သကြား	တစ်ပိဿာ	၈၅၀-၉၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

မေ ၅ ရက် နံနက်က ကြည့်မြင်တိုင်မြို့နယ် အလတ်ချောင်းရပ်ကွက် အမှတ်(၁၅) အလယ်တန်းကျောင်းခွဲခန်းမ၌ မူခင်းအသိပညာပေးဟောပြောပွဲကျင်းပရာ ကြည့်မြင်တိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးသင်နှင့် စက်ဆန်းစခန်းမှူး ရဲအုပ် ရန်နိုင်စိုးတို့က မှုခင်းဖြစ်စဉ်ဖြစ်ရပ် ပြကွက်များဖြင့် အသိပညာပေးဟောပြောခဲ့စဉ်။ (ဝ၄၂)

ပြည်တွင်းသတင်း

မြန်မာ-ဥရောပသမဂ္ဂ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေး

နေပြည်တော် မေ ၁၀

မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် မြန်မာနိုင်ငံနှင့် အီးယူပူးပေါင်းဆောင်ရွက်မှုများ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဥရောပသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ် Mr. Stavros Lambrinidis တို့သည် ယနေ့ နံနက် ၁၁ နာရီခွဲတွင် အဆိုပါ ဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဥရောပသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် Mr. Stavros Lambrinidis အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် USAID တို့ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် မေ ၁၀

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် ပတ်သက်သည့် ရန်ကုန်မှ မန္တလေးအထိ လမ်းအခြေအနေနှင့် လမ်းပိုင်းတစ်လျှောက် ဆောင်ရွက်သင့်သည်များ လေ့လာတွေ့ရှိမှု၊ USAIDနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့အကြား ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့် အမေရိကန်နိုင်ငံ US Agency for International Development (USAID), Regional Development Mission in Asia, Chief Engineer Mr. Sam Nassif တို့သည် မေ ၉ ရက် နံနက်ပိုင်းတွင် ဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ) (သတင်းစဉ်)**

○ *ကျောဖုံးမှ*

နတ်မတောင် အမျိုးသား ဥယျာဉ်ကို ၂၀၁၂ ခုနှစ် စက်တင်ဘာလမှစ၍ အာဆီယံ၏အမွေအနှစ်ဒေသအဖြစ် တိုးမြှင့်သတ်မှတ်ခဲ့သည့်အတွက် အာဆီယံနိုင်ငံများသာမက ကမ္ဘာ့နိုင်ငံများကပါ နတ်မတောင် အမျိုးသား

ဥယျာဉ်ကို ပိုမိုစိတ်ဝင်စားလာကြပါသည်။ နှစ်စဉ် ပြည်ပခရီးသွားများ လာရောက်ကြခြင်းသည် သဘာဝတော၊ တောင်များအတွင်းရှိ ဇီဝ၊ ရုက္ခမျိုးစုံ၊ မျိုးကွဲများ လေ့လာရန်နှင့် ဒေသခံတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့တို့ကို လေ့လာကြခြင်းပင် ဖြစ်သည်။ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ခရီးသွားလာမှုစာရင်းအရ ဖေဖော်ဝါရီလအထိ လစဉ်ခရီးသွားဧည့်သည် ရာကျော် ဝင်ရောက်လျက်ရှိနေပါသည်။

ဇီဝမျိုးစုံမျိုးကွဲများထဲမှ ရှားပါးမျိုးစိတ်ဖြစ်သော မျက်ခုံးမွေးဖြူငှက်ပြာခြောက် (Sitta victoriae) သည် ကမ္ဘာပေါ်တွင် မည်သည့်ဒေသမှမရှိဘဲ မြန်မာနိုင်ငံ နတ်မတောင်ရှိ အမျိုးသားဥယျာဉ်၌သာ တွေ့မြင်ရသော ဒေသကြီးမျိုးစိတ်အဖြစ် ရှိနေပါသည်။ နိုင်ငံတကာမှ ငှက်ဝါသနာရှင်များအတွက် ဆွဲဆောင်မှုပေးနိုင်ဆုံး ငှက်မျိုးစိတ်လည်းဖြစ်သည်။ လွန်ခဲ့သော ၁၀ နှစ်ကျော်က ရှားပါးတိရစ္ဆာန်ဖြစ်သော ကျား၊ ကျားသစ်၊ အင်းကျား၊ သစ်ကြောင်များ တွေ့မြင်ရပြီး တောဆိတ်၊ တောင်ဆိတ်၊ မျောက်လွဲကျော်ဖြူ စသည့်ရှားပါးမျိုးစိတ်များ ကျန်ရှိနေပါသည်။ လာရောက်လေ့လာသော ပြည်ပခရီးသွားများသည် ဇီဝနှင့်ပတ်သက်လျှင် ငှက်ကို အထူးစိတ်ဝင်စားကြပြီး တောရိုင်း တိရစ္ဆာန်များကိုလည်း လမ်းခရီးတစ်လျှောက်၌ မှတ်တမ်းတင်မှုကို နှစ်သက်ကြသည်။

ရုက္ခဗေဒနှင့်ပတ်သက်၍ ဤဒေသကို အပင်မျိုးစိတ်ကြွယ်ဝသော အမျိုးသားဥယျာဉ်အဖြစ် သုတေသနပညာရှင်များက သုံးသပ်ထားကြသည်။ အပင်မျိုးစိတ်တစ်ခုဖြစ်သော တောင်ဇလပ်ဖြူ အဝါသည်ဒေသကြီးမျိုးစိတ်တစ်ခုအဖြစ် တည်ရှိနေပြီး ကျန်ထူးခြားသော မျိုးစိတ်များကို ဂျပန်နိုင်ငံ MBK ရုက္ခဗေဒဥယျာဉ်မှ ကွင်းဆင်းလေ့လာလျက်ရှိရာ အဖိုးတန်ဆေးဖက်ဝင်အပင်များကို တွေ့ရှိနေရဆဲဖြစ်သည်။ မြန်မာ့ဂျင်ဆင်းဆိုလျှင် ကိုရီးယားဂျင်ဆင်းကဲ့သို့ အဆင့် (၄)တွင် တည်ရှိနေသောမျိုးစိတ်များ ဤဒေသ၌ တွေ့ရှိနေရပြီဖြစ်ကာ လေ့လာမှုမှတ်တမ်းအရ အပင်မျိုးစိတ်ပေါင်း ထောင်ကျော်စာရင်းကောက်ယူ မှတ်တမ်းတင်ထားပြီး မျိုးစိတ်ပေါင်း ၂၅၀၀ ကျော် ဤဒေသ၌ ကျန်ရှိနေသည်ဟု ခန့်မှန်းထားကြသည်။ ဤဒေသတွင် ဆေးဖက်ဝင်သစ်ခွ ခုနစ်မျိုးရှိပြီး ဒင်ဒရိုဘီယန်တစ်မျိုးတည်းကိုပင် မျိုးစိတ်ပေါင်း ၁၀ မျိုးကျော်ရှိသည်။ ဆေးဖက်ဝင်သစ်ခွများအား ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ အားဆေးအဖြစ် အများဆုံးဝယ်ယူလျက်ရှိပါသည်။ ချင်းသစ်ခွအနီသည် ရှားပါးသော ဒေသမျိုးစိတ်ဖြစ်ပြီး Orchid Tour များ စိတ်ဝင်စားမှုအများဆုံး သစ်ခွအဖြစ် ထင်ရှားပါသည်။ တစ်နှစ်ပတ်လုံး သစ်ခွပွင့်သောဒေသဖြစ်ပြီး မေလနှင့် ဇွန်လတွင် အပွင့်ချင်းဆိုင်၍ အလှချင်းပြိုင်လျက်ရှိသောကြောင့် တောတောင်တစ်ခွင်သည် သစ်ခွပန်းတို့ဖြင့် လှပနေတတ်ပါသည်။

သစ်ခွ ရေရှည်ထိန်းသိမ်းခြင်းနှင့် မျိုးပွားစိုက်ပျိုးနည်းတို့ကို ဒေသခံများအတွက် စီးပွားရေး အခွင့်အလမ်းများအဖြစ်ရရှိနိုင်ရန် အမျိုးသားဥယျာဉ်ရုံးဝင်းအတွင်းရှိ သစ်ခွဥယျာဉ်မှ Learning Center အဖြစ် ဆောင်ရွက်ပေးလျက်ရှိသည်။

နတ်မတောင် အမျိုးသား ဥယျာဉ်သည် အာဆီယံ၏ အမွေအနှစ် ဒေသကြီးဖြစ်သောကြောင့် အိမ်ရှင်နိုင်ငံသာမက အာဆီယံနိုင်ငံများကပါ ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းရန်လိုအပ်ကြောင်း၊ ဤအမျိုးသားဥယျာဉ်သည် လူသားအားလုံးနှင့် ရည်ရွယ်သက်ဆိုင်သည့်အတွက် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်ရမည်ဖြစ်ပြီး တော၊ တောင်များကြား၌ အမြင့်ဆုံးတောင် ဖြစ်သောကြောင့် 'တောင်ကျွန်း' ဟု သတ်မှတ်ထားသဖြင့် အပင်မျိုးစိတ် ကြွယ်ဝမှုနှင့် သဘာဝသစ်တောများ အစဉ်စိမ်းလန်းနေသည့်အတွက် သဘာဝသစ်တောကို မထိခိုက်စေရန် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ကြရန် ပြည်ပခရီးသွားများကလည်း တိုက်တွန်းအားပေးလေ့ရှိကြောင်း သိရသည်။

ကန်ပက်လက်မြို့နယ်အတွင်းရှိ စံပြရွာလေးရွာကို ဇီဝဥယျာဉ်စိုက်ပျိုးသောရွာအဖြစ် သတ်မှတ်ရွေးချယ်၍ ကော်ဖီ၊ လက်ဖက်၊ ဝဥ၊ ထောပတ်စသည့် မျိုးစေ့များကို ဌာနမှ ပံ့ပိုးပေးလျက်ရှိရာ တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ရန် သုံးနှစ်စီမံကိန်းအဖြစ် ပညာပေး ဆောင်ရွက်လျက်ရှိသည်။ စံပြလေးရွာအား မျိုးစေ့များဖြန့်ဝေပေးခြင်း၊ စိုက်ပျိုးမှုနည်းစနစ်များကို ပညာပေး ဆောင်ရွက်ပေးခြင်းနှင့် ဝန်ထမ်းတစ်ဦးစီ အနီးကပ်ကြီးကြပ်ပေးခြင်းတို့ဖြင့် နတ်မတောင်အမျိုးသားဥယျာဉ် ရေရှည်တည်တံ့စေရန် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နတ်မတောင် အမျိုးသား ဥယျာဉ် သဘာဝထိန်းသိမ်းရေးနယ်မြေ၌ သဘာဝအနေအထားများ ထိခိုက်မှုမရှိသေးသည့်တောင်ပေါ် ဂေဟစနစ်များနှင့် သဘာဝရှုခင်းများသည် သဘာဝကို အခြေခံသော ခရီးသွား လုပ်ငန်းဆိုင်ရာအတွက် ဆွဲဆောင်မှုတစ်ခုအဖြစ်ရှိနေပါသည်။ အမျိုးသားဥယျာဉ်သို့ လာရောက်လေ့လာကြသော ပြည်ပခရီးသွားများသည် တောရိုင်းတိရစ္ဆာန်များကို ကြည့်ရှုလေ့လာချင်သူများ ပါဝင်သောကြောင့် ခြံလှောင်ဥယျာဉ်စနစ်ဖြင့် မွေးမြူပြသနိုင်ပါက နိုင်ငံခြားဝင်ငွေ ထပ်မံတိုးပွားလာမည်ဖြစ်သည်။

မိုးထိတောင်အနီးရှိ ဘုံတလာ ရေတံခွန်သည် နွေရာသီ၌ အပန်းဖြေသူတို့ဖြင့် စည်ကားတတ်ပြီး ချင်းပုတ်သင်ညို၊ မြေကပ်ပန်းနှင့် ပိုတင်တီလာမျိုးစိတ်တို့သည် ကမ္ဘာလှည့်ခရီးသွားများနှင့် ဇီဝ၊ ရုက္ခပညာရှင်များကို ဖိတ်ခေါ်လျက်ရှိသည်။ တောင်ပေါ် အမြဲစိမ်းသစ်တော၊ တောင်ပေါ် ထင်းရှူးတော၊ တောင်ပေါ်မြက်ခင်းတောနှင့် ဝက်သစ်ချမျိုးနွယ်များ၊ သစ်အယ်မျိုးများ၊ မိုင်းဘော၊ တောင်ဇလပ်၊ မျောက်ငို၊ သစ်ကြမ်းပိုး၊ ကရဝေး၊ ဘုံမဲဇာ၊ သဖန်း၊ ကတွတ်၊ ကျောက်ထင်းရှူး၊ ချယ်ရီ၊ တောင်ပိန္နဲ၊ ထောက်ကြံ့စသည့် အမြဲစိမ်းသစ်တော၌ ပေါက်ရောက်သော အပင်များအပြင် ဆေးဖက်ဝင်သစ်ခွနှင့် ဂမုန်းမျိုးစေ့များ ပေါက်ရောက်လျက်ရှိသည်။ အမြင့်ပေ ၇၀၀၀ တွင် ပေါက်သော နတ်ဆေးဂမုန်းသည်လည်း ဂမုန်းမျိုးစိတ်များထဲတွင် နာမည်ကြီးသော ဂမုန်းမျိုးစိတ်တစ်မျိုးဖြစ်သည်။ အမျိုးသားဥယျာဉ်အတွင်း နို့တိုက်သတ္တဝါမျိုးစိတ်မှ လိပ်ပြာမျိုးစိတ်အထိ မျိုးစိတ်ပေါင်း ၅၅၂ မျိုးကို ကွင်းဆင်းလေ့လာ မှတ်တမ်းတင်ထားပြီး နတ်မတောင် (ဝိတိုရိယ) သည် မြစ်သာမြစ်၊ လယ်မျိုမြစ်၊ မုန်းချောင်း၊ မောချောင်း၊ ယောချောင်းတို့၏ အဓိကရေဝေကြောဒေသကြီးဖြစ်သည့်အပြင် အရှေ့တောင်အာရှ၌ မြေသားဖုံးလွှမ်းလျက်ရှိသော အမြင့်ဆုံးတောင်အဖြစ် ထူးခြားစွာတည်ရှိနေပါသည်။

နတ်မတောင် အမျိုးသား ဥယျာဉ်(ဝိတိုရိယ)သည် သဘာဝနယ်မြေ ၂၁ ခုတွင် တစ်ခုအပါအဝင်ဖြစ်၍ သဘာဝကိုအခြေခံသော ခရီးသွားဒေသ (Eco-tourism Site)အဖြစ် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် အနာဂတ်ကာလ၌ ဒေသအတွင်း ဝင်ငွေတိုးအခွင့်အလမ်းများ ရရှိလာနိုင်မည့်အပြင် နိုင်ငံတော်အတွက် နှစ်စဉ် တစ်ဖက်တစ်လမ်းမှ နိုင်ငံခြားဝင်ငွေရရှိနေမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေး ဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် မေ ၁၀

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏(၂၃) ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေးဂုဏ်ပြုညစာစားပွဲနှင့် ဆုချီးမြှင့်ပွဲကို မေ ၉ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ အဆိုပါအသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က အသင်း၏ သက်တမ်း ၂၃ နှစ်တာကာလအတွင်း စီမံခန့်ခွဲမှုဆိုင်ရာ (Admin Support)နှင့် ပညာရပ်ပိုင်းဆိုင်ရာ(Technical Assistance) တို့ကို ပံ့ပိုးကူညီပေးသည့် ကျန်းမာရေးဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာန ပေါင်းစုံမှ တာဝန်ရှိသူများ၊ ရည်မှန်းချက်တူညီကြသည့် ပြည်တွင်း/ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးစိတ်ဓာတ်ထက်သန်သည့် စေတနာရှင်အလှူရှင်များ၊ ကျေးလက်ဒေသရောက်သည်အထိ ပြည်သူလူထု အကျိုးသယ်ပိုးနေသည့် စေတနာ့ဝန်ထမ်း အသင်းဝင်များအားလုံးကို ကျေးဇူးတင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် ပါဝင်ကူညီဆောင်ရွက်ပေးကြသူများအား အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး ၂၀၁၂ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်လှုပ်ရှားမှုထူးချွန်ဆုရရှိကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအား လည်းကောင်း၊ အထူးဂုဏ်ပြုဆုရရှိကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအား လည်းကောင်း၊ သုတေသနစာတမ်းဆုရရှိကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအား လည်းကောင်း ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဖေသက်ခင်နှင့်ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

◆ ရှေ့ဖုံးမှ

အချိန်မရွေး ကူးလူးသွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကို အကျိုးကျေးဇူးကြီးမားစွာ အထောက်အကူပြုနိုင်သည်ဖြစ်ရာ အာဆီယံလမ်းများ ဖောက်လုပ်မှုနှင့်ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဦးခင်မောင်ကျော်(အင်ဂျင်နီယာချုပ်-လမ်း) နှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ။ မြန်မာနိုင်ငံအတွင်းမှာ အာဆီယံလမ်းကြီးတွေ စတင်ဖောက်လုပ်ဖို့ စီစဉ်ဆောင်ရွက်ခဲ့တာနဲ့ပတ်သက်ပြီး ရှင်းပြပေးပါဦး။

ဖြေ။ ။ မြန်မာနိုင်ငံဟာ ၁၉၉၇ ခုနှစ် ဇူလိုင် ၂၃ ရက်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ဝင် အခြားနိုင်ငံတွေနဲ့ ဆက်သွယ်ပြီး ကုန်သွယ်ရေး၊ ကူးလူးဆက်ဆံသွားလာရေးနဲ့ စီးပွားရေးလုပ်ငန်းတွေလုပ်ကိုင်နိုင်ဖို့နဲ့ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အာဆီယံလမ်းတွေကို ဖောက်လုပ်ခဲ့ခြင်း ဖြစ်ပါတယ်။

မေး။ ။ ဒီလိုအာဆီယံလမ်းတွေဖောက်လုပ်တဲ့အခါ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဘယ်လိုအနေအထားမျိုး တာဝန်ယူဆောင်ရွက်တယ်ဆိုတာလည်း သိရှိလိုပါတယ်။

ဖြေ။ ။ မြန်မာနိုင်ငံ အာဆီယံသယ်ယူပို့ဆောင်ရေးအဖွဲ့ရဲ့ လုပ်ငန်းတာဝန်တွေကို ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဦးစီးဌာနက Focal Point အဖြစ်တာဝန်ခံဆောင်ရွက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက Land Transport ကဏ္ဍအောက်မှာရှိတဲ့ ASEAN Highway အပိုင်းကို လုပ်ငန်းအဖွဲ့ငယ်အဖြစ် တာဝန်ယူဆောင်ရွက်နေတာ ဖြစ်ပါတယ်။

မေး။ ။ မြန်မာနိုင်ငံအတွင်းမှာ အာဆီယံအဝေးပြေးလမ်းမကြီးတွေအဖြစ် သတ်မှတ်ထားတဲ့ လမ်းကြောင်းတွေကို ရှင်းပြပေးပါဦး။

ဖြေ။ ။ အားလုံးလမ်းကြောင်း ခုနစ်လမ်းရှိပါတယ်။ အဲဒါတွေကတော့ အာဆီယံလမ်းမ-၁(AH-1) ဖြစ်တဲ့ မြဝတီမှ တမူးမြို့အထိ လမ်း၊ အာဆီယံလမ်းမ-၂ (AH-2) ဖြစ်တဲ့ တာချီလိတ်မှ မိတ္ထီလာအထိ ယင်းမှ တမူးအထိလမ်း၊ အာဆီယံလမ်းမ-၃ (AH-3) ဖြစ်တဲ့ ကျိုင်းတုံ-မိုင်းလားလမ်း၊ အာဆီယံလမ်းမ-၄ (AH-14) ဖြစ်တဲ့ လမ်းကတော့ အာဆီယံလမ်းမ အမှတ်-၁ပေါ်ရှိ မန္တလေးမှမူဆယ်အထိလမ်း၊ အာဆီယံ လမ်းမ-၁၁၁ (AH-111) ဖြစ်တဲ့ လွိုင်လင်မှ သီပေါလမ်း၊ အာဆီယံ လမ်းမ -၁၁၂ (AH-112) ဖြစ်တဲ့ သထုံမှ ကော့သောင်းအထိလမ်းနဲ့ အာဆီယံလမ်းမ-၁၂၃ (AH-123) ဖြစ်တဲ့ ထားဝယ်မြို့မှ မြန်မာ-ထိုင်းနယ်စပ်ရှိ မင်းသမီးတောင်ကြားနေရာအထိ လမ်းတွေပဲဖြစ်ပါတယ်။

မေး။ ။ အာဆီယံလမ်းမ-၁ (AH-1) ဖောက်လုပ်ထားမှုအခြေအနေကိုလည်း ပြောပြပေးပါဦး။

ဖြေ။ ။ အာဆီယံလမ်းမ-၁-(AH-1) ကတော့ ထိုင်း-မြန်မာနယ်စပ်၊ မြဝတီ

"ထိုင်း-မြန်မာ၊ အိန္ဒိယနိုင်ငံတွေကို ဆက်သွယ်ပေးထားတဲ့လမ်း ဖြစ်ပါတယ်"

ဦးခင်မောင်ကျော်
အင်ဂျင်နီယာချုပ်
(လမ်း)

မြို့မှ မြန်မာ-အိန္ဒိယနယ်စပ်ဖြစ်တဲ့ တမူးမြို့အထိ ခရီးအကွာအဝေး ၁၆၆၅ ကီလိုမီတာရှည်တဲ့လမ်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ အာဆီယံလမ်းမတွေကို ၁၉၈၉ ခုနှစ်ကတည်းက စတင်တည်ဆောက်ဖို့ ဆောင်ရွက်ခဲ့တာပါ။ အာဆီယံ လမ်းမ-၁-ကို အပိုင်းတွေခွဲပြီး ဆောင်ရွက်တဲ့အခါ မြဝတီမှ သယ်န်းညီနောင်၊ ကော့ကရိတ်မှ အိန္ဒူမြို့လမ်းဆုံ၊ အိန္ဒူမြို့လမ်းဆုံမှ ဘားအံမြို့၊ ဘားအံမှ ဘုရားကြီး၊ ဘုရားကြီးမှ ပဲခူး၊ ပဲခူးမှ ရန်ကုန်၊ ဘုရားကြီးမှ တောင်ငူ- မိတ္ထီလာ-မန္တလေး၊ မန္တလေးမှ ချောင်းဦး-မုံရွာ၊ ချောင်းဦးမှ ရေစကြို၊ ပုလဲ-ဂန့်ဂေါ-ကလေး၊ ကလေး-ကျည်ကုန်း-တမူးစတဲ့ လမ်းပိုင်းလိုက် တိုင်းရင်းသားပိုင်ကုမ္ပဏီတွေကို BOT စနစ်နဲ့ ဆောင်ရွက်စေခဲ့တာဖြစ်ပါတယ်။

မေး။ ။ အဲဒီလမ်းပိုင်းတွေအားလုံး ပြီးစီးသွားပြီလား၊ ဘယ်လမ်းက အစိတ်အပိုင်းတွေ ဆောင်ရွက်နေဆဲဆိုတာလည်း သိရှိလိုပါတယ်။

ဖြေ။ ။ ကော့ကရိတ်-အိန္ဒူလမ်းပိုင်းက နည်းနည်းကျန်သေးတယ်။ ဒီလမ်းပိုင်းက ၇၄ ကီလိုမီတာကျော်ကို အဆင့်မြှင့်တင်ဖို့ ကျန်နေပါတယ်။ လက်ရှိ ၁၂ ပေအကျယ်လမ်းပဲရှိတာမို့ နှစ်လမ်းသွား ၂၄ ပေ အကျယ်ဖြစ်အောင် တိုးချဲ့ဖို့လိုအပ်နေသေးတယ်။ အိန္ဒူမြို့က ဘားအံနဲ့ကော့ကရိတ် အကြားရှိတဲ့မြို့ပါ။ အဲဒီလမ်းပိုင်းကို အဆင့်မြှင့်တင်ဖို့အတွက် အာရှဖွံ့ဖြိုးရေးဘဏ်အကူအညီနဲ့ ဆောင်ရွက်ဖို့ သဘောတူလက်မှတ်ရေးထိုးပြီးပါပြီ။ နောက်ပြီး မြဝတီမှ သယ်န်းညီနောင်အထိ ၁၈ ကီလိုလမ်းပိုင်းကိုလည်း ထိုင်းနိုင်ငံအကူအညီနဲ့ လမ်းအဆင့်မြှင့်တင်နေမှုပြုလုပ်နေပါတယ်။ သယ်န်းညီနောင်မှ ကော့ကရိတ်အထိ လမ်းပိုင်းကိုလည်း ထိုင်းနိုင်ငံအကူအညီနဲ့ လမ်းအူကြောင်းအသစ်ဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ပုလဲ-ဂန့်ဂေါ-ကလေး လမ်းပိုင်းကြားမှာ အကျယ် ၁၂ ပေလမ်းပဲ ရှိနေသေးလို့ ၂၄ပေ အကျယ်နှစ်လမ်းသွားအဖြစ် အဆင့်မြှင့်တင်မှုတွေ ပြုလုပ်နေပါတယ်။ အဲဒီအပိုင်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်နေတာပါ။ ကျန်တဲ့လမ်းအပိုင်းတွေက ပြီးစီးနေပြီဖြစ်ပါတယ်။

မေး။ ။ အာဆီယံလမ်းမ-၁ ဟာ ဘယ်နိုင်ငံတွေကို ဆက်စပ်သွားလာနိုင်မလဲဆိုတာလည်း သိလိုပါတယ်။

ဖြေ။ ။ ဒီလမ်းက ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံတွေကို မော်တော်ယာဉ်နဲ့သွားလာလို့ရသလို ပတ်ဝန်းကျင်ဆက်စပ်နိုင်ငံတွေကိုလည်း ချိတ်ဆက်သွားလာနိုင်တာမို့ ကုန်သွယ်မှုနဲ့ ဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမယ့်လမ်းဖြစ်ပါတယ်"ဟု ဖြေကြားသွားသည်။ **(မြန်မာ့အလင်း)**

မေ ၁၀ ရက်က ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် တောင်လေးလုံးကျေးရွာ၌ ဧပြီလအတွင်းက မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နတ်စင်တောင်တန်းဒေသရှမ်းပြည်နယ် သာသနနုဂ္ဂဟအသင်း၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်သော ယဉ်ကျေးလိမ္မာ(ယဉ်ကျေးမှုကျင့်ဝတ်ဘာသာရပ်) ဆရာဖြစ်မွမ်းမံသင်တန်းတွင် သင်တန်းမှူး ဆရာမ သဒ္ဓမ္မဇောတိကဓဇ ဒေါ်ခင်သန္တာဦး (လူမှုထူးချွန်) သင်ကြားပို့ချစဉ်။ (မြန်မာ့အလင်း)

သင့်အသက် သင်ကိုယ်တိုင် ကာကွယ်ရုံမှတစ်ပါး အခြားမရှိ

**ရေး/ရိုက်
ဥမ္မာသန့်၊ ရီရီမြင့်**

နိုင်ငံတစ်ဝန်း စည်းကမ်းမဲ့ ဆိုင်ကယ်စီးသူများကြောင့် နေ့စဉ်နီးပါး ဆိုင်ကယ်မတော်တဆမှုများ ဖြစ်ပေါ်ပြီး အသက်အန္တရာယ်ဆုံးရှုံးမှုများ၊ ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လျက်ရှိသည်ကို ကြားသိနေရသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ဆိုင်ကယ် မတော်တဆမှုများမဖြစ်စေရန်၊ မဆင်မခြင်မောင်းနှင်မှုကြောင့် အသက်ဆုံးရှုံးမှုများ၊ ထိခိုက်ဒဏ်ရာရရှိမှုများ မဖြစ်စေရန်တို့အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့အတွက် ဆိုင်ကယ်စီးနင်းသူများ သိရှိလိုက်နာရမည့် စည်းကမ်းများနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး လင်းထွဋ်အား မြန်မာ့သတင်းစဉ် သတင်းအဖွဲ့ သွားရောက်မေးမြန်းခဲ့ပါသည်။

မေး။ ။ ရန်ကုန်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တရားဝင်ဆိုင်ကယ်စီးနင်းခွင့်ရှိသူနဲ့ တရားဝင်စီးနင်းခွင့်မရှိသူတွေကို အရေးယူဆောင်ရွက်နေမှုနဲ့ ပတ်သက်ပြီး ရှင်းလင်းပြောကြားပေးစေလိုပါတယ်။

ဖြေ။ ။ ရန်ကုန်မြို့တွင်း ၃၁ မြို့နယ်၊ အမှန်တော့ ရန်ကုန်စည်ပင်သာယာနယ်နိမိတ် ၃၃ မြို့နယ်မှာ ဒလနဲ့ ဆိပ်ကြီးခနောင်တိုမြို့နယ်တွေပါပါတယ်။ ရန်ကုန်မြစ်ရဲ့ ဒီဘက်ခြမ်းကိုပဲ ကြည့်မယ်ဆိုရင် ၃၁ မြို့နယ်မှာ သာမန်အားဖြင့် တာဝန်မှအပ တရားဝင်ဆိုင်ကယ်စီးနင်းခွင့် လုံးဝပေးမထားပါဘူး။ ဆိုင်ကယ်စီးနင်းခွင့်ပေးထားတာ တာဝန်ပေးထားတဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ လျှပ်စစ်ဝန်ထမ်းများနဲ့ စည်ပင်သာယာဝန်ထမ်းတွေသာ ကန့်သတ်အရေအတွက်၊ သတ်မှတ်စည်းကမ်းတွေနဲ့ စီးနင်းခွင့်ပေးထားတာ ဖြစ်ပါတယ်။ အဲဒီလိုခွင့်ပြုရာမှာလည်း စီးနင်းတဲ့ဝန်ထမ်းတွေက ယူနီဖောင်းအပြည့်အစုံ ဝတ်ဆင်ရပါမယ်။ ဆိုင်ကယ်စီး ဦးထုပ်ဆောင်းရပါမယ်။ တစ်ယောက်တည်းပဲ စီးရပါမယ်။ သက်ဆိုင်ရာဝန်ထမ်းဖြစ်ကြောင်း သက်သေခံဝန်ထမ်းကတ်၊ ရုံးတံဆိပ်များပါရှိရပါမယ်။ ဆိုင်ကယ်ကလည်း သက်ဆိုင်ရာဌာနက ထုတ်ပေးတဲ့ ဆိုင်ကယ်ဖြစ်ပြီး ဌာနဆိုင်ရာ တံဆိပ်ပါရပါမယ်။

အဲဒီလိုမှမဟုတ်ရင် အထက်က ကျွန်တော်ပြောခဲ့တဲ့ သတ်မှတ်ညွှန်ကြားချက်တွေနဲ့ မညီတာကိုတွေ့ရင် ကျွန်တော်တို့ ဖမ်းပါတယ်။ ဖမ်းမိလို့ရှိရင် ဒဏ်ငွေကျပ် ၅၁၅၀၀ ဒဏ်ရိုက်ပါတယ်။ လိုင်စင်မဲ့ ဆိုင်ကယ်ဆိုရင် လိုင်စင်မရှိတဲ့အတွက် သွင်းကုန်၊ ထုတ်ကုန်ဥပဒေ အရေးကြီးသွင်းကုန်ဥပဒေပုဒ်မ(၈)အရ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

မေး။ ။ ဆိုင်ကယ်စီးနင်းမှုမပေးဘဲ ဘာလို့မြို့ထဲကို ဆိုင်ကယ်တွေ ရောက်လာသလဲဆိုတာ သိချင်ပါတယ်။

ဖြေ။ ။ outskirts area မြို့စွန်တွေမှာ ဆိုင်ကယ်စီးနင်းမှုတွေ ရှိနေပါတယ်။ ဥပမာပြောရရင် မင်္ဂလာဒုံ၊ တောင်ဒဂုံ၊ မြောက်ဒဂုံ အစွန်အဖျားတွေမှာ ဆိုင်ကယ်စီးနင်းမှုတွေများတဲ့ သဘောသဘာဝကို တွေ့ရပါတယ်။ ဒါပေမယ့် အဲဒီနေရာတွေကလည်း စည်ပင်သာယာနယ်နိမိတ်အတွင်း ပါတဲ့အတွက် ဆိုင်ကယ်စီးနင်းခွင့်ပေးမထားပါဘူး။ အဲဒီနေရာတွေကနေ မြို့ထဲကိုဆိုင်ကယ်တွေ ကျွံတက်လာတာဖြစ်ပါတယ်။ ဒီလိုကျွံပြီး ဝင်လာတဲ့ ဆိုင်ကယ်တွေကို ကျွန်တော်တို့ ကြပ်ကြပ်မတ်မတ် ဖမ်းနေပါတယ်။ မစီးရဘူးလို့ သတ်မှတ်ထားတဲ့အတွက် စီးနင်းနေတဲ့ ပြည်သူတွေအနေနဲ့ကလည်း အတိအကျလိုက်နာဖို့ လိုပါတယ်။

မေး။ ။ ဆိုင်ကယ်ကို ရန်ကုန်မြို့ထဲမှာ ဘာကြောင့် မစီးခိုင်းတာလဲဆိုတဲ့ အကြောင်းပြချက်ကို ပြောပြပေးနိုင်မလားရှင့်။

ဖြေ။ ။ ရည်ရွယ်ချက်ကတော့ Accident ဖြစ်မှာ စိုးလို့ပါ။ ဘာကြောင့်လဲဆိုရင် ယာဉ်ကြောတွေရှုပ်၊ ကားတွေကလည်းကျပ်၊ လမ်းတွေကလည်း ကျဉ်းမြောင်းပြီး လမ်းသားမကောင်းတာတွေရှိနေတော့ မတော်တဆမှုတွေ ရှိလာနိုင်ပါတယ်။ ယာဉ်တိုက်မှုတွေမှာ ဆိုင်ကယ်နဲ့ဖြစ်တဲ့ အမှုဖြစ်စဉ်တွေ မကြာခဏဖြစ်ကြပါတယ်။ လှိုင်သာယာတို့၊ ရွှေပြည်သာတို့ဘက်မှာ ဖြစ်လေ့ရှိတဲ့ ဆိုင်ကယ်ဖြစ်စဉ်မှာ ဆိုင်ကယ်မှာ Over Weight တွေတင်ခြင်း၊ ဆိုင်ကယ်မစီးရတဲ့နယ်မြေမှာစီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်း၊ သတ်မှတ်ထားတဲ့ ညွှန်ကြားချက်အတိုင်း မလိုက်နာခြင်းစတဲ့ အားနည်းချက်တွေကို အဓိက တွေ့ရပါတယ်။

ဥပမာ-ဆိုင်ကယ်မစီးရဘူး ဆိုတာကို စီးတယ်။ ပြီးတော့ သုံးလေးယောက်စီးတယ်။ အဲဒါတွေက ဆိုင်ကယ်စီးနင်းသူတွေ ကျူးလွန်နေတဲ့ ပြစ်ချက်တွေပေါ့။ တစ်ယောက်တည်းဆိုရင် ကွေ့ရပြုရတာ လွယ်တယ်။ သုံးလေးယောက်စီးတော့ Over Weight ဖြစ်သွားတယ်။ အနည်းဆုံး နှစ်ယောက်စီးတယ်။ ပစ္စည်းပစ္စယတွေလည်း တင်တယ်၊ ခုနကပြောသလို ကားလမ်းတွေ၊ ကားကျပ်တည်းတဲ့ နေရာတွေမှာ မောင်းတော့ အန္တရာယ်ဖြစ်တာပေါ့၊ ဟိုနေ့က သစ္စာလမ်းမှာ ဆိုင်ကယ်ကို သုံးယောက်စီးပြီး ကားနဲ့ဝင်တိုက်တဲ့ ဖြစ်စဉ်ဖြစ်ခဲ့တယ်။ နေ့ပိုင်းမှာ ဖမ်းဆီးတဲ့အဖွဲ့တွေရှိတော့ ညဘက်ပိုင်း၊ ညနက်ပိုင်းတွေမှာ စီးကြတယ်၊ ရပ်ကွက်တွေအတွင်းမှာ ခိုးစီးတာတွေရှိတယ်။ ဖမ်းဆီးတဲ့အခါ ယာဉ်ထိန်းရဲတပ်ဖွဲ့တစ်ခုတည်းက ဆောင်ရွက်လို့မရပါဘူး၊ ဒါကြောင့် အုပ်ချုပ်ရေးအဖွဲ့တွေ၊ နယ်မြေရဲအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ယာဉ်ထိန်းရဲမှာ လူအင်အားနည်းတယ်၊ ဒါကြောင့် ကျန်တဲ့အဖွဲ့တွေနဲ့ ပူးပေါင်းပြီးလုပ်နေပါတယ်။ အခက်အခဲများစွာရှိပါတယ်။

ဖမ်းဆီးရေး အဖွဲ့မှာလည်း သက်ဆိုင်ရာ အဖွဲ့အစည်းတွေက စနစ်တကျ အဖွဲ့လိုက်ပါဝင်ပြီး ဆောင်ရွက်နေပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ကြပ်ကြပ်မတ်မတ်ဖမ်းဆီးဖို့ ညွှန်ကြားကြပ်မတ်နေပါတယ်။ ဆိုင်ကယ်ဖမ်းဆီးမှုနဲ့ ပတ်သက်ပြီး လိုင်စင်ထုတ်ပေးတဲ့ ကညနတို့၊ အကောက်ခွန်တို့က စပြီးတော့ အုပ်ချုပ်ရေးအဖွဲ့အစည်း၊ ပြီးတော့မှ အဲဒီအဖွဲ့အစည်းတွေပေါ်မှာ လုံခြုံရေးယူပေးနိုင်မယ့် အဖွဲ့အစည်းမျိုးတွေ ပါဝင်ဖို့လိုပါတယ်။ ဒါမှ ကျွန်တော်တို့ ဒီလိုဖမ်းဆီးရေးကို ရန်ပြုတဲ့အခါမှာ လုံခြုံမှုပေးနိုင်မှာ ဖြစ်ပါတယ်။ အဲဒီလို စနစ်တကျဖွဲ့စည်းပြီး ဆောင်ရွက်နေပါတယ်။

မေး။ ။ ဆိုင်ကယ်တွေ ဘယ်က ထွက်လာတာလဲ။ တရားမဝင်ပိုင်ဆိုင်မှုတွေကို အိမ်တိုင်ရာရောက် ဖမ်းဆီးအရေးယူခြင်း ရှိ မရှိ သိလိုပါတယ်။

ဆိုင်ကယ်တွေဘယ်က ထွက်လာသလဲဆိုတော့ ရပ်ကွက်တွေအတွင်းက ထွက်လာတာများပါတယ်။ ရပ်ကွက်အတွင်းဝင်ရောက်ပြီး ဆိုင်ကယ်တွေကို စနစ်တကျဖွဲ့စည်းထားတဲ့အဖွဲ့နဲ့ ရှာဖွေဖမ်းဆီးသွားရမှာ ဖြစ်ပါတယ်။ ဖမ်းဆီးပြီဆိုရင် တရားမဝင် ဝယ်ယူထားတဲ့လူတွေ နစ်နာပါမယ်။ မဖမ်းလို့ရှိရင်လည်း စည်းကမ်းမဲ့စီးကြတဲ့အတွက် Acci-dent တွေ ဖြစ်လာနိုင်ပါတယ်။ ဆိုင်ကယ်ကို လုပ်ငန်းလိုအပ်ချက်အရ Portable ဖြစ်တာကြောင့် စီးကြတယ်။ ဆိုင်ကယ်မှာ ဆီတစ်ပုလင်း၊ နှစ်ပုလင်းထည့်ထားရင် တစ်မြို့လုံးပတ်လို့ရတယ်။ အဲဒါကြောင့် လူတွေစီးနင်းကြတယ်။ အဲဒီအချက်တွေက ဆိုင်ကယ်စီးဖြစ်တဲ့အကြောင်းတွေထဲမှာ ပါပါတယ်။

သတ်မှတ်နယ်မြေထဲ ဆိုင်ကယ်မစီးဖို့အတွက် သတ်မှတ်နယ်မြေထဲမှာ ဆိုင်ကယ်မရှိအောင် ဘယ်လိုလုပ်ရမလဲ၊ ရှိနေရင်တော့ စီးမှာပဲ၊ ဘယ်သူမှ ဆိုင်ကယ်ဝယ်ပြီး အလှကြည့်နေမှာမဟုတ်ဘူး၊ ဝယ်ပြီးရင်တော့ သူ့ကိုတန်အောင် ခိုင်းမှာပဲ၊ ဒီလိုမျိုးရှိတယ်၊ မရှိအောင်လုပ်မှ မစီးမှာ၊ ဒါ ကျွန်တော့်အမြင်ပေါ့၊ သတ်မှတ်နယ်မြေအတွင်း ဆိုင်ကယ်မစီးအောင်ကတော့ တာဝန်ရှိသူတွေရော ပြည်သူတွေပါ ပူးပေါင်းလုပ်ဆောင်ရမယ့်ကိစ္စပဲဖြစ်ပါတယ်။ စီးနင်းကြတဲ့သူတွေကလည်း ယာဉ်ထိန်းရဲ အင်အားချထားမှုနည်းတဲ့ ညအချိန်မှာ ထွက်စီးကြတယ်၊ ထွက်စီးတဲ့အခါ မီးမှောင်နေတယ်။ လမ်းမီးတွေရဲ့ အလင်းရောင်က သိပ်အားနည်းပါတယ်။ ရန်ကုန်မြို့မှာ အလင်းရောင်ကောင်းတဲ့နေရာ

ရန် ကုန် တိုင်း ဒေသကြီး ယာဉ် ထိန်းရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ခွဲမှူး ဒုတိယ ရဲမှူးကြီး လင်းထွဋ်။

တွေရှိသလို မှောင်နေတဲ့နေရာလည်း ရှိပါတယ်။ အဲဒီအချိန်မှာ ကားတွေကလည်း အရှိန်နဲ့မောင်းတယ်၊ ဆိုင်ကယ်စီးတဲ့သူတွေကလည်း သတ်မှတ်ထားတဲ့ စည်းကမ်းမလိုက်နာဘဲစီးတယ်၊ ညပိုင်းဆိုင်ကယ်စီးသူများကိုကြည့်လိုက်ရင် အရက်သေစာသောက်ထားသူများတယ်။ အရက်သေစာသောက်ထားရုံမက ဆိုင်ကယ်ဦးထုပ်ဆောင်းရမှာလည်း ဝန်လေးတယ်။ ဆိုင်ကယ်စီးဦးထုပ်ဆောင်းထားရင် Cover လေးတော့ဖြစ်သေးတယ်။ တချို့က ဦးထုပ်ဆောင်းထားရင် ဘယ်လိုဖြစ်မှန်းမသိဘူးဆိုပြီး မဆောင်းကြဘူး၊ ပြီးတော့ Over Weight တင်တယ်။ ဆိုင်ကယ်ကလည်း ညဘက်လူရှင်းတဲ့ အချိန်ဆိုပြီး မောင်းချင်သလို မောင်းတယ်၊ အဲဒီအချိန်မှာ အရှိန်ပြင်းပြင်းနဲ့မောင်းလာတဲ့ကားနဲ့တွေ့တော့ အဲဒီအခါမှာ Accident ဖြစ်ကုန်တယ်။

အဲဒီလိုအမှုတွေမှာ ကျွန်တော်တို့ စစ်ဆေးမေးမြန်းလိုက်တိုင်း အဲဒီလိုချည်း ပဲဖြစ်တာများတယ်။ ကားတွေရဲ့ မဆင်မခြင်မောင်းနှင်မှု၊ ဆိုင်ကယ်များရဲ့ ရမ်းကားမှု ဒီနှစ်ခုသွားပေါင်းတော့ ပိုဆိုးတာပေါ့။ ဆိုင်ကယ်တွေကလည်း ရအောင်သွားတယ်၊ လမ်းက ကျဉ်းကျဉ်းလေး၊ ကားသွားလို့ မရတဲ့လမ်း၊ ဆိုင်ကယ်က သွားလို့ရအောင် သွားတယ်၊ ရအောင်ဖြတ်ထွက်တယ်။ ဘာပဲပြောပြော အရှိန်မထိန်းနိုင်တော့ ကားရော ဆိုင်ကယ်ရော အန္တရာယ်ဖြစ်သွားတယ်။ မဆင်မခြင်မောင်းနှင်တဲ့အတွက်ကြောင့် Accident ဖြစ်လာတယ်။ ကျွန်တော်တို့ ယာဉ်ထိန်းတပ်ဖွဲ့ကလည်း ကြပ်ကြပ်မတ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့ကြားထဲက ဖမ်းဆီးရမိတာတွေလည်း အများကြီးပဲ။ များများဖမ်းရင် စည်းကမ်းလိုက်နာမယ့်အစား မလိုက်နာဘဲ စီးတဲ့သူတွေရှိနေတုန်းပဲ၊ ဆိုင်ကယ်တန်ဖိုးက မများတော့ ဝယ်ဖို့မခက်တာလည်းပါတယ်။ ဆိုင်ကယ်အမျိုးအစားညံ့ရင် Accident ဖြစ်ဖို့များတယ်၊ Accident ဖြစ်တဲ့ ဆိုင်ကယ်တွေကြည့်ရင် ဈေးပေါတဲ့ ဆိုင်ကယ်တွေဖြစ်တာများတယ်၊ ဆိုင်ကယ်ဈေးပေါတော့ တော်ရုံနဲ့ ကိုယ့်ပစ္စည်းကို မခင်တွယ်ဘူး၊ မခင်တွယ်တော့ ပစ္စည်းတင်မကဘူး၊ လူပါအသက်ဆုံးရှုံးရတာပေါ့။ နောက်ပြီး ဆိုင်ကယ်စီးနင်းသူတွေအပြင် ဆိုင်ကယ်ကယ်ရီမောင်းသူတွေပါ တွေ့နေရတော့ ဒီထက်ပိုမဆိုးခင်မှာ ကျွန်တော်ပြောခဲ့တဲ့ အဖွဲ့တွေနဲ့ ဖမ်းဆီးခြင်း၊ အရေးယူခြင်းများကို ကြပ်ကြပ်မတ်မတ် လုပ်ဆောင်ရမှာဖြစ်ပါတယ်။

ပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစွာဖြင့် ခရီးသွားလာနိုင်ရေး၊ မိမိ၏အသက်အန္တရာယ်ကို သတိရှိရှိ ကာကွယ်နိုင်ရေးနှင့် မိမိနှင့်အတူ မိသားစုဝင်များကပါ ဆိုင်ကယ်မစီးရဟု သတ်မှတ်ထားသည့် ဧရိယာအတွင်း ဆိုင်ကယ်မစီးနင်းခြင်းဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီက ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းချက်များကို လိုက်နာစေလိုကြောင်း စေတနာကောင်းဖြင့် မေးမြန်းတင်ပြလိုက်ရပါသည်။

ပြည်တွင်းသတင်း

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းစည်းဝေး
ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဦးစားပေးဆောင်ရွက်

နေပြည်တော် မေ ၁၀

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၈ ရက် မွန်းလွဲပိုင်းက စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရုံးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ၂၀၁၃ ခုနှစ် မတ် ၁၃ ရက်က ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းကော်မတီ(၇)ခုကို ထပ်မံဖွဲ့စည်း၍ လုပ်ငန်း တာဝန်များ ချမှတ်ပေးခဲ့ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် အစည်းအဝေးများ ပြုလုပ်၍ လုပ်ငန်းလမ်းညွှန်မှုများ ပြုခဲ့ပါကြောင်း၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီးနောက် ဗဟိုကော်မတီဝင်များ ရခိုင်ပြည်နယ်သို့ သွားရောက်၍ လုပ်ငန်းကော်မတီများ၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ကွင်းဆင်းကြည့်ရှု ပေါင်းစပ်ညှိနှိုင်းပြီး အစီအမံများ ရေးဆွဲတင်ပြနိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် လက်ရှိအခြေအနေများအရ ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို ဦးစားပေးရွေးချယ်၍ အမြန်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းပေးရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ မိမိမတိုင်မီ ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများလည်း ကွင်းဆင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသတွင်း ပြန်လည်နေရာချထားရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ဆောင်နိုင်ရေးနှင့် နိုင်ငံသားစိစစ်ရေး လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ အရေးကြီးသည်မှာ မိုးမကျမီ ဒုက္ခသည်များအားလုံး လုံခြုံသည့် အမိုးအကာအောက် ရောက်ရှိရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေးကို ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း၊ ကျန်လုပ်ငန်းကော်မတီများကလည်း မိမိတို့ လုပ်ငန်းတာဝန်အရ ဆောင်ရွက်ရမည့် လုပ်ငန်းများကို အစီအမံများ ပြုလုပ်၍ လုပ်ငန်းကော်မတီအလိုက်၊ မိမိဝန်ကြီးဌာနအလိုက် ဆောင်ရွက်နိုင်သည်များကို တင်ပြဆောင်ရွက်သွားပြီး မဆောင်ရွက်နိုင်သည်များကို ဗဟိုကော်မတီသို့ စိစစ်တင်ပြသွားရန်ဖြစ်ကြောင်း၊ ယခုကိစ္စသည် နိုင်ငံတော်အပိုင်း၊ ပြည်နယ်အစိုးရအပိုင်းသာမက သက်ဆိုင်ရာဝန်ကြီးဌာနအားလုံးနှင့် ဒေသခံပြည်သူလူထုကပါ တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်မှသာ လုပ်ငန်းများ အချိန်မီ ပြီးစီးအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ချက်များကို တင်ပြသွားရန် ပြောကြားသည်။

ထို့နောက် ဒေသတွင်း ယာယီနေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ရှင်းလင်းဆွေးနွေးပြီး ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများ ကွင်းဆင်းစီမံဆောင်ရွက်ခဲ့မှု၊ ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီး ဦးသိန်းအောင်က လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ပြချက်များအပေါ် ဆောင်ရွက်ပေးရန် လိုအပ်ချက်နှင့် ကုန်ကျမည့်ဘဏ္ဍာရေးအခြေအနေ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းက လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်နေမှု၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးလှဟန်က စစ်တွေ၊ မြေပုံနှင့် ပေါက်တောမြို့နယ်အတွင်း မိုးမကျမီ (၈)ခန်းတွဲ တန်းလျားကြီးများ တည်ဆောက်ပြီးစီးမှု၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းကော်မတီအနေဖြင့် ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းစီမံချက်နှင့် လုပ်ငန်းဆောင်ရွက်ချက်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန်နှင့် စစ်တွေ၊ ပေါက်တော၊ မြေပုံမြို့နယ်များအပြင် မောင်တော၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ ရသေ့တောင်မြို့နယ်များရှိ ဒုက္ခသည်များ မိုးမကျမီ အမိုးအကာအောက် ရောက်ရှိရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများတွင်လည်း အချိန်နှင့်တစ်ပြေးညီ စီမံဆောင်ရွက်ပေးသွားရန် မှာကြားခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် စစ်တွေမြို့ရှိ မှန်စီ၊ ဘောဒူဖ၊ အုန်းတောကြီးကျေးရွာများ၌ ဆောက်လုပ်လျက်ရှိသော (၈)ခန်းတွဲ တဲတန်းလျားများ ဆောက်လုပ်ပြီးစီးမှုနှင့် **(အပေါ်ပုံ)** ထပ်မံဆောက်လုပ်နေသော တဲတန်းလျားများကိုလည်းကောင်း၊ စစ်တွေမြို့ စက်မှုနှင့် ရေလုပ်ငန်းရပ်ကွက်၌ လုံးချင်းအိမ်ရာများ ဆောက်လုပ်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဋိပက္ခများမဖြစ်ပွားရေး ပူးပေါင်းဆောင်ရွက်ကြရန်ဆွေးနွေး

ရန်ကုန် မေ ၁၀

ရခိုင်၊ မိတ္ထီလာနှင့် ဥက္ကံမြို့များ၌ ဖြစ်ပွားခဲ့သော ပဋိပက္ခမျိုး ထပ်မံမဖြစ်ပွားရေး ပူးပေါင်းဆောင်ရွက်ကြရန် ညှိနှိုင်းအစည်းအဝေးကို သာသနာရေးဝန်ကြီးဌာန ရန်ကုန်ရုံးခွဲတွင် မေ ၈ ရက် နံနက်ပိုင်းကကျင်းပရာ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအဖွဲ့ဝင်၊ ဘက်စုံမဟာဗျူဟာရေးဆွဲရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွဲ့အစည်းနှစ်ရပ်အတွင်း ပဋိပက္ခများ ထပ်မံမဖြစ်ပွားရေး လက်တွေ့ကျသော နည်းလမ်းများနှင့် ဖြေရှင်းရန်၊ အနာဂတ်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်သော လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်ရေး လုပ်ဆောင်ကြရန် နိုင်ငံတော်သမ္မတကြီးက မိန့်ကြားခဲ့ကြောင်း၊ သို့ဖြစ်၍ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့သည် အဖွဲ့အစည်းနှစ်ရပ်အကြား အရေးပါသည့်နေရာမှ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပြောကြားသည်။

ဗုဒ္ဓဘာသာအဖွဲ့ဝင်များ ကိုယ်စား ဦးစိန်ဝင်းအောင်က ပဋိပက္ခတားဆီးရေး၊ လူအုပ်စုဖွဲ့ ရမ်းကားမှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူရေး၊ သတင်းမှားထုတ်ပြန်မှုမရှိရေးတို့ကို ဆွေးနွေးပြီး အစ္စလာမ်ဘာသာဝင်များကိုယ်စား သံအမတ်ကြီးဦးလှမောင်၊ ဦးညွန့်မောင်ရှိန်၊ ဦးသန်းလွင်၊ ဦးလှဝင်းတို့က နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးနေသည့် အချိန်အခါဖြစ်ကြောင်း၊ လူတစ်ဦးချင်း၏ စိတ်ဓာတ်၊ မာန်မာန၊ ဒေါသထိန်းသိမ်းရေး၊ ပဋိပက္ခချုပ်ငြိမ်းရေး ဆောင်ရွက်သင့်သည့် အခြေအနေများကို ဆွေးနွေးသည်။

ခရစ်ယာန်ဘာသာဝင်များ ကိုယ်စား သိက္ခာရဆရာတော် ဦးစောရွှေလင်းက Interfaith Dialogue ပြုလုပ်ရေး၊ အစွန်းရောက်စိတ်ဓာတ်များ လျှော့ချရေးဆွေးနွေးပြီး ဟိန္ဒူဘာသာဝင်များကိုယ်စား ဦးရွှေက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ဒေါက်တာ ကျော်ရင်လှိုင်နှင့် တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခင်ဦးမြို့နယ် ရှင်မင်းဘွေကျေးရွာ ကိုယ့်အားကိုယ်ကိုး လယ်ရေလွှဲဆည်တည်ဆောက်

ခင်ဦး မေ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ခင်ဦးမြို့နယ် ရှင်မင်းဘွေကျေးရွာ ပေါက်ပင်လွဲချောင်း အရှည်ပေ ၂၁၅၀၀၊ အကျယ် ၁၈ ပေ၊ အနက် ၁၅ ပေကို စက်ယန္တရားကြီးများဖြင့်တူးဖော်၍ ကုန်ထုတ်လမ်းနှင့် လယ်ရေသောက် ဧက ၁၂၀၀ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ကျေးလက်ကိုယ့်အားကိုယ်ကိုး ရေလွှဲဆည် ၁၂ ခု တည်ဆောက်ရန်လျာထား၍ ဆည်တစ်ခုလျှင် ခန့်မှန်းကုန်ကျငွေကျပ် ၁၅ သိန်းနှင့် ဆည်ငါးခုကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းကျော်သူ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းနိုင်နှင့် တောင်သူလယ်သမားများဆောင်ရွက်နေမှုကို အမှတ်(၂)မဲဆန္ဒနယ်မြေ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးငြိမ်းနှင့်အဖွဲ့က မေ ၇ ရက်တွင် ကွင်းဆင်းသွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ (ဝ၃၇)

မြန်ပြည်တစ်လွှား မီးမပွားရေး တားဆီးပေး

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ ရုံးသုံးနှင့် လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

	ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁)	Nikon Lens AF-SDX 18-200 mm F 3.5,5.6 GED VR II Lens	2 Nos
(၂)	Nikon Flash SB-700 Speed Light	2 Nos
(၃)	Switch 24-ports	2 Nos
(၄)	Switch 24-ports	4 Nos
(၅)	Nikon Digital Camera D 7000 Megapixels 16.2 (only body)with SD memory card,UV filter+Supplied accessories, camera bag	2 Nos
(၆)	Sony Digital Camera (16 Megapixels) with SD memory card,UV Filter+Supplied accessories,camera bag	60 Nos
(၇)	Sony & 65 Camera Sony Lens 16-105 mm Memory Card 4GB Speed 30 MB	30 Nos
(၈)	Sanyo Air Conditioner 2 HP (Spilt Type)	3 Nos
(၉)	Sanyo Air Conditioner 2 HP (Split Type)	4 Nos
(၁၀)	Personal Computer Processor Core i7 2nd,Motherboard-ASUS,Memory 4GB, Hard disk-1 TB,Graphic card 4G,Casing G Viewh,Power supply 650 Watts,Monitor-19 LCD,DVD Writer(Liton), Speaker A4 Tech,keyboard-A4 Tech (USB), Mouse A4 Tech (Optical USB),UPS-Power Tree 650VA	54 Nos
(၁၁)	Laser Printer(A4)	29 Nos
(၁၂)	Digital Multifunction copier(A3)(Size)Konica Bizhub-211	6 Nos
(၁၃)	Laser Color Printer (A4)	4 Nos
(၁၄)	Fax Machine	27 Nos
(၁၅)	UPS (650 VA)	9 Nos
(၁၆)	Laptop,Dell Inspiron 542014r7,Hard disk 1 TB, Memory 6 GB,Graphic 2 GB	12 Nos
(၁၇)	Document Scanner DT-3010C(Autolated Feeder)600 dpi, Duplex 30ppm,50 sheets	2 Nos
(၁၈)	Personal Computer Processor Core i7 2nd,Motherboard-ASUS,Memory 4GB Hard disk-1 TB,Graphic card 4 G, Casing G Viewh,Power supply 550 Watts,Monitor-19 LCD,DVD writer(Liton), Speaker A4 Tech, Keyboard-A4 Tech (USB),Mouse A4 Tech (Optical USB),UPS-Power Tree 650VA	20 Nos
(၁၉)	Digital Multifunction copier(A3)(Size)Konica Bizhub-211	4 Nos
(၂၀)	Document Scanner DT-3010C (Autolated Feeder) 600 dpi, Duplex 30ppm,50 sheets	5 Nos
(၂၁)	Laser Color Printer(A4)	5 Nos
(၂၂)	Dell Web Server Dell Power Edge R.620 Rack Chassis for 8 HDDS Intel Xenun Processor 2.0 GHz 15 MB Cache,8 GB RAM x2.3x 1 TB,DVD R/W	2 Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၀-၅-၂၀၁၃ ရက်မှ ၉-၆-၂၀၁၃ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၀-၆-၂၀၁၃ ရက် နံနက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများ ထုတ်ယူရန်လိပ်စာ-
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆

တင်ဒါတင်သွင်းရန်လိပ်စာ-
ပြည်တွင်း/ပြည်ပ ပစ္စည်းများ၊ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေး ကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၂၃၂၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃-တိုးချဲ့၊ မြေကွက်အမှတ် ၁၄၄၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ ပေ(၄၀×၆၀)ပါမစ်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၄၄၊ ဇမ္ဗူရစ်ရွှေစင်လမ်း၊ ၃၃ရပ်ကွက်ဟုခေါ်တွင်သည့် နေအိမ်နှင့် မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ အမည်ပေါက်ပိုင်ရှင် ဦးအောင်ဇော်ထူးထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဦးမြသန်းထံမှ ဒေါ်နော်ကဲမှူးက အပြီးအပိုင် ဝယ်ယူရန် ၁-၅-၂၀၁၃ ရက်တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။

အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နော်ကဲမှူး ၃/မဝတ(နိုင်)၀၂၅၉၉၄
အမှတ် ၄၊ အောင်မြေရွှေဘုံရပ်ကွက်၊ မြဝတီမြို့

ကုမ္ပဏီများပြုပြင်ဆောင်ရွက်နေသည့် BOT လမ်းပိုင်းများ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး စစ်ဆေးကြည့်ရှု

မန္တလေး မေ ၁၀

မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းသည် မေ ၆ ရက်က တိုင်းဒေသကြီးအတွင်းရှိ BOT လမ်းပိုင်းများတွင် ကုမ္ပဏီအလိုက် ပြုပြင်ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း လမ်းအရှည်မိုင် ၁၅၅၃ မိုင် သုံးဖာလုံ ရှိသည့်အနက် ကွန်ကရစ်လမ်းပိုင်း ၁၈၅ မိုင်ရှိ၍ ၁၁၄၃ မိုင် ၆ ဖာလုံမှာ ကတ္တရာလမ်းပိုင်းများဖြစ်ပြီး ကုမ္ပဏီပေါင်း ၁၁ ခုက BOT လမ်းပိုင်းအဖြစ် ၇၁၇ မိုင် ၇ ဖာလုံတွင် လမ်းပိုင်းအလိုက် ပြုပြင်ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

ဝန်ကြီးနှင့်အဖွဲ့သည် GULF Power ကုမ္ပဏီ၏ ရေဝန်း-မြင်းခြံလမ်းပိုင်းနှင့် ထွန်းညီလူကုမ္ပဏီ၏ မြင်းခြံ-တောင်သာ-မိတ္ထီလာလမ်းပိုင်းတို့မှ ပြုပြင်ရန်ကျန်ရှိသော လမ်းပိုင်းများကိုလည်းကောင်း၊ တောင်ပေါ်သားကုမ္ပဏီ၏ မိတ္ထီလာ-သာစည်-နန့်ပန်တက်လမ်းပိုင်း ရာနှုန်းပြည့်ပြီးစီးနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အောက်ဝဲပုံ)**

ထို့နောက် BOT လမ်းပိုင်း ဆောင်ရွက်နေသည့် ကုမ္ပဏီများသည် အစဉ်တစိုက် လမ်းပိုင်းပြုပြင်ထိန်းသိမ်းကြရန်လိုကြောင်း၊ GULF Power နှင့် ထွန်းညီလူကုမ္ပဏီတို့က ကျန်ရှိသော လမ်းပိုင်းများကို မေလအတွင်း အပြီးသတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အန္တရာယ်ဖြစ်စေနိုင်သော လမ်းပိုင်းများတွင် အန္တရာယ်ကင်းစေရန် လမ်းညွှန်ဆိုင်းဘုတ်များစိုက်ထူခြင်း၊ မိုင်တိုင်များနှင့် လမ်းနယ်နိမိတ်မှတ်တိုင်များ ပြည့်စုံစွာ တပ်ဆင်ခြင်း၊ မိုးရာသီရောက်ရှိတော့မည်ဖြစ်၍ ကားလမ်းပေါ်သို့ ဦးတည်နေသည့် ရေစီးကြောင်းများကို ကြိုတင်ကာကွယ်တားဆီးခြင်းတို့ လုပ်ဆောင်ကြရန်လိုကြောင်း၊ လမ်းပိုင်းတိုးချဲ့မှုများအပြင် လမ်းပခုံးများ ကောင်းစေရေးအတွက် မြေညှိစက်များဖြင့် အမြန်ဆုံးပြုပြင်ရန် လိုအပ်ကြောင်းတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

မိတ္ထီလာတက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ် စာမေးပွဲများ ဆက်လက်ကျင်းပမည်

မိတ္ထီလာ မေ ၁၀

မိတ္ထီလာတက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ်တို့၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် (ပထမပညာသင်ကာလ)၏ စာမေးပွဲရပ်နားခဲ့သော သင်တန်းနှစ်အသီးသီး၏ ဖြေဆိုရမည့် ဘာသာရပ်စာမေးပွဲများကို ဇွန်လတွင် ပြန်လည်ကျင်းပသွားမည်ဖြစ်သည်။ မိတ္ထီလာတက္ကသိုလ်၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ရပ်နားခဲ့သော ပထမပညာသင်ကာလစာမေးပွဲများကို ဇွန် ၁၄ ရက်နှင့် ၁၅ ရက်များတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ရပ်နားခဲ့သော ပထမပညာသင်ကာလ စာမေးပွဲများကို ဇွန် ၁၄ ရက်နှင့် ၁၅ ရက်များတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် မိတ္ထီလာတက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ်မှ စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ ကြိုတင်သိရှိနိုင်ရန်အတွက် သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် စုံစမ်းမေးမြန်းနိုင်ရန် စာများပေးပို့ထားကြောင်း သတင်းရရှိသည်။ **တင်လှိုင်(မိတ္ထီလာ)**

ပြည်တွင်းသတင်း

အင်းတော်မြို့ ရေပေးဝေနိုင်ရေးအတွက် ချောင်းမြီးတို စိမ့်စိမ်းရေထွက်လုပ်ငန်းစတင်

အင်းတော် မေ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့တွင်း ရေပေးဝေနိုင်ရေးအတွက် ကံ့ကော်တောင်တန်းရှိ ချောင်းမြီးတို စိမ့်စိမ်းရေထွက်မှ ရေသွယ်ယူနိုင်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"အခုအချိန် မိုးမကျခင်လေးမှာ တမံပိတ်ထားနိုင်မှဖြစ်မယ်။ ဒါမှ တခြားကျန်တဲ့ ပိုက်သွယ်တာတို့၊ ရေစစ်ကန်လုပ်တာတွေရေစု ရေလှောင်ကန် ဆောက်တာတွေကို ဆက်ပြီးလုပ်နိုင်မယ်။ အခု ကျွန်တော်တို့ ရေသွယ်မယ့်နေရာကို တမံစပိတ်နေပါပြီ။ ရေသွယ်ပိုက်ကိုတပ်ပြီး ကျောက်ကြီး၊ ကျောက်သေး၊ သဲတွေနဲ့ အဆင့်ဆင့် ပြန်လုပ်ရမယ်။ နောက်နှစ်ရက်သုံးရက်လောက်ဆိုရင် တမံကနေထွက်မယ့် ရေပိုက်လုပ်ငန်းပြီးတော့မယ်လေ"ဟု အဆိုပါ ရေပေးဝေရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ပြင်ပပညာရှင်က ပြောပြခဲ့သည်။

"ရန်ပုံငွေ အင်အားတောင့်ရင်တော့ မြန်မြန်ပြီးသွားမှာပါ။ ရန်ပုံငွေအင်အားက နည်းနေတယ်လေ။ ဒီလုပ်ငန်းအပြင် တခြားလုပ်ငန်းတွေရော ဆက်တိုက်လိုဖြစ်သွားတော့ ရန်ပုံငွေကနည်းသွားတယ်။ အလှူရှင်ကလည်းမရှိတော့၊ မြို့မိမြို့ဖမှာရှိတဲ့ ရန်ပုံငွေနဲ့ အရင်စလုပ်ရတာ လုပ်ငန်းက နှေးနေတယ်။ အလှူရှင်တွေ ပေါ်လာရင်တော့ ပိုကောင်းတာပေါ့။

အဆိုပါ ရေပေးဝေရေးလုပ်ငန်း လုပ်ကိုင်နေသော မြို့မိမြို့ဖတစ်ဦးက ပြောပြခဲ့သည်။

အင်းတော်မြို့နယ်အနေဖြင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရေပေးဝေရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါ ရေပေးဝေရေးလုပ်ငန်းကို အထောက်အကူပြုသည့် အနေဖြင့် ယခု ကံ့ကော်တောင်တန်းမှ ချောင်းမြီးတို စိမ့်စိမ်းရေထွက်ကို တိုးချဲ့ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သော်တာဆွေ

ကျောက်ဆည် အေးမြကြည်လင်ရပ်ကွက် မီးလောင်မှုဖြစ်

ကျောက်ဆည် မေ ၁၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်ရှိ ဦးတင်ကို ဆီရောင်းဝယ်ရေးအိမ်၌ မေ ၈ ရက် နံနက် ၁၁ နာရီက ဓာတ်ဆီ ၃ ဂါလန် ပလတ်စတစ်ပုံးအတွင်းမှ ဆီဂါလန်ခွက်အတွင်းသို့ လောင်းထည့်ရာ မီးလောင်မှုဖြစ်ပွားခဲ့သည်။ ထိုမီးလောင်မှုကို ကျောက်ဆည် မီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ သန္ဒေမီးသတ်တပ်ဖွဲ့ဝင်ရှစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးတို့ ရောက်ရှိမီးငြိမ်းသတ်ရာ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ **(ယာပုံ)**

အရေးယူဆောင်ရွက်

မီးလောင်မှုကို ကျောက်ဆည်ရဲစခန်းမှ အမှုစစ် ဒုရဲအုပ် မျိုးဇော်က ဦးတင်ကိုအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ကျော်မြ

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (ယာဉ်ကြုံ)
Ph:209200,430480,544383

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Ph: 209077, 09-731 67000
209388, 09-731 68000

မင်္ဂလာရက်မြတ်ဆုတောင်း

ချစ်သော အပါး ဦးရာစိုး (အကျိုးဆောင် ဘဏ်ရှေ့နေ)နှင့် ချစ်သော အမိုး ဒေါ်မူလာဟေး (အလပြ၊ ငြိမ်း၊ အလက-၃၊ ဒဂုံ)တို့၏ ၁၁-၅-၂၀၁၃ ရက်တွင် ကျရောက်သော (၄၅)နှစ်ပြည့် မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းများစွာတိုင် ချစ်သား၊ ချစ်သမီးတို့နှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် ဘဝမှာ အောင်မြင်သောနေ့ရက်များကို ရရှိပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုလာဘ်မွန်ကောင်းတောင်းလျက်-

သမီး - မမူမူစိုး (B.Sc,Chem)-**ကိုကျော်စိန်**
- မသန္တာစိုး (LL.B, Law)-**ကိုစောမင်းမင်းလှိုက်**
- မစန္ဒာစိုး
သား - ဗိုလ်မှူးစိုးဟိန်း(ခ)စည်သူစိုး-မယဉ်မင်းအေး

ပျောက်ဆုံးကြောင်း

ဦးခင်မောင်ဝင်း၏သမီး မမေဝင်းနွယ် ၇/အတန(နိုင်)၀၀၁၃၈၈၏ နိုင်ငံကူးလက်မှတ်အမှတ် M-၈၅၃၃၀၁သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိက ပြန်လည်ဆက်သွယ်ပါရန်။ ဖုန်း-၀၉-၇၃၁၀၅၆၄၉

ပြည်တွင်းသတင်း

ကလေးများ ငယ်ရွယ်စဉ် ယာဘက်ဦးနှောက်ဖွံ့ဖြိုးအောင် လေ့ကျင့်သင်ကြားပေးသင့်

ရန်ကုန် မေ ၁၀

ကလေးငယ်များကို ငယ်ရွယ်စဉ်ကတည်းက ယာဘက်ဦးနှောက်ဉာဏ်ဖွံ့ဖြိုးအောင် လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ဘဝတစ်လျှောက်လုံး ဉာဏ်ထက်မြက်သူဖြစ်လာနိုင်ကြောင်း ကလေးငယ်များ အား ဦးနှောက်ဉာဏ်ရည်ဖွံ့ဖြိုးအောင် လေ့ကျင့်သင်ကြားပေးသူ ပညာရှင်တစ်ဦးက ပြောကြားသည်။

"ကလေးတွေက အသက်ခြောက်လကနေ ခြောက်နှစ်ခွဲအရွယ်အထိ ဦးနှောက်ဉာဏ်ဖွံ့ဖြိုးနေတဲ့အချိန်မှာ ဦးနှောက်ရဲ့ အလုပ်လုပ်နိုင်တဲ့ စွမ်းရည်ကိုလည်း လေ့ကျင့်ပေးဖို့လိုပါတယ်။ ကလေးတွေမှာ ဝဲဘက်ဦးနှောက်ခြမ်းနဲ့ ယာဘက်ဦးနှောက်ခြမ်းဆိုတာရှိပါတယ်။ ဝဲဘက်ဦးနှောက်ခြမ်းက သာမန်မှတ်ဉာဏ်တွေလောက်ပဲ မှတ်နိုင်ပါတယ်။ ယာဘက်ဦးနှောက်ခြမ်းကတော့ အမြဲတမ်းမှတ်ရမယ့် မှတ်ချက်တွေကို မှတ်သားလေ့ရှိပါတယ်။ ဒါကြောင့် ယာဘက်ဦးနှောက်ခြမ်းကို ပိုမိုအလုပ်လုပ်နိုင်အောင် လေ့ကျင့်သင်ကြားပေးရပါတယ်"ဟု အိုလံပီယံလန်းနင်းဟွတ်မှ ကျောင်းအုပ်ဆရာမကြီးဒေါ်စန္ဒာလွင်က ရှင်းပြသည်။

"ကလေးတွေကို ငယ်ရွယ်စဉ်မှာ ယာဘက်ဦးနှောက်ဖွံ့ဖြိုးအောင် လုပ်ပေးလိုက်တဲ့အတွက် အရွယ်ရောက်လာတဲ့အခါ ဦးနှောက်ဉာဏ်ဖွံ့ဖြိုးမှုအားကောင်းတဲ့အတွက်ကြောင့် တီထွင်ပညာရှင်တွေဖြစ်နိုင်တယ်၊ စီမံခန့်ခွဲရေးလုပ်ငန်းတွေမှာ ထိပ်တန်းပုဂ္ဂိုလ်တွေလည်းဖြစ်လာနိုင်ပါတယ်။ အတွေး

သတင်း-မြင့်မောင်စိုး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အခေါ်အယူအဆ ဉာဏ်ရည်အလွန်ထက်မြက်တဲ့သူတွေဖြစ်နိုင်ပါတယ်"ဟု ဒေါ်စန္ဒာလွင်က ဆက်လက်ရှင်းပြသည်။

ကလေးများကို ဉာဏ်ရည်ဖွံ့ဖြိုးနေသည့်အချိန် အသက်ခြောက်လမှ ခြောက်နှစ်ခွဲကာလအတွင်း (စနစ်တကျလေ့ကျင့်သင်ကြားနိုင်သည့် ယာဘက်ဦးနှောက်ကို လေ့ကျင့်သင်ကြားပေးခြင်းမရှိလျှင် ကလေးများ၏ ဦးနှောက်ဉာဏ်စွမ်းရည်မှာလည်း တိုးတက်သင့်သလောက် မတိုးတက်ဘဲဖြစ်တတ်ကြောင်း သိရသည်။ ကလေးငယ်တစ်ဦး၏ ဦးနှောက်ဉာဏ်ဖွံ့ဖြိုးချိန်သည် အသက်ခြောက်လမှ ခြောက်နှစ်ခွဲအတွင်းဖြစ်ပြီး ထိုကာလအတွင်းမှာသာ ဦးနှောက်ဉာဏ်ဖွံ့ဖြိုးအောင် လုပ်နိုင်ကြောင်း သိရသည်။ ထို့ကြောင့် အသက်ခြောက်လမှစပြီး မူကြိုမတိုင်မီကတည်းက ကလေးများကို ယာဘက်ဦးနှောက်ခြမ်းဖွံ့ဖြိုးအောင် မိဘများက မိမိတို့သား သမီးများအားလေ့ကျင့်ရေးသင်တန်းကျောင်းများ၌ စနစ်တကျလေ့ကျင့်သင်ကြားပေးသွားပါက ထူးချွန်ထက်မြက်သောကလေးများ ဖြစ်နိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ရန်ပုံငွေဖျော်ဖြေပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ကျန်းမာရေး၊ ပညာရေးရန်ပုံငွေ အငြိမ့်ဖျော်ဖြေပွဲကို မေ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် သမ္မတကမ်းခြေရပ်ကွက် အလက(၅) ကျောင်းအားကစားကွင်းတွင် ကျင်းပမည်ဖြစ်သည်။ ဖျော်ဖြေပွဲကို ညစဉ် ၈ နာရီတွင် ကျင်းပမည်ဖြစ်ပြီး ၁၁ ရက်တွင် ရွှေမဉ္ဇူအငြိမ့်အဖွဲ့နှင့် လူရွှင်တော်များဖြစ်ကြသော စံလင်း၊ ဒွဲတိုး၊ မိုးတိမ်၊ ချစ်စု အပါအဝင် အိပ်မက်ဆုံရာနှင့် နာမည်ကြီး အဆိုတော်များ၊ ၁၂ ရက်တွင် ဒီစတားအငြိမ့်အဖွဲ့နှင့် အတူလူရွှင်တော်များကြဖြစ်သော ချစ်ဖူး၊ အေးချမ်း၊ ထက်လင်း၊ ကဏန်းနှင့် အိပ်မက်ဆုံရာမှအဆိုတော်များ စုပေါင်းပါဝင်တင်ဆက်ကြမည်ဖြစ်သည်။ **မြို့နယ်ပြန်/ဆက်**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေး ဆက်လက်ကျင်းပ

နေပြည်တော် မေ ၁၀

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၂၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး တတိယနေ့ကို မေ ၈ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)ခန်းမ၌ကျင်းပရာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ နာယကများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကများ၊ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကျန်းမာရေးဦးစီးမှူးများက အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးဆုံးဖြတ်ချက် (၃)ရပ်နှင့် ရှေ့လုပ်ငန်းစဉ်(၁၇)ရပ် ချမှတ်အတည်ပြုသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်နှင့် ဗဟိုအလုပ်အမှုဆောင် ဒေါ်ခင်သန်းဝင်း၊ ဒေါ်သက်သက်ဆွေနှင့် ဒေါ်စဝ်နွန်းခွန်ဆမ်တို့က တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နာယကများ၊ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား မိခင်နှင့်ကလေး စောင့်ရှောက်ရေးလုပ်ငန်းများ အထောက်အကူပြုထောက်ပံ့ ပံ့ပိုးငွေကျပ် ၅၄၂၈၀၀၀၀ ကို ပေးအပ်ကြသည်။

ယင်းနောက် UNFPA / AusAID ကိုယ်စားလှယ်က တိုင်းဒေသကြီး/ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များသို့ အသင်းပိုင် သားဖွားခန်းလေးခု၏ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ရုပ်သိမ်း

ထို့နောက် အသင်းဥက္ကဋ္ဌ ဒေါက်တာမွန်မွန်အောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး နှစ်ပတ်လည်အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးရွာပြီးလေပြင်းတိုက်ခတ်မှု သုံးခွမြို့နယ်တွင် ဖြစ်ပွား

သုံးခွ မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် မေ ၉ ရက် မွန်းလွဲ ၂ နာရီခန့်က မိုးရွာပြီး လေပြင်းတိုက်ခတ်သဖြင့် သုံးခွ-သန်လျင်ကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၅၁/၀၂)အနီး သိုက်တူးကန်ကျေးရွာသို့ သွယ်တန်းထားသော ကွန်ကရစ်ဓာတ်တိုင်ကြားသို့ အော်ရီးရှား(မလေးရှားပိတောက်)ပင် လဲကျသဖြင့် ဓာတ်တိုင်နှစ်တိုင်ကျိုးသွားကာ ၁၅ မိနစ်ခန့် ကားလမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဆုံးရှုံးခဲ့

အခင်းဖြစ်ပွားရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိန်လင်း၊ မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွန်းတို့က သွားရောက်ရှင်းလင်းခဲ့ရာ မွန်းလွဲ ၂ နာရီခွဲတွင် ရှင်းလင်းပြီးစီးကြောင်း သိရသည်။ ဆက်လက်၍ သိုက်တူးကန်ကျေးရွာအတွင်းသို့ လိုက်လံစစ်ဆေးရာ ရွာ၏တောင်ဘက်ကွင်းထဲရှိ ပျဉ်ခင်းထရံကာ၊ ဓနိမိုးလူနေအိမ်တစ်လုံး (တန်ဖိုး ၅၀၀၀၀၀ ခန့်) ပြိုကျပျက်စီးသွားပြီး သုသာန်ဇရပ်အဟောင်းတစ်လုံးပြိုကျ (တန်ဖိုး ၂၀၀၀၀၀)ခန့်၊ ရွာတောင်ဘက်ကွင်းထဲရှိ ကျိုက်သာယာဘုန်းကြီးကျောင်း သွပ်မိုးလန်(တန်ဖိုး ၂၀၀၀၀၀)ခန့် စုစုပေါင်း ဓာတ်တိုင် ၄၅ တိုင်ပျက်စီးသွားပြီး တန်ဖိုးငွေ ၄၅ သိန်းခန့်အပါအဝင် စုစုပေါင်း ငွေကျပ် ၅၄ သိန်းခန့် ဆုံးရှုံးခဲ့သည်။

သုံးခွ-သန်လျင် ကားလမ်းတွင် မော်တော်ယာဉ်များ ပုံမှန်အတိုင်း သွားလာနိုင်ပြီဖြစ်ပြီး ကျိုးပဲ့ပျက်စီးသွားသော ကွန်ကရစ်ဓာတ်တိုင်များကို ရန်ကုန်မြို့တော် ဓာတ်အားပေးရေးအဖွဲ့ သုံးခွမြို့နယ်မှ ကြီးကြပ်ကွပ်ကဲ၍ အမြန်ဆုံးပြန်လည် လဲလှယ်ပေးသွားမည်ဖြစ်ကြောင်းနှင့် လေတိုက်ခတ်မှုဖြစ်စဉ်နှင့် ပတ်သက်၍ လူနှင့်တိရစ္ဆာန် တစ်စုံတစ်ရာထိခိုက်မှုမရှိကြောင်း သတင်းရရှိသည်။

ကိုကျော်(သုံးခွ)

5 SERIES
ရုပ်သံလိုင်းတွင် မကြာမီ ပြသပါတော့မည်

အညတရကျေးတောသူလေး နှင့် လူကုံထံအသိုင်းအဝိုင်းမှ လူငယ်လေးတို့၏ ချစ်ခြင်းမေတ္တာတရားကို အလှအပဆုံး ပုံဖော်ရိုက်ကူးထားသည့်အပြင် တောသူမလေးဖြစ်နေစေကာမူ စိတ်ထားကောင်းမွန်ခြင်းနှင့် ဉာဏ်ရည်ထက်မြက်ခြင်းတို့ဖြင့် အခက်အခဲများကို ကျော်လွှားသွားနိုင်ပုံကို စိတ်ဝင်စားဖွယ် ရိုက်ကူးတင်ဆက်ထားသော အိန္ဒိယဇာတ်လမ်းတွဲ ဖြစ်ပါသည်။

မေလ (၁၃) ရက်မှစ၍ နေ့လည်(၁)နာရီ နှင့် ည (၁၀)နာရီတွင် နေ့စဉ်ပြသပါမည်။

ပြည်တွင်းသတင်း

မိုးသည်းထန်စွာရွာသွန်းပြီး မိုးသီးကျ၍ မိုးနှမ်းကြဲမည့်တောင်သူများ ပျော်ရွှင်

လင်းခေး မေ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့တွင် မေ ၆ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်ခဲ့သည်။

အဆိုပါ မိုးရွာသွန်းခြင်းအားဖြင့် မိုးနှမ်းစိုက်မည့် ဒေသခံတောင်သူများက ဝမ်းပန်းတသာ ဖြစ်ကြရသည်။ အချို့ တောင်သူများမှာ လယ်ယာထွန်ယက်ထားကြပြီးဖြစ်သောကြောင့် မိုးကိုမျှော်လင့်နေကြရာမှ ယခုမိုးသည် သည်းထန်စွာ ရွာသွန်းပေးခြင်းဖြင့် ယခုနှစ် မိုးနှမ်းကြဲချိန်အမီ ရွာသွန်းပေးသည့် မိုးဖြစ်သည်ဟု နှမ်းစိုက်ပျိုးမည့် တောင်သူတချို့က ပြောကြားသည်။

ရွာသွန်းမှုတွင် (လောက်စာလုံးအသေး)စားခန့် မိုးသည်းများ ကျဆင်းသည့်အတွက် အလွန်ပူအိုက်လျက်ရှိသော ရာသီဥတုဒဏ်မှလည်း ကင်းဝေးခဲ့ကြရကြောင်း မိုးကြိုက်သူတို့၏ စကားသံကိုလည်း ကြားရသည်။ အချိန်အားဖြင့် ပထမနာရီဝက်ခန့် မိုးသီးကျရွာသွန်းပေးပြီး ခေတ္တရပ်ဆိုင်းသွားသကဲ့သို့ရှိသော်လည်း ဆက်လက်၍ တစ်နာရီကျော်ကျော် မိုးဖြိုင်ဖြိုင်ရွာသွန်းခဲ့သဖြင့် လင်းခေး၊ မိုးနဲ၊ မိုင်းပန်သွား လမ်းမကြီးတွင် ရေများလျှံလျက်ရှိပြီး မိုးသက်လေပြင်းတိုက်ခတ်ခြင်းမရှိခဲ့ကြောင်း သိရသည်။

စိုင်းဇော်လတ်(လင်းခေး)

ရင်ကွဲချိုချိုဈေးချိုချို

ရန်ကုန် မေ ၁၀

မေ ၇ ရက်ညက ပိတောက်ပွင့်ရုံ၊ ဖက်စွတ်ရုံမျှ မိုးပြေးလေးတစ်ပြိုက်နှစ်ပြိုက်ရွာသွန်းပြီးနောက် မြန်မာနှစ်မဆန်းမီ ရှေ့ပိုင်းရက်လေးများအတွင်းက အစပြုကာ၊ ရန်ကုန်ဈေးကွက်အတွင်းသို့ဝင်လာသော ရင်ကွဲသရက်သီးများက စားရန်သင့်လာပြီဖြစ်သည်။

တွံတေးမြို့နယ် ပန်းတနော်ထွက် ရင်ကွဲသရက်သီးများ ကြည့်မြင်တိုင် ဗားကရာသစ်သီးဒိုင်များဆီသို့ ရေလမ်းအနီးမှ လှိုင်လှိုင်ဝင်လာပြီကိုတွေ့ရသည်။ သစ်သီးပွဲရုံမှ အမျိုးသမီးကြီး တစ်ဦးကမူ " ဒီရက်ထဲမှာ စက်တပ်သမ္ဗန်ကြီးတွေ တစ်နေ့တစ်ဆယ့်လေးငါးစင်း ခန့်ဝင်ပါတယ်" ဟု ပြောပြသည်။

သမ္ဗန်ဆိပ်သို့ ရောက်သည့်အခိုက် စာရေးသူကိုယ်တိုင် လက်ညှိုးထိုးရေတွက်ကြည့်မိရာ စုစုပေါင်း ၁၇ စီးမျှရှိသည်။ ထို့အပြင် ပွဲထောင်သုံးစီးပေါ်တွင်လည်း သရက်သီးဝင်းဝင်းဝါဝါများကို အစီအရီတွေ့ရသည်။ စက်တပ်သမ္ဗန်ကြီး တစ်စင်းလျှင် ပုံမှန်အသီး အလုံး ၈၅၀၀ မှ ၁၀၀၀၀ နီးပါး ပါရှိလာကြောင်း လေ့လာတွေ့ရှိရသည်။ **(အောက်ပုံ)**

ကိုယ်ပိုင်ခြံမှ ခူးဆွတ်၍ လာရောင်းသော တွံတေးမှ သရက်ကုန်သည်တစ်ဦးက " အခုဝင်လာတဲ့ အသီးတွေက ချိုပြီဗျ။ မိုးဓာတ်လေးဝင်သွားပြီလေ၊ စားလို့လည်းကောင်းသွားပြီး စားတဲ့သူလည်း စားရဲသွားပြီး၊ ဒါပေမယ့် ကျွန်တော်တို့ အနေနဲ့ အမြတ်နည်းသွားပြီး ကုန်သည်တွေ၊ ပွဲရုံဒိုင်တွေထက် ဈေးထဲမှာ တစ်လုံးချင်း လက်လီရောင်းတဲ့သူတွေက ပိုကိုက်တယ်။

ခြံအတွင်း သရက်သီးခူးခမှာ တောင်းတစ်တောင်းလျှင် ငွေကျပ် ၆၀၀ ရှိပြီး တွံတေးမှ ဗားကရာဆိပ်သို့ သမ္ဗန်ကြီးတစ်စင်းလျှင် သယ်ခ ငွေကျပ် ၄၀၀၀၀ မှ ၄၅၀၀၀ စရိတ်ရှိကြောင်း သိရသည်။ ဒိုင်ဖြတ်ဈေးသည် တစ်လုံးလျှင် အကြီးအသေးအလိုက် ငွေကျပ် ၆၀ မှ ၂၀ ကျပ်အထိ ဖြစ်သည်။

အရပ်ထဲ ဈေးထဲ၌ တစ်လုံးချင်းလက်လီဈေးမှာ ငွေကျပ် ၁၀၀ မှ ကျပ် ၂၀၀ အထိ အော်ရောင်းနေကြသည်။ နောက်လများ၌ ယခုထက် အသီးလှိုင်လှိုင်ဝင်လာပါက ကျပ် ၁၀၀ ဖိုး သုံးလုံးအထိ ဈေးကျသွားနိုင်ကြောင်း ကုန်သည်တစ်ဦးက ဆိုသည်။

သရက်သီး၏ သဘောသဘာဝသည် တစ်နှစ်အသီးပေါပြီးနောက် တစ်နှစ်အသီးပါးတတ်ကြောင်း လူကြီးများက ပြောပြခဲ့ဖူးသည်။ ယခုနှစ်သည် သရက်သီးလှိုင်သော နှစ်ဖြစ်ရာ ရင်ကွဲသရက်သီးသည် လှိုင်လှိုင်ဝင်လာသည်နှင့်အမျှ ဈေးကချိုလာမည်ဖြစ်သည်။ ထို့အတွက် ယခုနှစ်ကို ရင်ကွဲချိုချို ဈေးချိုချိုဟုသာ အမည်ကင်ပွန်းတပ်လိုက်ရပါတော့သည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

သိန္နီမြို့နယ် နားဆော့ကျေးရွာအုပ်စု၌ လေပြင်းတိုက်ခတ်၍ မိုးသီးကြွေကျ

သိန္နီ မေ ၁၀

မေ ၉ရက် မွန်းလွဲ ၁၂နာရီ ၁၅ မိနစ်မှ မွန်းလွဲ ၁နာရီ ၁၅ မိနစ်အထိ သိန္နီမြို့နယ်နှင့် ရှစ်မိုင်ခန့်အကွာ နားဆော့ကျေးရွာအုပ်စု နားဆော့ကျေးရွာ၊ စံလောင်းကျေးရွာ၊နမ့်အွန်ကျေးရွာ(ရေပူရွာ)နှင့် နားထွမ်ကျေးရွာများတွင် လေပြင်းတိုက်ခတ်၍ မိုးသီးကြွေကျမှုကြောင့် နေအိမ်အချို့အမိုးများလွင့်ပါပျက်စီးခဲ့ကြောင်း သိရှိရသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီ ခွဲက မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်နှင့်အတူ သိန္နီမြို့နယ် ရဲစခန်းမှူး စည်ပင်အမှုဆောင်အရာရှိ စည်ပင်အင်ဂျင် နီယာအဖွဲ့တို့မှ သွားရောက်စစ်ဆေးခဲ့သည်။

ဆုံးရှုံးခဲ့

ကျေးရွာလေးရွာတွင် အုတ်ညှပ်တစ်ထပ်အဆောက်အအုံ လေးလုံး၊ မြေစိုက်တဲအိမ် ၁၂ လုံး စုစုပေါင်း တန်ဖိုး ၂၅ဒသမ ၄၅သိန်းခန့် ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။

ယင်းကျေးရွာအုပ်စုရှိ ပြိုကျ ပျက်စီးသော နေအိမ်များကို ပြန်လည်ဆောက်လုပ်ရန်နှင့် ပြန်လည်ပြုပြင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များနှင့်တွေ့ဆုံကာ ဝိုင်းဝန်းအကူအညီပေးရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်/ပြန်ဆက်)

တာချီလိတ်၌ ကြိုးဆွဲချသေဆုံးမှုဖြစ်

တာချီလိတ် မေ ၁၀

မေ ၈ ရက် မွန်းလွဲ ၂ နာရီက တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် မြန်မာရွာ အမှတ် ၉/၇၅ တွင် လူတစ်ဦးကြိုးဆွဲချ သေဆုံးမှုတစ်ခု ဖြစ်ပွားခဲ့သည်။

သေဆုံးသူမှာ တာလေမြို့နယ်ခွဲ အားဖော်ကျေးရွာတွင်နေထိုင်သူ ဦးအားဝွေ့ (၅၁ နှစ်) ဖြစ်ပြီးအထက်လိပ်စာပါနေအိမ်၌ နေထိုင်သော သမီးနှင့်သားမက်ဖြစ်သူထံ အလည်လာရောက်ရင်း ပြတင်းပေါက်သံတိုင်တွင် လျှပ်စစ်ဝိုင်ယာကြိုးအား နှစ်ခေါက်ပြုလုပ်၍ ချည်နှောင်ကာ ပလတ်စတစ်ထိုင်ခုံတွင် ထိုင်လျက်လည်ပင်းအားကြိုးကွင်းစွပ်ကာ သတ်သေဆုံးခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရပြီး ယင်းသေမှုသေခင်းနှင့် ပတ်သက်၍ တာချီလိတ်မြို့နယ်ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(ဝ၆ဝ)**

မွေးသက္ကရာဇ်အမှန်

ဖောင်းပြင်မြို့နယ်၊ သယောင်း အထကနေ ဦးဉာဏ်ဝင်း၏သမီး ကျောင်းဝင်အမှတ် ၂၁၂၈ တက္ကသိုလ်ဝင်တန်းမှ မအေးချမ်းမေ၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၂-၁၉၉၇ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/E ၊ မြေကွက်အမှတ် V class ၁၉၊ မြေကွက်တည်နေရာအမှတ် ၅၊ နတ်စင်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ် ဦးစံအေးနှင့်ဒေါ်အေးမေ အမည်ပေါက် နှစ် ၉၀ဂရန်မြေအား အမည်ပေါက်ဦးစံအေးနှင့် ဒေါ်အေးမေထံမှ ပိုင်ဆိုင်ကြောင်းစာချုပ် အမှတ်၂၅၅၂/၀၃ဖြင့် ပိုင်ဆိုင်သူ ဒေါ်သန်းနွဲ့ ကွယ်လွန်သဖြင့် ဦးအေးကို ၁၂/ဒပန(နိုင်) ၀၁၁၅၈၆ က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(KBJ ကိုရီးယားဘာသာစကားသီးသန့်သင်တန်းကျောင်း)

EPS-TOPIK စာမေးပွဲဖြေဆိုပြီး ကိုရီးယားသွားမည့်သူများအတွက်

EPS-TOPIK တန်းခွဲများနှင့် စကားပြောတန်းခွဲများစမည်

52(b), လေးလွှာ၊ အင်းစိန်လမ်း၊ လှည်းတန်း၊ စံရိပ်ငြိမ် ၃ လမ်းနှင့် ၄ လမ်းကြား

H.P :09- 5166258, 09-43097510

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅(ကမာရွတ်)၊ မြေကွက်အမှတ် ၆၇/လ၊ ဧရိယာ ၀ ဒသမ ၀၄၈ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၁)ဟုခေါ်တွင်သောနေအိမ်ကို အမည်ပေါက်ဒေါ်စိုးစိုး စီအီး-၀၆၀၁၆၈ထံမှ အမွေဆက်ခံပိုင်ဆိုင်သော ဦးတင်ဖေ ၁၂/လမန(နိုင်)၀၄၈၉၁၇+ ၃ ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဈေးတန်ဖိုး၏ အစိတ်အပိုင်းကိုပေးချေထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလိမ္မော် LL.B၊ ADVOCATE-4314
အမှတ် (၄၆/ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄

ရက်(၁၀၀)ပြည့် မွေးနေ့ဆုတောင်းနှင့် ကျေးဇူးတင်လွှာ

နှစ်ဖက်သော ဘိုးဘိုး၊ဘွားဘွားနှင့် ဖေဖေ၊ မေမေတို့၏ သားဦးရတနာလေး **ဖြိုးတေဇကျော်** ၏ ယနေ့တွင်ကျရောက်သော ရက် ၁၀၀ ပြည့် မွေးနေ့မှစ၍ နောင်နှစ်ပေါင်း ၁၂၀တိုင်အောင် ချစ်သောဘိုးဘိုး-ဘွားဘွား၊ ဖေဖေ-မေမေတို့၏ နွေးထွေးသော ယုယကြင်နာမှုများရယူပြီး ကျန်းမာရွှင်လန်းစေကြောင်း ဆုမွန်ကောင်း တောင်းလျက်-

သားသားလေးအား ၃၁-၁-၂၀၁၃ ရက်တွင် ကျန်းမာအောင်မြင်စွာ မွေးဖွားသန့်စင်ပေးခဲ့ပါသော သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး ပါမောက္ခဦးကျော်ညွှန့်၊ ကလေးအထူးကုဆရာဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ဒေါ်နီလာလွင်၊ မေ့ဆေးအထူးကုဆရာဝန်ကြီး ဒေါက်တာဦးကျော်ရင်၊ အစစအရာရာ လိုလေသေးမရှိ အကောင်းဆုံးဝန်ဆောင်မှုများပေးခဲ့ပါသော ဝိတိုရိယအထွေထွေဆေးရုံမှ ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားများနှင့်
ချစ်ဖေဖေ-ဗိုလ်ကြီးကျော်ဖြိုးခိုင်
ချစ်မေမေ-ဒေါ်လဲ့မွန်မောင်မောင်
(နည်းပြ၊ ဂျာမန်ဘာသာဌာန၊ YUFL)

နိုင်ငံတကာအားကစားသတင်း

ဖာဂူဆန်အလွန်နဲ့ ဒေးဗစ်မိုယက်စ်

မိုးမြင့်လင်းလက်

မန်ယူနည်းပြ ရာထူးစွန့်ခွာတော့မယ့် ဖာဂူဆန်နေရာကို လက်ရှိ အဲဗာတန်နည်းပြ ဒေးဗစ်ဝီလျံမိုယက်စ်အား အစားထိုးတာဝန်ပေးဖို့အတွက် မန်ယူက ခန့်အပ် လိုက်ပြီဖြစ်ပါတယ်။ နောက်ဆုံးထွက်ပေါ်လာတဲ့ သတင်းတွေအရ ဒေးဗစ်မိုယက်စ်ကို ခြောက်နှစ်စာချုပ်နဲ့ တာဝန်ပေးဖို့သဘောတူညီမှုတွေရရှိခဲ့ပြီး မကြာခင် တရားဝင်သတင်းစာရှင်းလင်းပွဲလုပ်မယ်လို့လည်း ဖော်ပြနေကြပါတယ်။

အသက် ၅၀ အရွယ်ရှိတဲ့ ဒေးဗစ်မိုယက်စ်ဟာ လာမယ့် ဇူလိုင် ၁ ရက်မှစတင်ပြီး အိုးထရက်ဖို့ဒ်မှာ တရားဝင်နည်းပြအဖြစ် စတင်တာဝန်ယူကာ မန်ယူကို အောင်မြင်မှုတွေရရှိအောင် စွမ်းဆောင်ပေးရတော့မှာဖြစ်ပါတယ်။ မိမိနည်းပြရာထူးနေရာကို ကလပ်အသင်းအတော်များများကနည်းပြတွေကို စဉ်းစားသုံးသပ်ခဲ့ပေမယ့် နောက်ဆုံး ဒေးဗစ်မိုယက်စ်နဲ့မှပဲ အပြီးသတ်ဆုံးဖြတ်ချက်ချနိုင်ခဲ့တယ်လို့ ဖာဂူဆန်က ပြောကြားခဲ့ပါတယ်။ ဒေးဗစ်မိုယက်စ်ကို မိမိအချိန်အတော်ကြာကြာကတည်းက စောင့်ကြည့်လေ့လာနေခဲ့ပြီး သူ့ရဲ့လုပ်ရည်ကိုင်ရည် စွမ်းဆောင်နိုင်မှုနဲ့ အလုပ်အပေါ်တစိုက်မတ်မတ် စိတ်ဝင်စားနစ်မြုပ်လုပ်ကိုင်တတ်မှုတွေဟာ မိမိနေရာကို လွှဲပြောင်းပေးဖို့အတွက် ယုံကြည်စိတ်ချမှုတွေဖြစ်ပေါ်စေခဲ့တယ်လို့လည်း ဖာဂူဆန်က ပြောကြားနေပါတယ်။

စကော့တလန်နိုင်ငံသား ဒေးဗစ်မိုယက်စ်ဟာ အဲဗာတန်နည်းပြအဖြစ် ၂၀၀၂ ခုနှစ်ကတည်းက ၁၁ နှစ်ကြာ တာဝန်ယူခဲ့သူတစ်ဦးဖြစ်ပြီး အသက်ငယ်ငယ်နဲ့အသင်းကို အောင်မြင်မှုရအောင် စွမ်းဆောင်ပေးနိုင်သူတစ်ဦးဖြစ်တယ်လို့ မန်ယူဘုတ်အဖွဲ့ကလည်း ထောက်ခံထားပါတယ်။ ဒေးဗစ်မိုယက်စ်လက်ထက်မှာ အဲဗာတန်အသင်းဟာ ပရီမီယာလိဂ်မှာ ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ခဲ့တယ်လို့ မန်ယူဘုတ်အဖွဲ့က မှတ်ချက်ပြုထားပါတယ်။

ဒေးဗစ်မိုယက်စ်ဟာ ဘောလုံးသမားဘဝနဲ့ ၁၉၈၀-၈၃ အထိ ဆဲလ်တစ်၊ ၁၉၈၃-၈၅ အထိ ကိန်းဘရစ်ယူနိုက်တက်၊ ၁၉၈၅-၈၇ အထိ ဘစ္စတိုစီးတီး၊ ၁၉၈၇-၉၀ အထိ Shrewsbury Town၊ ၁၉၉၀-၁၉၉၃ အထိ ဒန်ဖန်လိုင်းအဲသလစ်၊ ၁၉၉၃ မှာ ဟာမီတန်အသင်းနဲ့ ၁၉၉၃-၁၉၉၉ အထိ ပရီတန်အသင်းတွေမှာ ကစားခဲ့ပါတယ်။ ဘောလုံးသမားဘဝနဲ့ ပွဲပေါင်း ၅၃၄ ပွဲကစားခဲ့ပြီး ဂိုးပေါင်း ၄၆ ဂိုး သွင်းယူနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

နည်းပြအနေနဲ့ကတော့ ၁၉၉၈ မှ ၂၀၀၂ ခုနှစ်အထိ ပရီတန်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့ပြီး ၂၀၀၂ မှ ၂၀၁၃ ခုနှစ်အထိ အဲဗာတန်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ပါတယ်။ ဒေးဗစ်မိုယက်စ်ဟာ ၂၀၀၃ ခုနှစ်၊ ၂၀၀၅ ခုနှစ်နဲ့ ၂၀၀၉ ခုနှစ်တွေမှာ ပရီမီယာလိဂ်ရဲ့ တစ်နှစ်တာ အကောင်းဆုံးနည်းပြဆုတွေ ရရှိခဲ့သူလည်းဖြစ်ပါတယ်။

ဒါကြောင့် ဖာဂူဆန်စိတ်တိုင်းကျသူဖြစ်ပြီး မန်ယူဘုတ်အဖွဲ့ကလည်း သဘောကျသူဖြစ်လို့ မန်ယူနည်းပြအဖြစ် ၂၀၁၃ ခုနှစ် ဇူလိုင် ၁ ရက်မှာ စတင်တာဝန်ထမ်းဆောင်တော့မယ့် နည်းပြဒေးဗစ်ဝီလျံ မိုယက်စ်ရဲ့ စွမ်းဆောင်မှုတွေဟာ ဖာဂူဆန်လိုဖြစ်လာနိုင်မလားဆိုတာ ကမ္ဘာ့မန်ယူပရိသတ်တွေ စောင့်ကြည့်နေကြပြီဖြစ်ပါတယ်။ ။

ဆီရီနာဝီလျံနှင့် ရှာရာပိုဗာ ကွာတားတက်

မက်ဒရစ်အိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဆီရီနာဝီလျံသည် မာရီယာကာရီလန်ကိုအား ၆-၃၊ ၆-၁ဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

လက်ရှိချန်ပီယံ ဆီရီနာဝီလျံသည် ရုရှားတင်းနစ်မယ်အား တစ်နာရီကျော်ကစားပြီး အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ကမ္ဘာ့နံပါတ်နှစ် ရှာရာပိုဗာသည် ဂျာမန်တင်းနစ်မယ် ဆာဘိုင်းလစ်ဆစ္စကီးအား ၆-၂၊ ၇-၅ ဖြင့်နိုင်ပြီး ကွာတားတက်လာသည်။ ပြင်သစ်အိုးပင်းချန်ပီယံ ရှာရာပိုဗာသည် ကွာတားတွင် ဆလိုဗေးနီးယားမှ ဟန်တူချိုဗာနှင့် ကစားရမည်ဖြစ်သည်။

မော်ရင်ဟို ချယ်လ်ဆီးသို့ ပြန်လာနိုင်

မော်ရင်ဟို ချယ်လ်ဆီးသို့ပြန်လာလျှင် ချယ်လ်ဆီးတစ်ခေတ် ပြန်ရောက်လာနိုင်ကြောင်း ကွင်းလယ်ကစားသမားလမ်းပတ်က ပြောသည်။ အသက် ၃၄ နှစ်ရှိ ကွင်းလယ်ကစားသမားလမ်းပတ်သည် မော်ရင်ဟိုနှင့်အတူ ချယ်လ်ဆီးနည်းပြအဖြစ် သုံးနှစ်တာဝန်ထမ်းဆောင်၍ ပရီမီယာလိဂ်ဖလားနှစ်လုံးနှင့် အခြားဖလားသုံးလုံး ဆွတ်ခူးပေးနိုင်ခဲ့သည်။ မော်ရင်ဟိုသည် လောလောဆယ် ရီးရဲမက်ဒရစ်၌ ရှိနေဆဲဖြစ်သည်။ ယာယီနည်းပြ ဘင်နီတက်ဇ်နေရာတွင် အစားထိုးရန် ရေပန်းစားနေသည်။ သို့သော် မော်ရင်ဟိုက ရာသီကုန်အထိ ရီးရဲမက်ဒရစ်မှ ထွက်ခွာရန် ဆုံးဖြတ်ချက်ချမည် မဟုတ်သေးဟုဆိုသည်။

ရွန်းနေ မန်ယူတွင် ဆက်ရှိနိုင်

မန်ယူနည်းပြကြီး ဖာဂူဆန်အနားယူသွားပြီနောက် ၎င်း၏လက်ရင်းတပည့် တိုက်စစ်မှူးရွန်းနေသည် မန်ယူမှထွက်ခွာလိမ့်မည်ဟု ပြောကြားနေသော်လည်း မန်ယူကလပ်က ဆက်လက်ခေါ်ယူထားနိုင်ကြောင်း ပြောကြားသည်။ မန်ယူနည်း ပြဖာဂူဆန်နေရာတွင် အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်အား မန်ယူနည်းပြအဖြစ် ခန့်အပ်ခဲ့ပြီးနောက် မန်ယူက ရွန်းနေအား ဆက်လက်ခေါ်ယူထားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ကောင်းမြတ်သူ စုစည်းသည်

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- မန်ယူနည်းပြအဖြစ် အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်အား တာဝန်ပေးရန် ဆုံးဖြတ်မှုအပေါ် အင်္ဂလန်အားကစားမီဒီယာများက ဖော်ပြသည်။
- မန်ယူတိုက်စစ်မှူးရွန်းနေသည် ယခုနှစ် ဘောလုံးရာသီကုန်၌ မန်ယူမှထွက်ခွာရန် သတင်းများ ထွက်ပေါ်လျက်ရှိသည်။
- အဲဗာတန်နည်းပြအဖြစ်မှ ဒေးဗစ်မိုယက်စ် ထွက်ခွာသွားပါက ဆွမ်ဆီးနည်းပြမိုက်ကယ် ဒေါက်လော့ဒရပ်ဖြင့် နည်းပြနေရာ အစားထိုးရန် စီစဉ်လျက်ရှိသည်။
- ဘိုင်ယန်မြူးနစ်က ခေါ်ယူရန် ကြိုးစားနေသော မန်ယူတိုက်စစ်မှူး ရွန်းနေအား ချယ်လ်ဆီးကလည်း ခေါ်ယူနိုင်ရေး အပြိုင်ကြိုးစားလျက်ရှိသည်။
- ရီးရဲမက်ဒရစ်တိုက်စစ်မှူး စီရိုနယ်ဒိုသည် မန်ယူသို့ ပြန်လည်ရောက်ရှိလာဖွယ်ရှိကြောင်း မန်ယူတိုက်စစ်မှူး ဟာနန်ဒက်ဇ်က ပြောကြားသည်။
- လီဗာပူးဂိုးသမား ရေနာကို ဘာစီလိုနာက ခေါ်ယူနိုင်ရေး ကြိုးစားလျက်ရှိသည်။
- အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက အသက် ၂၆ နှစ်အရွယ် ကျူပီအာတိုက်စစ်မှူး ရီမီကို ခေါ်ယူမည်ဖြစ်သည်။
- မန်စီးတီးဂိုးသမား ပင်တီလီမွန်သည် ယခုနှစ်ဘောလုံးရာသီအကုန်၌ အသင်းမှထွက်ခွာရန် ဆန္ဒရှိနေသည်။
- စတုဂတ်ဂိုးသမားဆဗင်အူလ်ရစ်ကို အာဆင်နယ်က ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- အေဂျက်နောက်ခံကစားသမား အသက် ၂၄ နှစ်အရွယ်ရှိ တိုဘီအား လီဗာပူး၊ စပါးနှင့် ရိုးမားတို့ကခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။
- နော့စ်ဝှစ်တိုက်စစ်မှူး ခရစ်မာတင်သည် ဒါဘီကောင်တီအသင်းသို့ ပြောင်းရွှေ့မည်ဖြစ်သည်။

လယ်ယာမြေ ရွှေတစ်ခေတ်ပေမို့

–အလှထည်ဝါ အသစ်အဆန်းတွေနဲ့
မြန်မာ့လယ်ယာ တစ်ခေတ်ဆန်းပြီပဲ
ငြိမ်းချမ်းစွာ အောင်အတိတ်ရယ်နဲ့
အောင်ရိပ်တို့ တခေခေ။
–ဟိုတစ်ခေတ်ဆီက
မျိုးမျှစ်မပျိုမြုတဲ့
ရွှေဘိုသူဆိုတဲ့စကားလိုပဲ
"မျိုးလေးနိုက်တဲ့ မျိုးကောက်ပင်
ဆင်ပေါက်ကယ် ဆယ်ကောင်ဝင်တော့
ရှာမမြင်အနံ့ထူး
သုံးထွာပင် ကျူးလိမ့်မယ်တဲ့"
ထူးခြားစွာ သည်အခါမတော့
ဆင်တစ်ရာဝင်တာတောင် တွေ့ပါ့မလား
နေ့ညမနားပေ။
–တကတဲ့ကွယ် မပြတ်တိုးပွားအောင်လို့
မုလဲသွယ် စပ်မျိုးပေါ်းတွေလည်း
ကြိုးစားကာ တီထွင်နိုက်ပြလေတော့
ပြည်တစ်ခွင် ကြိုက်ကြတာ အထင်အရှားပါပဲ
အစဉ်သနားစရာ ခေတ်အဆက်ဆက် လယ်သမားတို့ကို
မှများမှာအခြေအနေတွေပြောင်း
ဝင်ငွေတွေကောင်းသထက်ကောင်းစေဖို့
ပြည့်ခေါင်းဆောင်အမိအဖတွေက
အပြည့်အဝစေတနာထားကြလေတော့
"လယ်သမားတွေ ဝင်ငွေနှစ်ဆ"ပါတဲ့
အဆင်ပြေကြ မြန်မာမြေ
မြန်မာတွေ အခါကောင်း။
–မပြတ်ရှုဖွယ်ရာ
စက်မှုလယ်ယာ ဖော်ပြပါလို့
ကမ္ဘာတွင် မြန်မာဆန်စပါးရယ်နဲ့
အလှမာန်ကြွားအောင် တို့ကြိုးစား
ဒို့လယ်သမား ဗဟုသုတာခွန်အားတွေလည်း
ပွားများအမြင်ကျယ်အောင် အသင့်ဖြစ်ရေးအတွက်သာဖြင့်
Farmer Channel တောင် ဖွင့်လှစ်ပေးမယ်တဲ့
ခေတ်အတွေး ခေတ်အမြင်
ခေတ်အသွင် မျက်မြင်မပြတ်ပါဘဲ
ထပ်ကာသာ ကြိုးစားကြပေရော့
တကယ်သာ ကြီးပွားစေမယ့်
လယ်ယာစီးပွားကတစ်ဆင့်
မြင့်စေ မြတ်စေ ထည်ဝါစေဖို့
လယ်ယာမြေ ရွှေတစ်ခေတ်ကို
ချစ်လက်ဆောင် ကဗျာတေး
ရေးမိပါကြောင်း။ ။

မြင်းမူ မောင်နိုင်ဝိုး

အမည်ပြောင်း

ဦးမြင့်သိန်း ၁၂/အစန(နိုင်)၀၈၁၆၀၂၏ သမီး အထက(၁)၊ ရွှေပြည်သာ၊ အဋ္ဌမတန်းမှ မချိုမြတ်စိန်မောင်အား မမေသော်တာချိုမြတ် (ခ) မဖေချစ်ချောဟု ပြောင်းလဲခေါ်ပါရန်။

မိဘအမည်မှန်

မမေသော်တာချိုမြတ်(ခ)မဖေချစ်ချော၏ မိဘအမည်မှန်မှာ ဦးမြင့်သိန်း ၁၂/အစန(နိုင်)၀၈၁၆၀၂နှင့် ဒေါ်ဥမ္မာမော် ၁၂/အစန(နိုင်)၀၉၁၆၄၂ ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရဲဝင်းထွန်း ၅/ဝလန(နိုင်)၀၉၉၄၀၀၏ ပတ်စပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၂၈၀၁၇၃

စာအုပ်စာပေ လှူမိတ်ဆွေ

ပြည်တွင်းသတင်း

သောက်သုံးရေအတွက် စိမ့်စမ်းရေအသစ်ထပ်မံရှာဖွေ

နမ့်ဆန် မေ ၁၀

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ ပြည်သူများ သောက်သုံးရေ ပိုမိုလုံလောက်စွာရရှိနိုင်ရေးအတွက် စိမ့်စမ်းရေ ထပ်မံရရှိရန် ရှာဖွေခြင်းလုပ်ငန်းကို နမ့်ဆန်မြို့နယ် အုပ်ချုပ်ရေးမှူး၏ စီမံမှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် ဇယန်းကြီး ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ပါဝင်သောအဖွဲ့သည် မေ ၃ ရက်မှ ၅ ရက်အတွင်း တောင်ရိုးဒေသနှင့် နမ့်ဆန်-မန်တုံသွားလမ်းတို့၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

နမ့်ဆန်မြို့ ပြည်သူများ သောက်သုံးရေအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က နမ့်ခေးရေထွက်နှင့် တောင်ရိုး အမှတ်(၁)၊ (၂) ရေထွက်တို့မှ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းဖြင့် ရေဂါလန် ၁၁ သိန်းဆံ့ ဇယန်းကြီးရေလှောင်ကန်မှတစ်ဆင့် ရေဖြန့်ဝေပေးခဲ့ရာ ယခုနှစ် စိမ့်စမ်းရေရရှိမှု နည်းပါးခဲ့ရခြင်းကြောင့် ရေအခက်အခဲဖြစ်ပေါ်ခဲ့သဖြင့် စိမ့်စမ်းရေအသစ်ရရှိရန် ထပ်မံရှာဖွေမှုကို ယခုကဲ့သို့ အထူးတိုးမြှင့်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိက ရှင်းလင်းပြောကြားခဲ့သည်။ **(သီပေါကိုလတ်)**

အန္တရာယ်ကင်းစွာ သွားလာနိုင်ရေး တံတားပြုပြင်ပေး

ဗန်းမော် မေ ၁၀

ဗန်းမော်မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံးက ပြည်သူများနှင့် မော်တော်ယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် မအူပင်ကျေးရွာနှင့် မန်ရေးကျေးရွာအကြားရှိ သစ်သားတံတားအား ဟောင်းနွမ်းဆွေးမြည့်နေသည့် အစိတ်အပိုင်းများကိုအသစ်များဖြင့် တပ်ဆင်ဆောက်လုပ်ပေးခဲ့ကြသည်။ အဆိုပါတံတားသည် ဗန်းမော်မြို့သစ် ဒေါ့ဖုန်းယန်း-မြစ်ကြီးနားလမ်းမပေါ်တွင် တည်ရှိ၍ အဓိကအရေးပါသော တံတားဖြစ်ပြီး ဗန်းမော်နှင့် မြို့သစ် အကြားရှိ ကျေးလက်ဒေသများက အားကိုးအားထားပြု သွားလာနေကြရသည်။ ယခုကဲ့သို့ ပြုပြင်တည်ဆောက်ပေးသဖြင့် ပြည်သူများဝမ်းမြောက်ဝမ်းသာရှိနေကြသည်။ **(အောက်ပုံ)**

ဆီမီးခုံ-နန်းရီ

တာချီလိတ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

တာချီလိတ် မေ ၁၀

မေ ၇ ရက် ည ၉ နာရီက တာချီလိတ်(မူးယစ်)အဖွဲ့မှ ရဲအုပ် ကျော်သူ၊ နယ်မြေခံတပ်မှ ဗိုလ်ရာဇာလင်းနှင့် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ ဒုရဲအုပ် အောင်ဆန်းဝင်းတို့ ဦးစီးသော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ အဝင် လွယ်တော်ခမ်းဂိတ်၌ တာဝန်ထမ်းဆောင်စဉ် ဖြတ်သန်းသွားလာလျက်ရှိသော မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များကို အများပြည်သူလုံခြုံရေးအတွက် စစ်ဆေးရှာဖွေလျက်ရှိရာ မိုင်းဆတ်မြို့မှ တာချီလိတ်သို့ စိုးရွှေ မောင်းနှင်ပြီး အယ်ပွဲ လိုက်ပါလာသော Toyota Hilux Vego အမျိုးအစား ယာဉ်အမှတ် ၆ဂ/. . . ပါ မော်တော်ယာဉ်အား သက်သေများ၏ရှေ့တွင် ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်မောင်းထိုင်ခုံအောက်ရှိ အစိမ်းရောင်တောစီးဖိနပ်အတွင်း စပွန်ဆာတံဆိပ်ပါ ဖန်ပုလင်းဖြင့် ထည့်ထားသော အလေးချိန် ၃၅ ဂရမ်ခန့်ပါ ဘိန်းဖြူများကို ရှာဖွေတွေ့ရှိခဲ့သဖြင့် စိုးရွှေ (၅၃ နှစ်)နှင့် အယ်ပွဲ (၄၄ နှစ်)တို့အား သက်ဆိုင်ရာရဲတပ်ဖွဲ့က အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဝ၆ဝ)

စက်လှေတိမ်းမှောက်၍ လေးဦးပျောက်ဆုံး

နေပြည်တော် မေ ၁၀

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ရွာတော်ကျေးရွာနေ ဦးမောင်ကို (၅၆ နှစ်) မောင်းနှင်ပြီး အလုပ်သမားများနှင့်သဲများ တင်ဆောင်လာသည့် စက်လှေသည် ဧရာဝတီမြစ်အတွင်းမောင်းနှင်လာစဉ် မင်းလှမြို့နယ် ရွာတော်ကျေးရွာ ခမ္မိကတောရကျောင်းတိုက်အနီး မြင်းကျတောင်ဝဲကို ဖြတ်သန်းစဉ် မေ ၆ ရက် နံနက် ၁၁ နာရီက စက်လှေမထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့သည်။ စက်လှေတိမ်းမှောက်မှုကြောင့် စက်လှေပေါ်တွင် လိုက်ပါသည့် မင်းလှမြို့နယ် ရွာတော်ရွာနေ ဇော်ဝင်းမြင့် (၃၉ နှစ်)ပါ ကျားနှစ်ဦး၊ မလေးဦး စုစုပေါင်း ခြောက်ဦးအား အနီးပတ်ဝန်းကျင်ရှိ စက်လှေမော်တော်များမှ ဝိုင်းဝန်းဆယ်ယူရရှိပြီး ဦးမောင်ကိုပါ ကျားနှစ်ဦး၊ မနှစ်ဦး စုစုပေါင်းလေးဦးတို့မှာ ပျောက်ဆုံးလျက်ရှိသဖြင့် လိုက်လံရှာဖွေလျက်ရှိကြောင်း သိရသည်။ ရေယာဉ်ပေါ့ဆစွာ မောင်းနှင်သူ ဦးမောင်ကိုအား မင်းလှမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဇာနည်**

ကျောက်မဲ၌ နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေး

ကျောက်မဲ မေ ၁၀

ကျောက်မဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်များ မပြုလုပ်ရသေးသောသူများအား မေ ၇ ရက်က မိုးပွင့်အဆင့် (၅) စီမံချက်ဖြင့်ကွင်းဆင်း၍ အဆိုပါ ရုံးခန်း၌ ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပြီးစီးခဲ့သော အမှတ် (၁) ရပ်ကွက်၊ အမှတ် (၃)ရပ်ကွက်၊ အမှတ် (၆)ရပ်ကွက်နှင့် နားခေါ်ကျေးရွာတို့မှ တာဝန်ရှိသူများအား မြို့နယ်ဦးစီးမှူး ဦးအောင်သွင်ဦးက နိုင်ငံသားစိစစ်ရေးကတ် ၂၂၆ ခုကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဝ၉ဝ)

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
မဟာဝိဇ္ဇာသင်တန်းအတွက် သင်တန်းသားများ ခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် မဟာဝိဇ္ဇာ (အင်္ဂလိပ်ဘာသာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားခြင်း)ပထမနှစ်သင်တန်းကို ၂၀၁၃ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်မည် ဖြစ်ပါသည်။

၂။ သင်တန်းတက်ရောက်လိုသူများသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) မဟာဝိဇ္ဇာ(အင်္ဂလိပ်ဘာသာကို နိုင်ငံခြားဘာသာအဖြစ် သင်ကြားခြင်း) ပထမနှစ်သင်တန်းတက်ရောက်ရန် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူဖြစ်ရမည်။

၃။ ၂၀၁၃ ခုနှစ် မေ ၁၆ ရက်နောက်ဆုံးထား၍ လျှောက်လွှာတင်သွင်းကြရမည်။ သင်တန်းဝင်ခွင့် ကြေညာချက်အပြည့်အစုံကို ရုံးချိန်အတွင်း ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် မော်ကွန်းထိန်းရုံးခန်း (ကျောင်းသားရေးရာဌာန)တွင် လာရောက်စုံစမ်း မေးမြန်းနိုင်ပါသည်။

ဖုန်း-၅၁၄၃၇၁(လိုင်းခွဲ-၈၀၉)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါလေလံတင်ရောင်းချရန်ကြေငြာခြင်း

၁။ မြန်မာ့မီးရထားမှ အသုံးမပြုတော့သည့် အောက်ဖော်ပြပါပစ္စည်းများကို အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချလိုပါသည်-

တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁/၂၀၁၃-၂၀၁၄/မမ	(၁)ချောဆီပျက်(၇,၀၀၀)ဂါလံ	1 Lot
	(၂)ချောဆီပျက်(၁၃,၀၀၀)ဂါလံ	1 Lot

တင်ဒါပိတ်ရက်/အချိန်-၂၈.၅.၂၀၁၃(အင်္ဂါနေ့)(၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင်(၉.၅.၂၀၁၃) ရက်နေ့မှစ၍ ရုံးချိန်အတွင်းဝယ်ယူ နိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၄င်းဌာနသို့ စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊
ကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊
ဖုန်း -01- 291991, 291994.

ဂျုံဖွဲကြမ်းအဝယ်တင်ဒါ(မြန်မာကျပ်ငွေဖြင့်)

၁။ ဝယ်ယူမည့်ပစ္စည်းအမည် - ဂျုံဖွဲကြမ်း
၂။ တင်ဒါပိတ်ရက်နှင့်အချိန် - ၇-၆-၂၀၁၃ရက်၊ ညနေ၄နာရီ
၃။ ပစ္စည်းပေးသွင်းရမည့်အရေအတွက် -

စက်ရုံ/စခန်းအမည်	အရေအတွက်
အမှတ် (၁)ဆေးဝါးစက်ရုံ(ရန်ကုန်)	၁၉၀ တန်
မြင်းနှင့်သိုး မွေးမြူရေးစခန်း(ရန်ပယ်)	၁၂၂ တန်
မြင်း မွေးမြူရေးစခန်း(ဟဲဟိုး)	၉၄ တန်

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

တယ်လီဖုန်းအမှတ်
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်) ၀၆၇-၄၀၈၀၇၆
ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန ၀၆၇-၄၀၈၃၅၄
နေပြည်တော်။

တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာ အဆိုပြုလွှာတင်ပြရန် ဖိတ်ကြားခြင်း

၁။ မြန်မာနိုင်ငံလယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်းလီမိတက် MAPCO နှင့် ဂျပန်နိုင်ငံ Mitsui & Co., Ltd. တို့ပူးပေါင်းတည်ဆောက်မည့် Integrated Rice Complex Project တွင် တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်အတွက် ပြည်တွင်းတည်ဆောက်ရေး ကုမ္ပဏီများထံမှ အဆိုပြုလွှာများ ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပြုလွှာတင်ပြရာတွင် Steel Structure Warehouse များနှင့် အဆိုပါ Steel Structure Warehouse များ၏ Foundation လုပ်ငန်းများ၊ အခြားသက်ဆိုင်သောလုပ်ငန်းများ တည်ဆောက်ခဲ့သော အတွေ့အကြုံရှိပြီးဖြစ်သည့် ပြည်တွင်းလုပ်ငန်း/ကုမ္ပဏီများမှ အဆိုပြုတင်ပြရန်ဖြစ်ပါသည်။ တင်ပြလာသော ကုမ္ပဏီ/လုပ်ငန်းများအနက်မှ ရွေးချယ်မှုစံနှုန်းများနှင့်ကိုက်ညီသည့် ကုမ္ပဏီများကို Shortlist ပြုလုပ်ထားပြီး MAPCO-Mitsui IRCP တည်ဆောက်ရေးလုပ်ငန်းများတွင် လုပ်ငန်းအပ်နှံဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ အသေးစိတ် အချက်အလက်များကို MAPCO ရုံးချုပ်၊ တည်ဆောက်ရေးဌာနခွဲ အမှတ်(၁၈၁/၁၈၃)၊ အခန်းနံပါတ် (D1)၊ ပထမထပ်၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

အမည်ပြောင်း

ကွန်ဟိန်း အထက၊ ပဉ္စမတန်းမှ နန်းချယ်ရီမြင့်အား ယနေ့မှစ၍ နန်းချယ်ရီသင်းဟု ပြောင်းလဲခေါ်ပါရန်။ **နန်းချယ်ရီသင်း**

ဖခင်အမည်မှန်

ကွန်ဟိန်း အထက၊ ပဉ္စမတန်းမှ နန်းချယ်ရီသင်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းကူ ဖြစ်ပါကြောင်း။ **ဦးစိုင်းကူ**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ခုနှစ်အတွင်း တောင်ကြီးဗဟို ဆေးသိုလှောင်ရေးဌာနခွဲမှ ဆေးပစ္စည်းများကို ကျိုင်းတုံအထိ ပို့ဆောင်နိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၁၃-၅-၂၀၁၃ရက် နံနက် ၉:၃၀ နာရီမှ ၆:၃၀ နာရီတွင် ပြည်နယ်ကျန်းမာရေးရုံးဝင်းရှိ ဗဟိုဆေးသိုလှောင်ရေးရုံး၌ လာရောက်ယူနိုင်သည်။

၃။ တင်ဒါပေးသွင်းမှုကို ၂၀၁၃ခုနှစ် မေလ ၂၈ရက် ညနေ ၁၆:၃၀နာရီတွင် ပိတ်ပါမည်၊ အသေးစိတ်အချက်အလက်ကို ရုံးချိန်အတွင်း ဌာန၌ လာရောက်စုံစမ်းနိုင်ပါသည်။

ဗဟိုဆေးသိုလှောင်ရေးဌာနခွဲ၊ သစ်တောရပ်
ပြည်နယ်ကျန်းမာရေးရုံးဝင်း၊ ဖုန်း-၂၁၂၁၉၇၉

ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ သံကူကွန်ကရစ်အဆောက်အအုံများအား အဆောက်အအုံဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ တည်နေရာနှင့်လုပ်ငန်းများ-

၂။ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) တည်နေရာ
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဆန်းချီအနောက်တိုးချဲ့မြို့ကွက်သစ် (Face-2)အကွက်အမှတ် (၂၄)

(ခ) လုပ်ငန်းများ
(၁) ခြောက်ခန်းတွဲနှစ်ထပ် (၁၂)ခန်း(R.C) စုစုပေါင်းဧရိယာ ၈၁၁၂ စတုရန်းပေ
(၂) ၁၂ခန်းတွဲတစ်ထပ်(၁၂)ခန်း (အပျို/လူပျိုဆောင်)၊ စုစုပေါင်းဧရိယာ ၄၀၈၀ စတုရန်းပေ
(၃) တင်ဒါရောင်းချမည့်ရက် ။ ။ ၁၃-၅-၂၀၁၃ရက်မှ ၁၉-၅-၂၀၁၃ရက်အထိ နေ့စဉ် နံနက် ၁၀နာရီမှ မွန်းလွဲ ၂နာရီအထိ
(၄) တင်ဒါစိစစ်မည့်ရက် ။ ။ ၁၁-၆-၂၀၁၃ ရက်

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော လိုအပ်သည့်တင်ဒါပုံစံ၊ စည်းကမ်းချက်များ၊ ဗိသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တိုင်းဒေသကြီးဦးစီးမှူးရုံး၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၃၈၆၅

ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့နယ်၊ စကု အထကမှ အဋ္ဌမတန်းအောင်မြင်ပြီးဖြစ်သော မမေအေးချမ်း၏ ဖခင်အမည်မှန်မှာ ဦးနေမျိုးလင်းကျော် ၈/မဘန(နိုင်)၁၁၄၈၀၅ ဖြစ်ပါကြောင်း။ **ဦးနေမျိုးလင်းကျော်**

မသက်ဆိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ သာယာအေးလမ်း၊ အမှတ် (စီ/၂၇)နေ ဦးဟန်စိန်-ဒေါ်ဝင်းစိန်တို့၏ချွေးမ မနီနီဝင်း ၇/နတလ(နိုင်)၀၂၅၂၀၁သည် ယောက္ခမ၊ ခဲအို၊ ယောက်မတို့၏စကားကို နားမထောင်ပါသဖြင့် ယနေ့မှစ၍ ချွေးမအဖြစ်မှ မသက်ဆိုင်ပါကြောင်းနှင့် နောက်နောင် ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ **ဦးဟန်စိန်-ဒေါ်ဝင်းစိန်**

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နယ်၊ လက်ပံတံခါးကျေးရွာမှ ဦးကေထွန်း၏သမီး မခင်ရွှေ ၈/မလန(နိုင်)၀၆၈၅၆၂သည် မိဘမောင်ဘွားများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးကေထွန်း ၈/မလန(နိုင်)၀၁၇၄၄၅

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

မောင်ဖြိုးအာကာ ၇/မလန(နိုင်)၀၈၆၃၀၉(ဘ)ဦးစန်းဝင်းနှင့် မခင်အေးနွယ် ၁၂/လသန(နိုင်)၀၂၀၀၀၇(ဘ)ဦးတင်မောင်နွယ်တို့သည် စိတ်သဘောထားချင်းတိုက်ဆိုင်မှု မရှိသောကြောင့် နှစ်ဦးသဘောတူ ၅-၃-၂၀၁၂ရက်တွင် ရန်ကုန်မြို့ ကျောက်တံတားတရားရုံး၌ ကွာရှင်းပြတ်စဲထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖြိုးအာကာ
၇/မလန(နိုင်)၀၈၆၃၀၉

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပြောင်းစိုက်တောင်သူများ ဈေးကောင်းရ၍ ပျော်ရွှင်

ရေတာရှည် မေ ၁၀

ရေတာရှည်မြို့နယ် ကျောက်ချောင်းကျေးရွာ ပြည်သူများသည် မိသားစုစားဝတ်နေရေးအဖြစ် ၎င်းတို့၏ယာကွက်များတွင် ပြောင်းစိုက်ခြင်းလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြသည်။

ပြောင်းစိုက်ပျိုးသူများအနက်မှ စီးပွားဖြစ်စိုက်ပျိုးသော ဦးသိန်းလှိုင်၏ ပြောင်းစိုက်ခင်းကို သွားရောက် လေ့လာခဲ့ရာ "အခုနှစ်မှာ အပင် ပေါင်း ၂၀၀၀၀ ကျော် စိုက်ပျိုးထားပြီး အခုအဖူးဆွတ်ခူးချိန်အထိ ကုန်ကျစရိတ် ငွေကျပ် ၁၀ သိန်းခန့်ရှိပြီ ဖြစ်ပါတယ်။ ပထမဆွတ်ခူးချိန်တုန်းက တစ်ဖူးကို ကျပ် ၁၅၀ နှုန်းနဲ့ တောင်ငူ၊ ရေတာရှည်မြို့တွေကို အဖူးပေါင်း ၁၅၀၀၀ လောက် ဖောက်သယ်ပေးခဲ့တာငွေကျပ်၂၂၅၀၀၀၀ ခန့် ရရှိခဲ့ပါတယ်။ အခုနှစ်မှာ အဖူးပေါင်း ၂၀၀၀၀ ခန့် ထွက်ရှိမယ်လို့ မျှော်မှန်းထားပါတယ်။ အဲဒီလိုအကျိုးအမြတ်များများရခဲ့မယ်ဆိုရင် လယ်ယာသုံးစက်ပစ္စည်းဖြစ်တဲ့ တောင်ပေါ်ကျွဲတို့၊ ကြိုးကြာတို့ ဝယ်နိုင်မှာပါ"ဟု ပြောင်းစိုက်ပျိုးသူ ဦးသိန်းလှိုင်က ပြောပြခဲ့သည်။

ဝေဖြိုး(ရေတာရှည်)

မေလ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဆင့်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် မေလ ဒုတိယ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်ပါသည်။ အဆိုပါကာလအတွင်း မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပါသည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေများမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်ရွာနိုင်ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ၇ ရက် မှ ၈ ရက်ခန့်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန် ပြည်နယ်တို့တွင် ၅ ရက်မှ ၆ ရက်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ၃ ရက်မှ ၄ ရက်ခန့် ရွာသွန်းနိုင်သည်။

နေ့အပူချိန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်အောက် လျော့နည်းနိုင်သည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၅၀ စင်တီမီတာ(၅-ပေခန့်)၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၉၀ စင်တီမီတာ(၃-ပေခန့်)နှင့် ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၇၅ စင်တီမီတာ(၂-ပေခွဲခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၁၅၀ စင်တီမီတာ (၅-ပေခန့်)နှင့် မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၉၀ စင်တီမီတာ(၃-ပေခန့်) လက်ရှိရေမှတ်များ၏အထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း နှစ်လည်စည်းဝေးမည်

ရန်ကုန် မေ ၁၀

မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း ၂၀၁၃-၂၀၁၄ ခုနှစ် (၁၈)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို မေ ၁၇ ရက်(သောကြာနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် (Grand Ballroom) ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အောင်သူရ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
၂၀၁၃-၂၀၁၄ ခုနှစ် ပညာသင်နှစ် အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက်
သင်တန်းသားသစ်များ ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် သင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါ၍ ၂၀၁၃ခုနှစ်တွင် အဋ္ဌမတန်းအောင်မြင်သော အသက်(၁၇)နှစ်အောက် ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်သည်။

၂။ (၂)နှစ်သင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက AGTI ပထမနှစ်သို့ တိုက်ရိုက်တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။

၃။ (၂)နှစ်သင်တန်းကို ရိုးရိုးအဆင့်ဖြင့်အောင်မြင်ပါက လုပ်ငန်းခွင်လက်တွေ့သင်တန်း လေးလတက်ရောက်ရမည်ဖြစ်ပြီး သင်တန်းအောင်မြင်ကြောင်းလက်မှတ် Certificate ရရှိပြီးပါက အစိုးရဌာနများတွင် ပုဂ္ဂလိကလုပ်ငန်းများသို့ စက်မှုကျွမ်းကျင်ဝန်ထမ်းအဖြစ် အလုပ်လျှောက်ထားနိုင်မည်ဖြစ်သည်။ ပညာဆက်လက်ဆည်းပူးလိုပါက ပထမနှစ်သင်တန်းအောင်မြင်ပြီး ဒုတိယနှစ်သင်တန်းအောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးကို ပြင်ပဖြေအနေဖြင့် ဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်သည်။

ဖွင့်လှစ်မည့် သင်တန်းများ

၄။ အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-
- (က) အဆောက်အအုံနည်းပညာသင်တန်း (Building Technology)
- (ခ) အီလက်ထရွန်နစ်နည်းပညာသင်တန်း (Electronics Technology)
- (ဂ) လျှပ်စစ်နည်းပညာသင်တန်း (Electrical Technology)
- (ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း (Auto Mechanics Technology)
- (င) စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာသင်တန်း (Machining Technology)
- (စ) လေအေးစက်နှင့် အအေးပေးစနစ် ပြုပြင်ထိန်းသိမ်းမှုနည်းပညာသင်တန်း (Refrigeration and Air Conditioning Technology)
- (ဆ) သတ္တုပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်း (Metal Process Technology)
- (ဇ) သုတနည်းပညာသင်တန်း (Information Technology)

သင်ကြားရမည့်ဘာသာရပ်များ

၅။ အောက်ပါဘာသာရပ်များကို သင်ကြားရမည်ဖြစ်ပါသည်-

(က) မြန်မာစာ	(င) ဓာတုဗေဒ
(ခ) အင်္ဂလိပ်စာ	(စ) ဘောဂဗေဒ
(ဂ) သင်္ချာ	(ဆ) မိမိသင်တန်း၏ အထူးပြုဘာသာရပ်
(ဃ) ရူပဗေဒ	(ဇ) ပုံဆွဲဘာသာရပ်

ကျောင်းအပ်စတင်လက်ခံမည့်ရက် - ၁၄-၅-၂၀၁၃ရက် (အင်္ဂါနေ့)
ကျောင်းစတင်ဖွင့်လှစ်မည့်ရက် - ၃-၆-၂၀၁၃ရက် (တနင်္လာနေ့)
ကျောင်းလက်ခံမည့်နောက်ဆုံးရက် - ၁၀-၆-၂၀၁၃ရက် (တနင်္လာနေ့)

၆။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို နီးစပ်ရာအစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ရယူလျှောက်ထားနိုင်ပြီး ၇-၆-၂၀၁၃ရက် (သောကြာနေ့) နောက်ဆုံးထား၍ မိမိလျှောက်လွှာရယူထားသည့် အစိုးရနည်းပညာအထက်တန်းကျောင်းသို့ တင်သွင်းရမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက မိမိလျှောက်လွှာရယူသော အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

သဲအင်းဂူ ခုနစ်ရက်အဓိဋ္ဌာန် တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း၊ သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၃ခုနှစ် မေ ၁၉ရက်မှ ၂၆ရက်အထိ ခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ကျင်းပသွားမည်ဖြစ်ပါသည်။ တရားစခန်းပွဲတွင် အဖွဲ့၏ ကမ္မဋ္ဌာနာစရိယဆရာတော် ဦးရေဝတ(မုံရွာ)အရှင်သူမြတ်က သမထဝိပဿနာတရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ မေ ၁၈ရက် (စနေနေ့) ညနေ ၅း၀၀နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်း လှူဒါန်းလိုသူများနှင့် ဆွမ်းစားဆောင်ပြုပြင်ရန် အလှူရှင်များ ဖုန်း-၀၉-၈၆၂၃၉၉၇သို့ ဆက်သွယ်ပါရန် နှိုးဆော်အပ်ပါသည်။

နိုင်ငံခြားဘာသာသိပ္ပံတက္ကသိုလ် ပြင်သစ်ဘာသာကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ

နိုင်ငံခြားဘာသာသိပ္ပံ/တက္ကသိုလ်၊ ပြင်သစ်ဘာသာကျောင်းသားဟောင်းများမှ သင်ကြားပို့ချပေးခဲ့ကြသော ဆရာ ဆရာမများအား ပူဇော်ကန်တော့ပွဲကို ၁၅-၆-၂၀၁၃ရက်(စနေနေ့)တွင် ဓမ္မစေတီကျောင်းတိုက်၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၌ နံနက် ၇နာရီမှ ၉နာရီအတွင်း ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက်တက်ရောက်ပူဇော်ကန်တော့ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ **(မှတ်ချက်- မည်သူ့ကိုမျှ သီးသန့်ဖိတ်စာမပို့ပါ)**

အောက်ပါကျောင်းသား ကျောင်းသူဟောင်းများထံတွင် အလှူငွေဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(၁) ဒေါ်နှင်းခင် ဖုန်း-၀၉-၅၁၄၂၄၅၇၊ (၂) ဒေါ်စန္ဒာကြည် ဖုန်း-၀၉-၅၁၁၂၈၃၄၊ (၃) ဒေါ်ခင်နွယ်စိန် ဖုန်း-၀၉-၅၁၁၄၂၉၆၊ (၄) ဒေါ်တင်တင်မာ ဖုန်း-၀၉-၅၁၅၀၉၄၅၊ (၅) ဒေါ်အေးအေးသန့် ဖုန်း-၀၉-၅၁၇၈၅၅၂၊ (၆) ဦးထွန်းစိုး ဖုန်း-၀၉-၅၁၆၁၇၉၅၊ (၇) ဒေါ်ခင်သီတာအေး ဖုန်း-၀၉-၅၀၃၄၃၀၁၊ (၈) ဒေါ်သီတာထွန်း ဖုန်း-၀၉-၅၁၈၇၇၂၀၊ (၉) ဒေါ်ခင်မာကြည် ဖုန်း-၀၉-၅၁၃၉၂၈၇

ပြည်ထောင်စုရှေ့နေချုပ်ရုံးအတွက် ရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရှေ့နေချုပ်ရုံးအတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်း အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

ရုံးသုံးစက်ကိရိယာ

(၁)	Grass Cutter (Thailand)	(၄)လုံး
(၂)	Micro Wave oven-28 (Liters)	(၃)လုံး
(၃)	Air Conditioner (1.5Hp Split Type)	(၆)လုံး
(၄)	မိတ္တူကူးစက် (Canon-Copier IR 242oL)	(၅)လုံး

ရုံးသုံးပရိဘောဂ

(၁)	မီးခံသေတ္တာ (၂'×၂'×၂')	(၁)လုံး
(၂)	လက်တန်းမပါ ကြိမ်ကုလားထိုင်	(၃၀)လုံး

၂။ အိတ်ဖွင့်တင်ဒါများကို ၂၀-၅-၂၀၁၃ရက်နောက်ဆုံးထား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ရုံးအမှတ် ၂၅၊ နေပြည်တော်သို့ပေးပို့ရန် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူမှု စိစစ်ရေးကော်မတီ
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ရုံးအမှတ် ၂၅၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၄၂၈၂၊ ၀၆၇-၄၀၄၁၇၃၊ ၀၆၇-၄၀၄၁၄၆

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန မြေတိုင်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါတိုင်းတာရေးကိရိယာများအား ဌာနအရောက် တန်ဖိုး(D.D.P)(နေပြည်တော်)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	Tender No.01/Survey Instrument/SD/2013-2014	
(က)	Trimble RTK GPS System (Model:R-10) (Complete Accessories with Processing Software)	(1) Complete set
	Tender No.02/Survey Instrument/SD/2013-2014	
(ခ)	Trimble Total Station (Accuracy:1 sec.)	(6) Complete sets

၂။ ပစ္စည်းများ၏ (Technical Specification)များအား ၂၈-၅-၂၀၁၃ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးထား၍ ကြိုတင် တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါများအား ၃၁-၅-၂၀၁၃ရက် ၁၂ နာရီတွင်နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပြီး ၁၄း၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူမှုစိစစ်ရေးအဖွဲ့
မြေတိုင်းဦးစီးဌာန
မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၃၀၇၃၊ ၀၆၇-၄၁၃၅၈၅

အများသိစေရန်

ကျွန်မ ဒေါ်ငွေငွေဝင်း ၁၂/မဂတ(နိုင်)၀၅၄၄၅၅ ၏ ခင်ပွန်း နူမာမက်(ခ)ဦးတင်နု ၁၂/မဂတ(နိုင်)၀၅၆၂၅၃သည် သည်းခံခွင့်မလွှတ်နိုင်သောကိစ္စရပ်များကို ကျူးလွန်း၍ စိတ်ဆင်းရဲမှုများ အမျိုးမျိုးဖြစ်ပေါ်အောင် ပြုမူခဲ့ပြီး မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဒေါ်ငွေငွေဝင်း
၁၂/မဂတ(နိုင်)၀၅၄၄၅၅

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၄၄၃နေ ကျွန်မ ဒေါ်တင်အေးမူ ဦးဝင်းမောင်(ကွယ်လွန်)တို့၏သား မောင်မျိုးသန့် ၁၂/ဗဟန(နိုင်)၀၈၅၄၅၅သည် မိခင်ဖြစ်သူ၏ ဆုံးမစကားကို နာခံခြင်းမရှိဘဲ ခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကြောင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်ပါသည်။ နောက်နောင်တွင်လည်း မောင်မျိုးသန့်နှင့် ပတ်သက်၍ မည်သို့မျှ မသက်ဆိုင်တော့ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်တင်အေးမူ
၁၂/ဗဟန(နိုင်)၀၅၄၃၃၉

ပြည်တွင်းသတင်း

အင်းစိန်၌ သန့်ရှင်းရေးပညာပေး ဟောပြော

ရန်ကုန် မေ ၁၀

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ပေါက်တောရပ်ကွက်နေ ပြည်သူများ အမှိုက်အစို၊အခြောက် အိတ်များဖြင့် ခွဲခြားစွန့်ပစ်မှုစနစ် ကျင့်သုံးနိုင်ရန် ဆွေးနွေးဟောပြော ပွဲကို ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မေ ၄ ရက် ညနေ ၆ နာရီက ကျင်းပခဲ့ ရာ အင်းစိန်မြို့နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဆောင်ရွက်နေသော သန့်ရှင်းရေး လုပ်ငန်းများဌာနမှ ကောက်ခံနေ သော သန့်ရှင်းရေးဆိုင်ရာ ဆောင် ရွက်ခအခြေအနေများနှင့် အမှိုက် အစို၊ အခြောက်များကို သတ်မှတ် အမှိုက်အိတ်များဖြင့် ခွဲခြားစွန့်ပစ်ရန်၊ ရပ်ကွက်နေပြည်သူများအား အမှိုက် ကန် ၄၁ ကန်၊ အမှိုက်ပုံး ၃၁ ပုံး နှင့် ခေါင်းလောင်းတီးလှည်း၊ ကား များ ဆောင်ရွက်ပေးပြီးဖြစ်၍ ပြည်သူ များက အမှိုက်အစို၊ အမှိုက်ခြောက် များကို သတ်မှတ်အိတ်များဖြင့် ခွဲခြား စွန့်ပစ်ရန် ဌာနစုမှူးဦးကျော်မျိုးလွင်၊ လက်ထောက် အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်တာဝန်ခံတို့က ဟောပြော ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

“မြို့နယ်အတွင်း ခေါင်းလောင်း တီးစနစ်ကို အရင်က ရပ်ကွက်သုံးခု သာ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ အခု ရပ်ကွက်ပေါင်း ၁၅ ခုအထိ တိုးချဲ့ ဆောင်ရွက်ပေးခဲ့ပါတယ်။ အရင်က အမှိုက်ပုံး ၂၆ ပုံး ထားပေး ခဲ့ရာမှ အမှိုက်စွန့်ပစ်မှု ပိုမိုလွယ်ကူ စေရန်အတွက် ၁၃၁ ပုံးအထိ ချထား ပေးပြီး နေ့စဉ်သိမ်းဆည်းပေးနေပါ တယ်” ဟု မြို့နယ်တာဝန်ခံ ဦးကျော် မိုးလှိုင်က ပြောကြားခဲ့သည်။

လက်ရှိတွင် အင်းစိန်မြို့နယ် အတွင်းရှိ ဈေးကိုးဈေး၊ **(အပေါ်ပုံ)** ဌာနဆိုင်ရာ ဝင်းခြောက်ခုတို့၌ ဟော ပြောပွဲများ ဆောင်ရွက်ပေးခဲ့ပြီး ဧပြီလမှစတင်၍ အင်းစိန်မြို့နယ် အတွင်းရှိ ရပ်ကွက်ပေါင်း ၂၁ ရပ် ကွက်တို့တွင် ပြည်သူများအမှိုက် စနစ်တကျစွန့်ပစ်ရန် တစ်ရပ်ကွက် ချင်း အနီးကပ်အသိပညာပေးဆွေးနွေး ဟောပြောပွဲများ ကျင်းပသွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။ **(၁၆၃)**

မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

မလှိုင် မေ ၁၀

(၆၇)နှစ်မြောက်မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မလှိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် မေ ၄ ရက်က မြို့နယ်ပြည်သူ့ ဆေးရုံကြီး အတွင်းအပြင်သန့်ရှင်းရေးကို စုပေါင်းဆောင်ရွက်ကြသည်။

မီးသတ်ဦးစီးဌာနမှ မီးသတ်ရဲဘော်များနှင့်ရပ်ကွက်ကျေးရွာများမှ အရန်မီး သတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၅၀ ခန့်က ဆေးရုံကြီးအပြင်ဘက်ရှိ အမှိုက်များ၊ သစ်ပင်ချုံပင်များခုတ်ထွင်ရှင်းလင်းခြင်း၊ ဆေးရုံအတွင်းပိုင်းရှိ လူနာဆောင်များ၊ လူသွားစင်္ကြံလမ်းများကို မီးသတ်ရေပိုက်များနှင့်ဆေးကြော သန့်စင်ခြင်း၊ တံမြက်စည်းလှည်းသန့်ရှင်းရေးဆောင်ရွက်ခြင်းလုပ်ငန်းများ ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(ဝ၈၃)**

အမြန်ရေယာဉ်ပေါ်၌ လျှပ်စစ်ဓာတ်ကြိုးတပ်စဉ် ဓာတ်လိုက်သေဆုံး

နေပြည်တော် မေ ၁၀

စစ်တွေမြို့ ပြည်သူ့ဆေးရုံသို့ ဓာတ်လိုက်သေဆုံးသူတစ်ဦး ရောက် ရှိနေကြောင်း သတင်းအရ စစ်တွေ အမှတ်(၂) ရဲစခန်းမှတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ “ရွှေပြည်တန်” အမြန်ရေယာဉ်၏ ဒုရေ ယာဉ်မှူး ဦးသန်းလွင်(၄၄ နှစ်)ဖြစ်ပြီး မေ ၆ ရက် ညနေ ၄ နာရီက ရေ ယာဉ်အတွင်း လျှပ်စစ်ဓာတ်ကြိုးများ တပ်နေစဉ် ဓာတ်လိုက်လဲကျသေဆုံး ခြင်းဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရ သဖြင့် စစ်တွေအမှတ်(၂)ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိ ရသည်။ **ဇာနည်**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

တန်းတောင်တော်ဓာတ်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

ပုဏ္ဏားကျွန်း မေ ၁၀

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ နယ် ကျောက်ဆိပ်ကျေးရွာအနီးရှိ သမိုင်းဝင် တန်းတောင်တော်ဓာတ် စေတီတော်မြတ်၏ ဗုဒ္ဓပူဇနိယပွဲ တော်ကို မေ ၅ ရက်က သံဃဒါန ဆွမ်းကျွေးပွဲ၊ ဗုဒ္ဓါဘိသေက အနေ ကဇာတင်ပွဲ၊ အသံမစဲ ပဌာန်းတရား ပွဲ၊ စုပေါင်းရှင်ပြု ရဟန်းခံပွဲ စသည် တို့ကျင်းပရာ ရပ်နီးရပ်ဝေးမှ ဒေသခံ ပြည်သူများ သွားရောက်ဖူးမြော် ကုသိုလ်ပါဝင်ခဲ့ကြသည်။

ဗုဒ္ဓရှင်တော်ဘုရား၏ ဗျာဒိတ် တော်အရ ဘုရားလောင်းနစဉ်ဘဝ က ကြက်မင်းတစ်စစ်ဖြစ်ခဲ့ဖူးသော ဉာဏ်ကိန္နပဗ္ဗတတောင်ရှိ ပြိုပျက်နေ သော ကောဇာ ၆၃၄ နှစ်က ရခိုင် ပြည့်ရှင်ဘုရင်မင်းရာဇာ၏ ကောင်း မှုတော် သမိုင်းဝင်တန်းတောင်တော် ဓာတ် စေတီတော်အား ဦးဘလှ(လ/ ထည္ဆန်မှူး၊ နေပြည်တော်စည်ပင်) နှင့်ဇနီး ဒေါ်ခင်ခင်အေး မိသားစုတို့ က ၂၀၀၉ ခုနှစ် မတ် ၂၇ ရက်က ပြန်လည်ပြုပြင်မွမ်းမံ တည်ထားခဲ့ ကြောင်း သိရသည်။ **ညေသူ**

ပါဠိပထမပြန် စာအောင်သံဃာများဆုနှင်း

ကန်ကြီးထောင့် မေ ၁၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ် ခရိုင် ကန်ကြီးထောင့်မြို့နယ် အမှတ် (၁)ရပ်ကွက် မင်္ဂလာရာမကျောင်း တိုက်တွင် မေ ၈ ရက် နံနက် ၈ နာရီခွဲက ၂၀၁၂ ခုနှစ် ပါဠိပထမပြန် စာအောင်သံဃာတော် ဆုနှင်းသဘင် အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ကန်ကြီး ထောင့်မြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က သာသနာရေးဆိုင်ရာ များ လျှောက်ထားခဲ့ပြီး တက်ရောက် လာသူ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များက ၂၀၁၂ ခုနှစ် စာအောင်သံဃာများဖြစ်သော အကြီးတန်းသံဃာ ၁၇ ပါး၊ အလတ် တန်းသံဃာ ခြောက်ပါးနှင့် အငယ် တန်းသံဃာ ရှစ်ပါး စုစုပေါင်း ၃၁ ပါးတို့အား ဆုလက်မှတ်နှင့် ဝတ္ထုငွေ များ ဆက်ကပ်လှူဒါန်းခဲ့သည်။

ကန်ကြီးထောင့် မြို့နယ်တွင် ၂၀၁၃ ခုနှစ် ပါဠိပထမပြန်စာပေးပွဲ အား အခြေခံပညာအထက်တန်း ကျောင်း အမျိုးသားခန်းမ၌ မေ ၈ ရက်မှ ၁၄ ရက်အထိ ကျင်းပသွား မည်ဖြစ်ပြီး ဖြေဆိုသံဃာစုစုပေါင်း ၁၁၂ ပါးရှိကြောင်း သတင်းရရှိသည်။ **မဇင်(ရွှေကန်မြေ)**

ရွှေဘုန်းပွင့်စေတီတော် ညောင်ရေသွန်းလောင်းပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ၁၃၇၅ ခုနှစ် ကဆုန် လပြည့်(ဗုဒ္ဓနေ့) ၂၀၁၃ခုနှစ် မေ ၂၄ ရက် (သောကြာနေ့) နံနက် ၅း၀၀နာရီတွင် ဩဝါဒါစရိယဆရာတော်များ ဦးဆောင်၍ ဆရာတော်သံဃာအပါး ၅၀ကျော်နှင့် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့တို့က ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဆွမ်းတော်ကြီးကပ်လှူပွဲကို ဆောင်ရွက်တော်မူကြမည်ဖြစ်ပါသည်။

ကဆုန်လပြည့်(ဗုဒ္ဓနေ့) သောကြာနေ့တွင် စေတီတော်ကြီးသို့ လာရောက်ကြသော ဘုရားဖူးများ စိတ်ချမ်းမြေ့စွာ ညောင်ရေသွန်းလောင်းပူဇော်နိုင်ရန် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအဖွဲ့အစည်းများ၊ စေတနာ ဝန်ထမ်းအဖွဲ့အစည်းများက ညောင်ရေအိုး၊ အောင်သပြေ၊ အမွှေးနံ့သာများကို နံနက် ၆ နာရီမှ ညနေ ၆ နာရီ အထိ စီစဉ်ပေးထားမည်ဖြစ်ပါသည်။ စတုဒိသာအလှူရှင်များနှင့် လှူဒါန်းလိုသူများ ဂေါပကအဖွဲ့ရုံး ဖုန်း-၂၉၀၄၂၅သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

မွေးနေ့ဆုတောင်း

ချစ်ဖေဖေ ဦးဖြိုးဝေအောင် Asia Metial Co.,Ltd. နှင့် ချစ်မေမေ ဒေါ်တင် လမ့်မန်(ခ)မချောစုတို့၏ သမီးဦး မသီရိဖြိုး(ခ)ကျိန်စံလွန်း၏ အသက်(၂)နှစ်(၄)လ ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ ပျော်ရွှင်နိုင်ပါစေ။

ဘိုးဘိုး - ဦးအောင်မြိုင်၊ ဒေါ်ဒိန်ဒိုက်ဒုန်(ခ)ဒေါ်ကြင်

ဘိုးဘိုး - ဦးတွာလ်ကပ်ကျင့်၊ ဒေါ်ဒိန်ဆွမ့်ညောင်(ခ)ဒေါ်ခင်မမ

ဦးရဲလင်းဦး-အန်တီဒေါ်ရွှေဝါမိသားစု (ဩစတေးလျ)

ဦးအောင်ကျော်ဇေ

ကျေးဇူးဆပ်ပါမည်

ကျွန်တော်အောင်မျိုးမင်း၏ PP.No. M-၃၄၉၉၅၄မှာ ပျောက်ဆုံး သွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၀၅၃၂၇၅

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၈၅၃၂၉၊ Luojia 110 m/c ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၉/မရတ (နိုင်)၀၅၆၅၂၆ က (ကမ-၃)စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၄၈၅၆၊ Shan star Jeep (4x2) L ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေး ထွန်း ၁၃/ဟပတ(နိုင်)၀၀၁၈၅၄ က (ကမ-၃)စာအုပ်ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး(လားရှိုး)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၈၇၇၂၀၊ Hensin 125 m/c ယဉ်လက်ဝယ်ရှိသူ ဒေါ်ညိမ်းရင် ၇/ပခန(နိုင်)၁၀၁၄၉၀ က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

အမည်ပြောင်းလဲခေါ်ပါရန်

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ ၂၀နေ ဦးအောင်နိုင်-ဒေါ်ရွှေထွေးတို့၏သား၊ သမီးများဖြစ်ကြသော လားရှိုးမြို့ အထက-၃ န၀မတန်းမှ မောင်ရဲထက် အောင်အား မောင်လင်းထက်အောင်၊ သတ္တမ တန်းမှ မောင်မျိုးထက်အောင်အား မောင်ကောင်းစည်သူနှင့် စတုတ္ထတန်းမှ မသန္တာအောင်အား မဆုရတနာဟု ပြောင်း လဲခေါ်ဆိုပါရန်။ **ဦးအောင်နိုင်-ဒေါ်ရွှေထွေး**

လူပျောက်

အထက်ပါဓာတ်ပုံရှင် မောင်ညီညီအောင် သည် အိမ်မှစိတ်ဆိုး၍ ထွက်သွားပါသဖြင့် အမြန်ပြန်လာပါ။ ကျောင်းအပ်ချိန်နီးနေပါပြီ မိဘများစိတ်ပူနေသည်။ **ကိုမျိုးမင်းနိုင်**

ဖုန်း-၀၉-၈၆၁၄၃၆၂၊ ၀၉-၃၁၀၉၃၆၀၀၊ ၀၉-၃၁၀၉၃၅၉၉

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ တာမွေမြို့နယ်ရှိ RC 3½ လုံးချင်း ပေ (၅၀×၅၀)အသင့် နေထိုင် နိုင်ပြီး၊ခေါင်မိုးတွင် Panth House ပါရှိသည်။

၂။ ပြည်ထောင်စုရိပ်မွန်ရှိ ပေ(၆၀×၆၀) လုံးချင်း၊ လူနေရန် အသင့်ပြင်ဆင်ပြီး။

ဖုန်း- ၀၉-၄၂၀၂၃၀၂၅၅၊ ၀၉-၇၃၀၆၇၃၇၃

ပြင်ဆင်ဖတ်ရှုရန်

တော်ဝင် စန္ဒကူးအုပ်စု ကုမ္ပဏီ လီမိတက် Royal Sannakuy Group Co., Ltd. အစား ယခု Royal Sandakuu Group Co., Ltd. ဟု ပြင်ဆင်ဖတ်ရှု ခေါ်ဆိုပေးကြပါရန်။

စက်ရုံနှင့်လုပ်ငန်း ရောင်းရန်ရှိသည်

လက်ရှိလည်ပတ်နေသော အရက် ချက်စက်ရုံ၊ သကြားစက်ရုံနှင့် အရက် လုပ်ငန်းကို ရောင်းချရန်ရှိသည်။ (ပိုင်ရှင် ကိုယ်တိုင် ရောင်းမည်၊ ပွဲစားမလို။)

ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၁၂၈၅၈၊ ၀၈၁-၂၁၂၁၁၅၃

LCCI-EDI (UK) မှ ချီးမြှင့်သော ထူးချွန်သင်တန်းကျောင်းဆုရ

စီးပွားပန်းခင်း

ပညာရေးဝန် ဆောင်မှုလုပ်ငန်း

LCCI စာရင်းကိုင်သင်တန်း Level 1-2-3

AutoCount & MYOB Computerised Accounting

June တန်းခွဲလက်ခံပြီ(၁၁.၅.၂၀၁၃)အတွင်းအပ်နှံသူများ 10 % Discount ရမည်။

သင်တန်းကြေး (50000/-Ks) (၃) ကြိမ်ခွဲသွင်းနိုင်သည်

မြို့ထဲ =(၃၀၃) (၄လွှာ)၊(၄၂)လမ်းထိပ်၊ မဟာဗန္ဓုလလမ်း၊ ပိုလ်တထောင်။

လှည်းတန်း=တိုက်(၂၃)၊ အခန်း (A-4)၊ လှည်းတန်းလမ်း၊ ကမာရွတ်၊ ရန်ကုန်။

09-5118647-73009869-73013432-73028433

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ရွှေနံ့သာအနောက်ရပ်၊ မြေကွက်အမှတ် ၃၃၁မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးဟန်ရွှေ အမည်ပေါက် ပိုင်ဆိုင်ပါသည်။

အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူ ဦးဟန်ရွှေက အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်တော် ဦးကျော်တင်စိုးက ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၂၈ရက်အတွင်း တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကျော်တင်စိုး

၈/နမန(နိုင်)၀၀၀၀၆၄

ဈေးရပ်ကွက်၊ နတ်မောက်မြို့

ပြည်တွင်းသတင်းနှင့်မှုခင်း

တရားမဝင် လောင်စာဆီ ရောင်းချသူများကိုအရေးယူ

ပျဉ်းမနား မေ ၁၀

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဥက္ကာဦးစီးသောအဖွဲ့သည် ပျဉ်းမနားရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ ပျဉ်းမနားမြို့တွင်းတွင် တရားမဝင် လောင်စာဆီများရောင်းချနေကြောင်း သတင်းရရှိ၍ မေ ၆ ရက် ညနေ ၄ နာရီတွင် လိုက်လံဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

လက်ရဖမ်းဆီး

ထိုသို့ ဒုတိယညွှန်ကြားရေးမှူး ဦးစီးသော ပူးပေါင်းအဖွဲ့ လိုက်လံဖမ်းဆီးရာတွင် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပေ ၈၀ လမ်းမကြီး၊ ထန်းတောရပ်၊ ပန်းခင်းရပ်၊ ရွှေချီရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အောင်ချမ်းသာကျေးရွာလမ်း၊ အာဟာရသုခဈေးလမ်း စသည့်နေရာများတွင် တရားမဝင်လောင်စာဆီ ရောင်းချနေသော ကိုးဦးအား လောင်စာဆီရောင်းချရာတွင် ချိန်တွယ်သော ဂါလန်ခွက်၊ ရေသန့်ဘူး၊ လောင်စာဆီထည့်သိုလှောင်ထားသော ၁၀ ဂါလန်ဝင် ပလတ်စတစ်ပုံးများနှင့်တကွ လက်ရဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အရေးယူဆောင်ရွက်

တရားမဝင် လောင်စာဆီရောင်းချသူကိုးဦးအား နေပြည်တော်စည်ပင်တရားရုံးသို့တင်ပို့ပြီး စည်ပင် ဥပဒေပုဒ်မ ၂၆ အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မိတ္ထီလာမြို့ ယာယီကယ်ဆယ်ရေးစခန်းများရှိကလေးများအား ရောဂါကာကွယ်ဆေးထိုးနှံ

မိတ္ထီလာ မေ ၁၀

မိတ္ထီလာမြို့ ယာယီကယ်ဆယ်ရေးစခန်းများရှိ တစ်နှစ်အောက် ကလေးငယ်များအား ငါးမျိုးစပ်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်းကို မေ ၈ ရက် နံနက်ပိုင်းက စတင်ဆောင်ရွက်ကြောင်း သိရသည်။ **(အောက်ပုံ)**

"ခရိုင်အားကစားကွင်း၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေး သင်တန်းကျောင်း ရေအရင်းအမြစ်ဦးစီးဌာန အမက(၁၆)၊ အလက(၂)တို့မှာ ဖွင့်လှစ်ထားတဲ့ ယာယီကယ်ဆယ်ရေးစခန်းများမှာရှိတဲ့ တစ်နှစ်အောက် ကလေးငယ်အားလုံးကို ငါးမျိုးစပ်ရောဂါကာကွယ်ဆေးထိုးပေးသွားမှာဖြစ်ပါတယ်။ ငါးမျိုးစပ်ကာကွယ်ဆေးဆိုတာ ဦးနှောက်အမြှေးပါးရောင်ရောဂါနဲ့ နမိုးနီးယားရောဂါ၊ ဆုံဆို့နာ၊ ကြက်ညှာ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ ဘီရောဂါများကို တစ်ညီတစ်ညွတ်တည်း တစ်ကြိမ်တည်းနဲ့ ကာကွယ်ဆေးထိုးနိုင်အောင် အထူးဖော်စပ်ထားတဲ့ဆေး ဖြစ်ပါတယ်။ ငါးမျိုးစပ်ရောဂါ ကာကွယ်ဆေးအပြင် ကိုးလနဲ့ တစ်နှစ်ခွဲ ကလေးငယ်များကို ဝက်သက်ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပိုလီယိုရောဂါနဲ့ တီဘီရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းတို့အပြင် ကိုယ်ဝန်ဆောင်မိခင်များကိုလည်း မေးခိုင်ကာကွယ်ဆေးထိုးပေးသွားမှာဖြစ်ပါတယ်" ဟု ခရိုင်ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆေးရုံအုပ် ဒေါက်တာအောင်မြင့်ဦး ကပြောသည်။

အဆိုပါ ရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်အေး၊ လက်ထောက်ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက ယာယီကယ်ဆယ်ရေးစခန်းများရှိ ကလေးငယ်များအားလုံးကို ထိုးနှံတိုက်ကျွေးပေးနိုင်ရန် ဝိုင်းဝန်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

(၄၃၅)

တိုက်ရှော့ပြုတ်၍ ယာဉ်တိမ်းမှောက်

နေပြည်တော် မေ ၁၀

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပုသိမ်-ရန်ကုန်ကားလမ်း မိုင်တိုင်အမှတ်(၅၂/၂-၃)ကြား ရွှေမြင်တင်ကွေ့အနီးတွင် မေ ၆ ရက် နံနက် ၉ နာရီခွဲက ဝါးခယ်မမြို့မှ ရန်ကုန်မြို့သို့ ခရီးသည် ၃၅ ဦး တင်ဆောင်ပြီး ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အရှေ့(၁၄) ရပ်ကွက်နေသန်းဇော်ဦး(၃၇နှစ်) မောင်းနှင်လာသည့် ၇က/... အောင်ချမ်းသာ ခရီးသည်တင်မှန်လုံယာဉ်သည် တိုက်ရှော့ပြုတ်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက် ဝါးခယ်မမြို့ အောက်ဝဲရွာနေ အောင်မျိုးထွန်း(၂၁ နှစ်)ပါ ရှစ်ဦးတွင် ဒဏ်ရာများရရှိခဲ့ဖြင့် ပန်းတနော်မြို့နယ်ဆေးရုံသို့တင်ပို့ခဲ့ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ သန်းဇော်ဦးအား ပန်းတနော်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **ဇာနည်**

ကျောက်ဆည်မြို့တွင် မီးလောင်မှုဖြစ်ပွား

ကျောက်ဆည် မေ ၁၀

မေ ၇ ရက် နံနက် ၁၁ နာရီက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွားရာ မီးသတ်ကားနှစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦးနှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့မှုကြောင့် နံနက် ၁၁ နာရီ ၅ မိနစ်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်ပွားခဲ့

ဖြစ်ပွားပုံမှာ ဦးတင်ကို (ရေနံချေးနှင့် ဓာတ်ဆီရောင်းဝယ်ရေး) နေအိမ်၌ ဓာတ်ဆီကို ဂါလန်ခွက်မှ သုံးဂါလန်ဆံ့ ပလတ်စတစ်ပုံးထဲသို့ ပြောင်းထည့်ချိန်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့်အနီးရှိပန်းချံကို မီးစွဲလောင်ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပျောက်ဆုံးကြောင်း

ကျွန်မ မပွန်နန်း POONAM - ၁၃/လလန(နိုင်)၁၀၂၀၀၉၏ နိုင်ငံကူးလက်မှတ် No-၉၈၅၀၃၆ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၃၈၅၁၄၊ ၀၁-၂၄၅၇၁၄**

မိဘအမည်မှန်

အလက (၁)ပန်းဘဲတန်း၊ တတိယတန်းမှ မောင်တင်မောင်ဝင်း၏ မိဘအမည်မှန်မှာ ဦးစိုးမင်း ၁၂/တတန(နိုင်)၀၀၅၃၉၂-ဒေါ်လှလှ ၁၂/ပဘတ(နိုင်) ၀၁၂၃၃၃ဖြစ်ပါသည်။

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)မှ ရမ်းဗြဲမြို့နယ်အတွင်းရှိ အလယ်တန်းကျောင်းများသို့ ဗလာစာအုပ်များ ပေးပို့လှူဒါန်းရန် စီစဉ်လျက်ရှိပါသည်။ ပါဝင်လှူဒါန်း လိုသူများ ဗလာစာအုပ် တစ်ဒါဇင်လျှင် ၂၀၀၀ိ/-နှုန်းဖြင့် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။	ဦးစိုးဝင်း	ဥက္ကဋ္ဌ	ဖုန်း-၇၀၆၂၁၈
၂။	ဒေါ်ခင်အုန်းလင်း	ဒုဥက္ကဋ္ဌ	ဖုန်း-၄၅၀၇၀၆
၃။	ဦးစိန်တင်	အတွင်းရေးမှူး	ဖုန်း-၅၅၂၄၉၅
၄။	ဦးထွန်းကြည်	တွဲဖက်အတွင်းရေးမှူး	ဖုန်း-၇၀၀၅၉၄

အမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ တတိယတန်း (ခ)မှ မောင်ထွန်းတုံးတုံး၏ အမည်မှန်မှာ မောင်ထွန်းတုံးတုံး(ခ)မောင်ထွန်းဝေယံဖြစ်ပြီး၊ ဖခင်အမည်မှန်မှာ ဦးချိန်ကြားတော ဖြစ်ပါသည်။

အမည်မှန်

လားရှိုးမြို့၊ အထက(၆)၊ တတိယတန်း (ခ)မှ မောင်ဝမ်ကျန်ကြူ၏ အမည်မှန်မှာ မောင်ဝမ်ကျန်ကြူ(ခ) မောင်ကျော်နိုင်ဦး ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဝမ်ချောက်ဖွာ ဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၉၅၉၆၀ ဟွန်ဒါဝေ့(ဗ်) 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်မွန် ၁၀/ခဆန(နိုင်)၀၇၈၇၂၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၉၈၉၇၆ ဟွန်ဒါဝေ့(ဗ်) NF 100k ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်းဦး ၉/ကကန(နိုင်)၁၁၀၃၇၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

ဓမ္မစေတီဖောင်ဒေးရှင်းမှ လမ်းတံတားများဖွင့်လှစ်မည်

မင်းကွန်းဓမ္မစေတီဆရာတော် ဘဒ္ဒန္တနာဂိန္ဒာလင်္ကာရ ဦးဆောင်သော ဓမ္မစေတီဖောင်ဒေးရှင်းမှ ဧရာဝတီတိုင်းဒေသကြီးအတွင်း ၁၃-၅-၂၀၁၃ ရက်တွင် အောက်ပါတံတားနှင့်ကျောင်းများဖွင့်လှစ်မည်ဖြစ်ပါ၍ ကြွရောက်ပါရန်လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

၁။	မော်ကျွန်း	လောကဓာတ်တံတား	၁၁၀ ပေ
၂။	မော်ကျွန်း	ကရင်လှည်းဆိပ်တံတား	၆၀ ပေ
၃။	မော်ကျွန်း	ရွာသစ်ကုန်းတံတား	၆၀ ပေ
၄။	မော်ကျွန်း	တောင်ကွင်းတံတား	၆၀ ပေ
၅။	မော်ကျွန်း	ခင်မောင်ဝင်းတံတား	၂၅ ပေ
၆။	မော်ကျွန်း	စီမံကိန်းတံတား	၁၅ ပေ
၇။	မော်ကျွန်း	ဂရမ်းနွဲ့နွဲ့ဝင်းတံတား	၂၅ ပေ
၈။	မော်ကျွန်း	ညိုဖုန်းတံတား	၁၅ ပေ
၉။	မော်ကျွန်း	ဂရမ်းဝတံတား	၉၀ ပေ
၁၀။	မော်ကျွန်း	သန်းဇော်တံတား	၂၅ ပေ
၁၁။	မော်ကျွန်း	အုန်းပင်စုတံတား	၂၅ ပေ
၁၂။	မော်ကျွန်း	သုံးအိမ်တန်းတံတား	၃၀ ပေ
၁၃။	မော်ကျွန်း	သံတံတားကြီးတံတား	၃၀ ပေ
၁၄။	မော်ကျွန်း	စီးပွားချောင်တံတား	၉၀ ပေ
၁၅။	မော်ကျွန်း	ခါတေးတံတား	၄၀ ပေ
၁၆။	မော်ကျွန်း	ကွဲဒလင်းတံတား	၉၀ ပေ
၁၇။	ကျိုက်လတ်	သူဌေးကုန်းတံတား	၉၀ ပေ
၁၈။	မော်ကျွန်း	မရမ်းလေးတံတား	၉ ပေ
၁၉။	မော်ကျွန်း	လှည်းဆိပ်တံတား	၁၀ ပေ
၂၀။	မော်ကျွန်း	ငွေးပင်ဆိပ်တံတား	၁၁၀ ပေ
၂၁။	မော်ကျွန်း	ဒလင်းတံတား	၄၀ ပေ
၂၂။	မော်ကျွန်း	ရေကျော်တံတား	၉၀ ပေ
၂၃။	မော်ကျွန်း	ပိတ်စွယ်တံတား	၆၀ ပေ
၂၄။	ဘိုကလေး	ကွင်းကြီးတံတား	၁၁၀ ပေ
၂၅။	ဘိုကလေး	ငါးအိမ်တန်းတံတား	၁၃ ပေ
၂၆။	ဘိုကလေး	သံဖြူရုံတံတား	၁၁၀ ပေ
၂၇။	ဘိုကလေး	ဝါးချောင်းတံတား	၁၀၀ ပေ
၂၈။	ဘိုကလေး	တလုပ်ဆိပ်တံတား	၁၁၀ ပေ
၂၉။	ဘိုကလေး	မင်းမင်းတံတား	၂၀ ပေ
၃၀။	ဘိုကလေး	ကွင်းဘုန်းကြီးတံတား	၁၅ ပေ
၃၁။	ဘိုကလေး	အကော်တံတား	၂၅ ပေ
၃၂။	ဘိုကလေး	သစ်ဖြူချောင်းတံတား	၆၀ ပေ
၃၃။	ဘိုကလေး	ဒေါ်စိန်မြင့်တံတား	၃၅ ပေ
၃၄။	ဘိုကလေး	စစ်စလီတံတား	၆၀ ပေ
၃၅။	ဘိုကလေး	ကတောက်ဆတ်တံတား	၉၀ ပေ

မော်ကျွန်းဂရမ်းဘုရားကြီး ထီးတော်တင်မည်။ ဂရမ်းကျောင်း၊ အကော်ကျောင်းရေစက်ချမည်။ ကျေးရွာချင်းဆက်လမ်းများဖွင့်မည်။

ဓမ္မစေတီဖောင်ဒေးရှင်းအဖွဲ့

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

JFEE Welding သင်တန်းသားများ တွေ့ဆုံပွဲနှင့် ညစာစားပွဲ

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ စေလွှတ်သော JFEE Welding (၃)နှစ် သင်တန်း အပတ်စဉ် (၁)မှ အပတ်စဉ် (၉)အထိ သင်တန်းသားများ တွေ့ဆုံပွဲနှင့် ညစာစားပွဲအား အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ JFEE Welding သင်တန်းသားများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် : ၂-၆-၂၀၁၃ (တနင်္ဂနွေနေ့)

အချိန် : ညနေ (၄:၀၀)နာရီ မှ (၆:၀၀)နာရီထိ

နေရာ : Function Hall ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

ဆက်သွယ်ရန်ဖုန်းနံပါတ်

နေဝင်းအောင် ၀၉-၃၁၀၅၈၈၃၅

MES ၅၁၉၆ရှာ-ဂ၆ လိုင်းခွဲ (၃၀၄)

စိုက်ပျိုးရေးတက္ကသိုလ်(မန္တလေး)

၁၉၆၉-၁၉၇၄ B.Ag များ၏

အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲနှိုးဆော်လွှာ

၁၉၆၉-၁၉၇၄ ခုနှစ် မန္တလေးစိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများ အနှစ် (၄၀)မြောက် တွေ့ဆုံပွဲနှင့် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအတွက် သူငယ်ချင်းများအားလုံးမှ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ရန်နှင့် အလှူငွေများထည့်ဝင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

တစ်နိုင်ငံလုံးမှ အလှူငွေထည့်ဝင်မှုလွယ်ကူစေရန် အောက်ပါဘဏ်တွင် စာရင်းဖွင့်လှစ်ထားပါသည်။

မန္တလေးကမ္ဘောဇဘဏ်ခွဲ(၁၀)၊ ဘဏ်အကောင့်အမှတ်-၀၈၅၁၂၂၀၀၀၀၆၅၉

ဆက်သွယ်ရန်-

မန္တလေး	ရန်ကုန်
၁။ ဦးလှဝင်း ဖုန်း-၀၂-၃၄၈၂၁၊ ၀၉-၂၀၂၅၃၃၈	၁။ ဦးကျော်ရီဖုန်း-၀၉-၇၃၂၄၉၃၉၄
၂။ ဦးအောင်မြင့် ဖုန်း-၀၂-၇၂၀၉၁၊၀၉-၅၁၁၇၈၀၃	၂။ ဦးစိုင်းဘညဏ် ဖုန်း-၀၉-၅၀၁၁၂၅၃ (တောင်ကြီး)
၃။ ဦးဗိုလ်ရီ ဖုန်း-၀၉-၄၀၂၅၁၁၉၉	၃။ ဦးမြင့်အောင် ဖုန်း-၀၉- ၅၃၆၀၅၈၁
၄။ ဦးကျော်မြင့် ဖုန်း-၀၉-၄၉၂၃၅၃၃၄	၄။ ဦးဝင်းမြင့် ဖုန်း-၀၉-၅၂၀၁၁၅၉၊ ၀၉-၅၀၄၃၈၆
၅။ ဦးမြရီ ဖုန်း-၀၂-၆၃၈၁၉၊ ၀၉-၉၁၀၀၇၂၃၃	၅။ ဒေါ်ခင်နှင်းယု ဖုန်း-၀၉-၄၉၂၅၂၃၇၈ (ညောင်ရွှေ)

ကျင်းပမည့်နေ့ရက်နှင့် အစီအစဉ်ကို ထပ်မံကြေညာပေးပါမည်။

ပွဲဖြစ်မြောက်ရေးကော်မတီ

EVER TOP ဘာသာစကားသင်တန်း Ph: 098770096
အမှတ်(၆၆/၆၈)၊ ၅လွှာ၊ အင်းစိန်လမ်း(စံရိပ်ငြိမ်မှတ်တိုင်၊ လှည်းတန်းအနီး) 0973040610

ဂျပန်: ဦးအောင်ဆွေဦး၊ ဦးအေးသိန်း ဂျပန်စကားပြော (ပုံမှန်/အမြန်) အဆင့်မြင့် /စာမေးပွဲတန်းများ
အင်္ဂလိပ်: ဦးမိုးမြင့်မောင် (Top English) / Saya William ဆရာချမ်းဇော်ထက် ဆရာအောင်အောင်၊ 4-Skills (၅၀၀၀/ကျပ်) Phonetics (၅၀၀၀/ကျပ်) Practical English Grammar+Writing
ကိုရီးယား: ဒေါ်ခင်ယုယုစမ်း EPS TOPIK / 4-Skills (မေးခွန်းသင်ရိုးသစ်စာအုပ်ရောင်းသည်)
တရုတ်: ဆရာစိုင်းဆိုင်ခမ်းဝ် တရုတ်စကားပြော ၃လ (၅၀၀၀/)
မလေး: ဦးစိုးသီဟ မလေးစကားပြောအမြန်
အင်္ဂလိပ် / တရုတ် / ဂျပန် (၅၀၀၀/ကျပ်)

ရောင်းရန်
အုတ်သဲကျောက်လုပ်ငန်းရှင်များအတွက်သတင်းကောင်း
❖ G . B . S အမျိုးအစားကားထော်လာဂျီများ။
(ဟိုက်ဒြောလစ်တစ်ပါတစ်ကျင်းခွဲဆန့် ၉၅/....)
လိုင်စင်၊ အခွန်ပါရှိပြီး။ (၃၅သိန်း/၄၀သိန်း)
❖ G . B . S အမျိုးအစားအလယ်ထိုင် ထော်လာဂျီအသေးများ။ (၁၂သိန်း)
ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။ ၀၉-၅၀-၈၁၆၂၂

လီယိုမက်အရေပြားရောဂါကု တိုင်းရင်းဆေးတိုက်မှ
ခရုသင်းသမင်ဖြူ
ကြော်ငြာခွင့်ပြုချက်အမှတ် တဆဆက(ဓာနယ်ဇင်း) ၀၀၃/၀၁၀၉
နယ်မှ ဝေဒနာရှင်များ စာတိုက်မှ တဆင့်မှာယူနိုင်ပါသည်။
ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူ၊
သွေးမသန့်ခြင်းကြောင့်ဖြစ်သော အရေပြားရောဂါများကို ကုသပေးသည်။
အမှတ် (၂၂၅)၊ (၃)ထပ်၊ ၃၂လမ်း၊(အထက်) ရန်ကုန်မြို့။
ဖုန်း ၀၁-၂၅၂၅၉၈၊ ၀၁-၂၄၃၈၅၁

သတင်း၊ ဆောင်းပါး

ကျောက်ပန်းတောင်း၌ လေပြင်းများတိုက်ခတ်

ကျောက်ပန်းတောင်း မေ ၁၀

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မေ ၃ ရက် ညနေ ၃နာရီ မိနစ် ၂၀ က လေပြင်းများတိုက်ခတ်သဖြင့် ကျေးရွာအချို့ လူနေအိမ်များပျက်စီးခြင်းနှင့်သစ်ပင်ပြိုလဲခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် မင်းခေါင်း(တ)ကျေးရွာအုပ်စု မင်းခေါင်း(တ)ရွာတွင် လူနေအိမ်သွပ်မိုးနှစ်လုံး၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ စည်သာကျေးရွာတွင် လူနေအိမ်သွပ်မိုး ခြောက်လုံး၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ အောင်ချမ်းသာကျေးရွာတွင် လူနေအိမ် သွပ်မိုး ၅၃လုံး၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ စိုက်ပျိုးရေးရှေ့တန်းရုံးတစ်ရုံး၊ ဇရပ်တစ်ဆောင်၊ ပေါက်ပင်စွန်းကျေးရွာတွင် လူနေအိမ်သွပ်မိုး ၁၀ လုံး၊ သက်ငယ်မိုးနှစ်လုံး၊ မင်းခေါင်း(မ)ကျေးရွာအုပ်စု ရွာသစ်ကုန်းတွင် လူနေအိမ် သွပ်မိုး ၁၃ လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ ထန်းခြံရွာတွင် လူနေအိမ် တစ်လုံး၊ မလှပင်ရွာတွင် လူနေအိမ် တစ်လုံး၊ ရှားပင်လှကျေးရွာတွင် လူနေအိမ် တစ်လုံး၊ သူဌေးကုန်းကျေးရွာတွင် လူနေအိမ်တစ်လုံး၊ စမ်းပွင့်ကျေးရွာတွင် ခတ္တိယ ဘုန်းတော်ကြီးကျောင်းဝင်းရှိ မန်ကျည်းပင် ပြိုလဲရာမှ ဇရပ်တစ်ဆောင် ပျက်စီးခဲ့ကြောင်းနှင့် လူနေအိမ်သွပ်မိုးအိမ်ပေါင်း ၈၈ လုံး၊ သက်ငယ်မိုး နှစ်လုံး၊ ဘုန်းတော်ကြီးကျောင်းလေးကျောင်း၊ ဇရပ်နှစ်ဆောင်၊ စိုက်ပျိုးရေးရှေ့တန်းစခန်းတစ်ခု စုစုပေါင်း အဆောက်အအုံ ၉၇လုံး ပျက်စီးခဲ့ပြီး ကာလတန်ဖိုးငွေကျပ် ၁၀၃၅၀၀၀၀ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

(၄၁၈)

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ တိုက်(၆)၊အခန်း(၁၅) ဦးဝိစာရအိမ်ရာနေ ဦးမြကြည်စခန်းမှူး(ငြိမ်း) ပြည်သူ့ဝန်ထမ်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)၏ ဧပြီ ၁၂ ရက်တွင် ကျရောက်သော (၈၅)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရ နဝကမ္မငွေပဒေသာပင် အလှူငွေ ကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင် လက်ခံစဉ်။

(မြန်မာ့အလင်း)

(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ကလေးမြို့၌ကျင်းပ

ကလေး မေ ၁၀

ကလေးခရိုင် မီးသတ်ဦးစီးဌာနရုံးရှေ့တွင်(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက် နံနက် ၇နာရီခွဲက ကျင်းပရာ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်အောင်သူဦးနှင့် တပ်ရင်းတပ်ဖွဲ့မှူးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်နှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ၃၀၀ကျော် တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ကမ္ဘောဇဘဏ် လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း၊ ဒေါ်နန်းသန်းထွေးမိသားစုက မီးသတ်ကားဝယ်ရန် အလှူငွေကျပ်သိန်း ၂၅၀၊ မြတ်မေတ္တာမွန် ရေနံကုမ္ပဏီ ဒေါက်တာဝင်းမြင့် မိသားစုက အလှူငွေကျပ် ၁၀သိန်း၊ နေရှင်နယ် ကားပစ္စည်းဆိုင် ဦးရည်မွန်က အရန်မီးသတ်တပ်ဖွဲ့ဝတ်စုံ၁၅စုံကို ပင်လုံရပ်ကွက် မီးဘေးလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။

သိန်းစိုး(ကလေး)

ဒါသင့်နိုင်ငံ
မီးဘေးရန်
အမှန်ကင်းပါစေ

မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ရွှေကျင်မြို့၌ စက်သုံးဆီဆိုင်များ စစ်ဆေး

ရွှေကျင် မေ ၁၀

ပဲခူးခရိုင် ရွှေကျင်မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များမှ မီးလောင်မှုမဖြစ်ပွားစေရေးနှင့် မလိုလားအပ်သော ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးတို့အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်တို့၏ညွှန်ကြားချက်အရ ဧပြီ၂၈ရက်က ပဲခူးခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးအေးမြင့်ဦးဆောင်သော အဖွဲ့သည် ရွှေကျင်မြို့ နဝရတ်၊ ဇရာရွှေဝါ၊ ဇမ္ဗူမင်းနှင့် ဦးအေးလွင် စက်သုံးဆီအရောင်းဆိုင်များအားသွားရောက်ပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ပစ္စည်းကိရိယာများ ထားရှိမှု၊ စက်သုံးဆီ သိုလှောင်ရောင်းဝယ်မှုတို့ကိုကြည့်ရှုစစ်ဆေးပြီးပလတ်စတစ်ပုံးများဖြင့် ဆီရောင်းချမှုမပြုလုပ်ရန်၊ အပူရှိန်ပြင်းသည့်အချိန်များတွင် ဆီသယ်ယာဉ်များ ဆီလာရောက်ဖြည့်တင်းခြင်းများမပြုလုပ်ဘဲ အပူရှိန်မရှိသည့်မနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ဆီဖြည့်တင်းရန်၊ မီးသတ်ဆေးဘူးများလေပေါင်ပြည့်/မပြည့်စစ်ဆေးရန်၊ဆိုင်ဝန်ထမ်းများ မီးသတ်ဆေးဘူးအသုံးပြုပြီး မီးငြိမ်းသတ်နည်းများအား မီးသတ်ဦးစီးဌာနမှူးနှင့်ပူးပေါင်းပြီး လေ့ကျင့်ရန်၊ မီးအားမြင့်စက်များကိုညအချိန်မိန်းခလုတ်ချထားရန်နှင့်မီးအားမြင့်စက်အနီးတွင်မီးလောင်လွယ်သော ပစ္စည်းများ မထားရှိရန်၊ လျှပ်စစ်ကြိုးများစနစ်တကျသွယ်တန်းထားရှိရန်တို့ကိုအကြံပြုကြခဲ့ကြောင်း သိရသည်။

သန့်ဇင်

ကလိန်အောင်မြို့နယ်ခွဲ ရန်အောင်မြင်ဘုရားကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်

ကလိန်အောင် မေ ၁၀

တနင်္သာရီတိုင်း ဒေသကြီး၊ ထားဝယ်ခရိုင်ကလိန်အောင်မြို့နယ်ခွဲ ရန်အောင်မြင်ဘုရားကြီးတွင် ဝရန်တာနှင့် ဂြိုဟ်ခွင် အနေကဇာတင် ရေစက်သွန်းချ အလှူမင်္ဂလာပွဲကို တနင်္သာရီတိုင်းဒေသကြီးကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်မောင်ဌေးနှင့် ဇနီးဒေါ်ဝင်းဝင်းမြင့် မိသားစုနှင့် ကလိန်အောင်တပ်နယ်မှ အရာရှိအရာခံ၊ စစ်သည်မိသားစုများ ပူးပေါင်း၍ မေ၃ရက် နံနက်၁၀နာရီခွဲက ရေစက်သွန်းချ အလှူတော်မင်္ဂလာပွဲပြုလုပ်ပြီး ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးမြို့နယ်တရားရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၈

ဒေါ်လှလှဝင်း **နှင့်** ၁။ ဦးဝင်းနိုင်
၂။ ဦးအောင်ဘော်

တရားလို **တရားပြိုင်များ**

တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ ရပ်ကွက်(၄)၊ အောင်သုခလမ်း၊ အမှတ် (၁၆/၁၅၇)နေ ဦးအောင်ဘော်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်လှလှဝင်းက အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ရုံးအခွင့်ရအမိန့်ရရှေ့နေဖြစ်စေ၊ ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၁၇ရက် (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးရှေ့လာရောက်ရမည်။ သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် သင်ကထုချေလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။

၂၀၁၃ခုနှစ် မေ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ထိုးထုတ်ပေးလိုက်သည်။

(စန္ဒာမြင့်)
ဒုတိယမြို့နယ်တရားသူကြီး(၁)
တောင်ကြီးမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ထားဝယ်ခရိုင်တရားရုံး၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂

၁။ ဦးသက်ထွေး **နှင့်** ၁။ ဒေါ်သီးပို
၂။ ဒေါ်ယုယုတင် ၂။ ဦးဆန်းမြင့်

တရားလိုများ **တရားပြိုင်များ**

ပေါင်မြို့နယ်၊ ပေါင်းရပ်ကွက်၊ နယ်မြေ(၂)၊ မီးသတ်လမ်း၊ အမှတ်-၇၀၃နေ ဒေါ်သီးပိုနှင့် ဦးဆန်းမြင့်(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုများက ၆-၁-၂၀၁၁ ရက်စွဲပါ အိမ်နှင့်မြေ အရောင်းအဝယ်ကတိစာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၃ခုနှစ်၊ မေလ ၂၀ရက်(၁၃၇၅ခုနှစ်၊ ကဆုန်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ်၊ မေလ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သွယ်သွယ်သိန်း)
ခရိုင်တရားသူကြီး
ထားဝယ်ခရိုင်တရားရုံး

အထူးလိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်ခြင်းနှင့်
ဆုမွန်ကောင်းတောင်းခြင်း

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးအား နိုင်ငံတော်သမ္မတကြီး၏ ၃၀-၄-၂၀၁၃ ရက်တွင် အပ်နှင်းသည့် နိုင်ငံ့စွမ်းဆောင်ရည်ဆုများအနက်မှ **စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆု** ကို ချီးမြှင့်လက်ခံရရှိသည့်အတွက် အထူးလိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့် အမျိုးဘာသာ သာသနာ့အကျိုးကို ဆတက်တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးမြင့်ဝင်း(မြင့် ဆန်ပွဲရုံ) မန္တလေး
ဦးထွေးမြင့် (ဟေလာဆန်ပွဲရုံ) မန္တလေး
ဦးမြင့်လွင် (အောင်စိုးမိုးဆန်ပွဲရုံ) မန္တလေး
ဦးခင်မောင်လှ (ရွှေနဂါးဆန်ပွဲရုံ) မန္တလေး
ဦးမောင်မောင်လတ် (လှဝန်းရတနာ ဆန်ပွဲရုံ) မန္တလေး
ဦးအောင်သန်းထွန်း (မြန်သုခဆန်ပွဲရုံ) မန္တလေး
ဦးကံညွန့် (အေဝမ်းဆန်ပွဲရုံ) မန္တလေး
ဦးထွန်းနိုင်ဦး (ဆွေသဟာဆန်ပွဲရုံ) မန္တလေး

အစုရှယ်ယာရှင်များသို့ အသိပေးကြေညာချက်

အစုရှယ်ယာအမြတ်ဝေစုများ ထုတ်ပေးခြင်းကို Myanmar Securities Exchange Centre(MSEC) Co., Ltd. (အမှတ် ၂၁-၂၅၊ ဆူးလေဘုရားလမ်း၊ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်အဆောက်အအုံ၊ ရန်ကုန်မြို့)တွင် ၃-၆-၂၀၁၃ ရက်မှစ၍ ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

သစ်တောဖက်စပ်
(ဘဏ္ဍာရေးဌာန)

ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ကလန့်တဲအုပ်စု၊ ကုန်ဘောင်ရွာတွင်နေထိုင်သော မနန္ဒာခိုင်၁၁/ကဖန(နိုင်)၀၂၆၃၅၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်းစံ ဖြစ်ပါကြောင်း။

ဦးအောင်ထွန်းစံ ၁၁/ကဖန(နိုင်)၀၃၉၉၆၃

Asian Diary Travels & Tours
* ပုဂံ၊ ညောင်ဦး၊ ပုပ္ပား May(23) 80000/- စွယ်တော်လေးဆူ
* တောင်ကြီး၊ အင်းလေး May(23) 85000/- ပင်းတယ၊ ထမ်းစမ်း၊ ပွေတော်ကတ္တူ
(ဟိုတယ်တည်း၊ ဆိုင်ကျွေး၊ ကား၁/စက်လှေ၁-ငြိမ်း)
Ph: 01-394711, 09-5120546, 09-73069568, 095404532

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၆၈၆၉၊ Toyota Harrier mcu 15၊ S/W ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းထွေးအောင် ၁၂/မဂတ(နိုင်)၀၇၉၁၁၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊သန်လျင်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆ဒီ)၊ မြေကွက်အမှတ် (၈၈ ဒီ / ၃)၊ ဧရိယာ၀ဒသမ ၂၅၀ဧကရှိ မြေပိုင်မြေအမျိုးအစားမြေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၉၉(၂/၂)ဟုခေါ်တွင်သည့် မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန် တိုင်းဒေသကြီး၊ စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီး အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ အချို့အဝက်ကို စရန်ငွေအဖြစ် ပေးအပ်ဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင် ယခုဖော်ပြပါအရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မောင်မောင်ဦး LL.B, WIPO, G.C.I.P(SWISS)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၀၈)
အမှတ်(၈၃)၊ အခန်း(၁၆/ဘီ) တတိယထပ်၊
ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉-၇၃၀၂၃၂၂၀

သင်ဒါတွေ ဖြစ်နေပါသလား....?
ရက်ရှည်ဖျား၊ CD4 ကျ၊ မကျခု၊ ရေယုံပေါက်၊ အနာစက်ထွက်၊ အိပ်မပျော်၊ အစားပျက်/ ဝမ်းပျက်၊ TB ချောင်းဆိုး၊ ငှက်ဖျားနှင့် HIV ပိုး တွေ့နေလျှင် ရင်သား၊ သားအိမ်၊ အစာအိမ်ကင်ဆာ၊ သွေးကင်ဆာ၊ ပါးစပ်/လျှာကင်ဆာ၊ ဆီးကျိတ်ရောင်၊ ရေဖျဉ်းစွဲ၊ အသည်းရောဂါ၊ B⁺ပိုး၊ C⁺ပိုးတွေ့ရှိနေလျှင်၊ ခရုသင်း၊ တင်းတိပ်၊ မှဲ့ခြောက်၊ အဆီတိုး၊ အဝလွန်၊ ဆီးချို၊ သွေးတိုး၊ နလုံးလေငန်းနှင့် ဗိုမအားနည်းရောဂါဖြစ်နေလျှင်
ဂမ္ဘီရသုခဆေးတိုက်
ဃ/၂၈၉၊ ဘေမာသီလမ်းမ (ဝေပုလ္လ)အနီး၊ ၁/ဥက္ကလာ၊ ရန်ကုန်။
☎ - 01-691492၊ - 09-5010196
(နယ်မှငွေကြိုပို့ပါက ဆေးအိမ်အရောက်ပို့သည်။)

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
ရန်ကုန်စီးပွားရေးတက္ကသိုလ်
ပါရဂူ (Ph.D) သင်တန်းသားများခေါ်ယူခြင်း

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D)သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

(က) ဘောဂဗေဒ

(ခ) ဝါဏိဇ္ဇဗေဒ

(ဂ) စာရင်းအင်းပညာ

၂။ ပါရဂူဘွဲ့(Ph.D) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

(က) ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၂၀၁၃ခုနှစ် ဇွန် ၁ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက် လျှော့ပေါ့စဉ်းစားမည်။)

(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့် (၁)နှစ်တက်နိုင်သူဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ သုံးနာရီမေးခွန်းနှင့် အင်္ဂလိပ်စာ သုံးနာရီမေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ။) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့်အဆင့်တူ ရာထူးတွင် လုပ်သက် (၂)နှစ်အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့ သင်တန်းတက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနအကြီးအကဲက ထောက်ခံသူဖြစ်ရမည်။

(၅) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့် (၁)နှစ်တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

အခြားဝန်ကြီးဌာနဝန်ထမ်းများအတွက်

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ သုံးနာရီမေးခွန်း၊ အင်္ဂလိပ်စာ သုံးနာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ။) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ (သို့မဟုတ်) ယင်းနှင့်အဆင့်တူ ရာထူးတွင် လုပ်သက် (၂)နှစ်အနည်းဆုံးရှိရမည်။

(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့် (၁)နှစ်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်

- အသိအမှတ်ပြုထားသောတက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံးမဟာသုတေသနဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသန နယ်ပယ် အဆိုပြုချက် (ကွန်ပျူတာစာစီ၍ စာမျက်နှာ သုံးမျက်နှာထက်မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ ရန်ကုန်စီးပွားရေးတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၅-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ပါရဂူဘွဲ့(Ph.D) သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်။

(က) ၁၈-၅-၂၀၁၃ရက် (စနေနေ့)
၉း၀၀နာရီမှ ၁၂း၀၀နာရီ သက်ဆိုင်ရာဘာသာရပ်

(ခ) ၁၉-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့)
၉း၀၀နာရီမှ ၁၂း၀၀နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို ၃၀-၅-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ/ဌာနမှူးများထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနမှူး (သင်တန်းရေးရာ) ဖုန်း-၅၂၆၆၁၃၊ ၅၈၅၀၇၅ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

ဌာနမှူး၊ သင်တန်းရေးရာ
ရန်ကုန်စီးပွားရေးတက္ကသိုလ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃) ရပ်ကွက်၊ မြသီရိလမ်း၊ တိုက်အမှတ် (၄ B1)၊ မြေညီ (ခြေရင်းခန်း)၊ ၁၃´ × ၄၈´ ရှိ တိုက်ခန်းဆောက်လုပ်သူကန်ထရိုက်တာ ဦးအောင်ကျော်ထွန်း ၇/သကန (နိုင်) ၀၈၉၈၉၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ကြိုပို့ငွေစနစ်ဖြင့် ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ တစ်စုံတစ်ရာကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမျိုးမော် (အထက်တန်းရှေ့နေ)
B.Sc, H.G.P, D.B.L,D.I.L,D.M.L,
DL-IP, WIPO in Geneva

တိုက် (၆/၁/၃)၊ ဆရာများရိပ်သာ၊
လှိုင်တက္ကသိုလ်နယ်မြေ၊ လှိုင်မြို့နယ်၊
ရန်ကုန်မြို့။ Ph: 09 51 56683

E-mail : myomaw 2007@gmail.com

ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်
ပါရဂူဘွဲ့ (Ph.D)
သင်တန်းဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

၁။ ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် တရုတ်ဘာသာ ပါရဂူဘွဲ့ (Ph.D) သင်တန်းကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

၂။ ပါရဂူဘွဲ့ (Ph.D) သင်တန်းတက်ရောက်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်။

(က) ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့် လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၂၀၁၃ခုနှစ် ဇွန် ၁ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက် လျှော့ပေါ့စဉ်းစားမည်။)

(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့် (၁)နှစ်တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူများ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက် အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ တရုတ်ဘာသာရပ်၌ အနိမ့်ဆုံး မဟာဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ သုံးနာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ သုံးနာရီမေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်ရမည်။

(၂) ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြများဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက် (၁)နှစ်အနည်းဆုံးရှိရမည်။

(င) ပါရဂူဘွဲ့အကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့် (၁)နှစ်တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာ တင်ပြရမည်။

၃။ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံဖြင့် ၁၅-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ပါရဂူဘွဲ့ (Ph.D) သင်တန်း ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုရမည်။

(က) ၁၈-၅-၂၀၁၃ရက် (စနေနေ့)
၀၉း၀၀နာရီမှ ၁၂း၀၀နာရီ တရုတ်ဘာသာ

(ခ) ၁၉-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့)
၀၉း၀၀နာရီမှ ၁၂း၀၀နာရီ အင်္ဂလိပ်ဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို ၃၀-၅-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ တရုတ်ဘာသာ၊ ဌာနမှူးထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ မော်ကွန်းထိန်း (ဖုန်း-၅၁၄၃၇၁၊ လိုင်းခွဲ * ၈၀၉၊ * ၈၃၀)ထံတွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ် ၆၂၊ အကျယ်အဝန်းပေ(၄၀×၆၀) အကျယ်အဝန်းရှိမြေကွက် (တစ်နည်းအားဖြင့်ဆိုသော်) ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၆ ရပ်ကွက်၊ ရဲသီဟလမ်း၊ အမှတ် ၆၂၊ အကျယ်အဝန်းပေ(၄၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးချစ်ကိုကို ၁၂/ဥတတ(နိုင်)၁၄၂၃၇၈က တရားဝင် လက်ရှိထား ပိုင်ဆိုင်ပြီး လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံပြောဆို၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူအား ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီသဖြင့် အရောင်းအဝယ်ပြုလုပ်သောမြေကွက်၏တန်ဖိုးငွေအနက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ဦးချစ်ကိုကို လက်ရှိထားပိုင်ဆိုင်သော မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲဝင်းလှိုင် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၄၀၉)
အမှတ် ၁၀၅၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း ၀၉-၄၉၇၂၂၆၀၉၊ ၀၁-၃၇၇၇၅၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ် ၁၇နေ ဒေါ်မို့မို့ခိုင် ၁၂/စခန(နိုင်)၀၃၂၈၈၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ ပြည်သူ့ကွက်သစ် ၄ လမ်း၊ အမှတ် ၂၄ (ခေါင်းရင်းခြမ်း)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၂½×၅၉)ပေရှိ မြေနှင့်ယင်းမြေပေါ်ရှိ နေအိမ် အဆောက်အအုံတို့ကို ကွယ်လွန်သွားကြပြီဖြစ်သော မူလပိုင်ရှင်များဖြစ်သည့် ဦးညွန့်မောင်၊ ဦးအောင်တင်၊ ဒေါ်ခင်ရှိန်တို့၏သားသမီးများနှင့် မြေးများကသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပါသားသမီးများနှင့် မြေးများ၏ကိုယ်စား ဝန်ခံကတိပြု၍ ကမ်းလှမ်းသူ ဒေါ်စမ်းအေး(ခ)ဒေါ်စန်းစန်းအေး၊ ဦးကျော်ရွှေ၊ ဒေါ်ခင်ရီနှင့် ဦးသန်းစိန်တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အလို့ငှာ ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်းပြီး အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှ ၅ရက်အတွင်း လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးငွေးလွင် B.Sc, R.L, M.A(Business Law)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၈)
အမှတ် ၃၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ရခိုင် တိုင်းရင်းသားစာပေနှင့်
ယဉ်ကျေးမှု ကော်မတီတက္ကသိုလ်များ(ရန်ကုန်)
ကျောင်းသူ ကျောင်းသားဟောင်းများ တွေ့ဆုံပွဲ

ရန်ကုန်မြို့ရှိ တက္ကသိုလ်များတွင်တက်ရောက်၍ ပညာသင်ကြားခဲ့ကြသော ရခိုင် ကျောင်းသူ ကျောင်းသားဟောင်းများ တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသူ ကျောင်းသားဟောင်းများအားလုံး တက်ရောက်နိုင်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေရာ - ရွှေရှမ်းကန် စားတော်ဆက် (နံပါတ် ၁၃၂-ခ၊ အင်းလျားလမ်း၊ တက္ကသိုလ်လှေလှော်အသင်း)

အချိန် - ညနေ ၆နာရီမှ ၉နာရီအထိ။

နေ့ရက် - ၂၅ရက် မေလ ၂၀၁၃ခုနှစ်။

ဤတွေ့ဆုံပွဲဖြစ်မြောက်အောင်မြင်စွာ ဆင်နွှဲနိုင်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။

၁။ ဦးစံထွန်း ဥက္ကဋ္ဌ၊ ရခိုင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီ တက္ကသိုလ်များ (ရန်ကုန်) ဖုန်း-၀၉-၅၁၃၆၃၂၇၊ ၂။ ကိုထွန်းဝင်း ဖုန်း-၀၉-၄၄၈၀၂၁၅၄၈၊ ၃။ ကိုသန့်ဇင် ဖုန်း-၀၉-၈၅၀၁၈၀၀၊ ၄။ ဒေါက်တာသန်းထွန်းကျော် ဖုန်း-၀၉-၄၂၇၁၂၁၂၈၊ ၅။ မခင်အေးသန်း ဖုန်း-၀၉-၄၃၁၉၆၆၆၇၊ ၆။ မတင်မြတ်ထက် ဖုန်း-၀၉-၇၃၁၁၇၈၄၉။

ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၃-၂၀၁၃ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာကြော်ငြာ(ဂ) ကန့်ကွက်နိုင်ကြောင်းကြော်ငြာ အမှတ်စဉ်(၁၄) ဒေါ်ချိုလှန်ရိမ်း ၁၃/တကန(နိုင်)၀၂၉၄၈၁၏ မှတ်ပုံတင်အမှတ် ၁၃/တကန(နိုင်)၁၂၉၄၈၁ ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

နာမည်ရပြီး Hair Salon, Spa နှင့်
အဆီချလုပ်ငန်းဆိုင်
ရောင်း/ငှားမည်

ဆိုင်သက်တမ်းငါးနှစ်ရှိ၊ ညွှန့်သည်ရပြီးဆိုင်
လက်တင်ဆက်ဖွင့်၍ ရသည်။

ဖုန်း-၀၉-၅၁၅၈၈၅၁

လျှပ်စစ်အင်ဂျင်နီယာဘွဲ့ရလူငယ်များအတွက်အခွင့်အလမ်းကောင်း

လျှပ်စစ်အင်ဂျင်နီယာဘွဲ့ရလူငယ်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန်ရည်ရွယ်၍ B.E (Electrical Power) ဘွဲ့ရကျောင်းဆင်းများအား Myanma Power Spectrum Co., Ltd. မှ လုပ်ငန်းခွင်လက်တွေ့သင်တန်း (on-the-Job Training) အမှတ်စဉ် (၂) ကို ဇွန်လတွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။သင်တန်းကာလမှာ (၄) လကြာမြင့်မည်ဖြစ်သည်။ သင်တန်းကာလအတွင်းသင့်တင့်သောလစာနှင့် Ferry စီစဉ်ပေးမည်။ Training ပြီးဆုံးပါက သင်တန်းဆင်းလက်မှတ်ထုတ်ပေးမည်။ကုမ္ပဏီတွင်ဆက်လက်အလုပ်လုပ်လိုပါကညှိနှိုင်းခန့်ထားပေးမည်။ စိတ်ပါဝင်စားသူများ ကုမ္ပဏီသို့ (၃၁.၅.၂၀၁၃) နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

လိုအပ်သည့်အရည်အချင်း

(၁) B.E (E.P) ဘွဲ့ရ ဖြစ်ရမည်။

(၂) အသက် (၂၂) နှစ်မှ (၂၆) နှစ်အတွင်း ဖြစ်ရမည်။

(၃) ရန်ကုန်တွင်နေထိုင်ရေးအတွက် မိမိအစီအစဉ်ဖြင့်နေထိုင်နိုင်သူဖြစ်ရမည်။ (အခက်အခဲရှိပါက ကုမ္ပဏီမှညှိနှိုင်းကူညီပေးမည်)

ဆက်သွယ်ရန်: Myanma Power Spectrum Company Limited တိုက်(A/7)၊ အခန်း (၁၀၂)၊ ပထမထပ်၊ ရွှေကန္တာအိမ်ရာ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်မြို့။ Tel: 01 655261, 655262, 655263

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈က/၇၅၉၇၊ Toyota Corolla KE74 အမျိုးအစား S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော် ၉/မရမ (နိုင်) ၀၈၁၁၉၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မူဆယ်)**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ရပ်ကွက်(၃)၊ အကွက်အမှတ်(၅၁)၊ ဗိုလ်ကုန်းအရှေ့၊ ဦးပိုင်အမှတ် ၆/၈၊ ၀ ဒသမ ၂၉၃ ဧက၊ ကလောမြို့

ဖုန်း-၀၉-၅၁၅၈၈၅၇၊ ၀၉-၄၉၃၆၀၇၈၉

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၁၅၂၊ မြေကွက်တည်နေရာအမှတ် ၁၅၂၊ သီရိလမ်း၊ ၂၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးခင်မောင်အေး AB -၀၃၀၃၉၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်အေးကွယ်လွန်သဖြင့် ဒေါ်ခင်စိန် ၁၂/မရက(နိုင်)၀၁၂၆၇၅က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ဒေါ်ခင်စိန်ထံမှ GP No. ၂၇၆၂/၅-၃-၂၀၁၃ ဖြင့်ရသူ ဒေါ်နီနီအေးက အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လှိုင်သာယာမြို့နယ်၊ မြေတိုင်း(၅/တ/အဆင့်မြင့်)၊ သီဂီ(၁)လမ်း၊ မြေကွက်(၁၀၀၇/၁၀၀၈) နှစ် ၆၀ ဂရန်မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်(၅/တ)၊ လူနေရပ်ကွက်(အဆင့်မြင့်)၊ သီဂီပတ်လမ်းနှင့် သီဂီ(၁)လမ်းထောင့်၊ မြေကွက်အမှတ် (၁၀၀၇/၁၀၀၈)၊ အကျယ်(၅၀'×၆၀') ခန့်ရှိ နှစ်၆၀ ဂရန်မြေကွက်ကို အမည်ပေါက်လျက် လက်ရှိထားပိုင်ဆိုင်နေပါသည်ဟု အဆိုပြုဝန်ခံသူ ဒေါ်ရီရီဝင်း ၁၂/ရကန(နိုင်)၀၂၉၂၅၆ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါမြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန့်ဇင်(LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၅၀၆၈)
ဖုန်း-၀၉-၇၃၁၇၀၅၁၆

ဒေါ်ဟန်နွေနိုင်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၇၅၄၄)
ဖုန်း-၀၉-၄၂၀၀၇၃၆၈၅

အမှတ် ၅၀၊ ပထမထပ်၊ အခန်း D-2 ၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်

မြန်မာနိုင်ငံ၏ ထင်ရှားကျော်ကြား ဗုဒ္ဓသားတော်များ၏ သာသနာတော်အပေါ် ကျေးဇူးများပုံ၊ လုံ့လပြုပုံတို့အကြောင်း

TEXT RIVER စာနဒီစာအုပ်တိုက်

ဓမ္မဘေရီအရှင်ဝီရိယ(တောင်စွန်း)၏

ကမ္ဘာတစ်ခြမ်းကို ပြောင်းလဲစေခဲ့သော သာမဏေနှင့် သံယာ့ကျေးဇူး

ဘာသာရေးကို လူငယ်တွေ ဖတ်နိုင်အောင် ရေးသားထားတဲ့ ဆရာကံထွန်းသစ်၏ ကလောင်ခွဲ

နတ်စည်၏

ဘုန်းနှင့်ကံနှင့် လူငယ်တွေ၊ ကာရိုက်တာပြပွဲ

ဘာသာရေးအတွေးအမြင်ကို ခေတ်အမြင်နဲ့ ဖွင့်ဆိုရှင်းပြထားတဲ့

ဒေါက်တာအရှင်သာဓိန Ph.D (မှန်ဘိုင်းတက္ကသိုလ်) ၏

ငါ့မျက်ရည်တွေ ဘယ်ကိုရောက်နှင့် ဘာသာရေးအတွေးဆောင်းပါးများ

ဩစတေးလျနိုင်ငံ၏ ယဉ်ကျေးမှု၊ လူနေမှုဘဝ၊ ပညာရေးစနစ် တို့အပြင် နေ့စဉ် တွေ့ကြုံရသော မြန်မာစာရေးဆရာတစ်ယောက်၏ ဘဝအတွေ့အကြုံများ...

သာထက်အောင်

တွေးမိသမျှ၊ ငေးမိသမျှရေးမိသမျှ **သူတို့ဆီက ကျွန်တော့်အတွေ့အကြုံ** ထွက်ပြီ

ဖြန့်ချိရေး- စာနဒီစာအုပ်တိုက်၊ ဖုန်း-၀၉-၅၀၇၁၁၉၆၊ ၀၉-၅၀၇၁၁၉၇၊

စုလျားရစ်ပတ်လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်နေ

ဦးကြင်ကြူ (မန်နေဂျာ၊ မြန်မာ့လယ်ယာစိုက်ပျိုးရေး-ငြိမ်း) + ဒေါ်မြင့်မြင့်ကြည်တို့၏ သားထွေး

ဒုတိယရဲအုပ် အောင်ကိုသက်

L.LB (Law)

(မြောက်ဥက္ကလာပမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး) နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်နေ

ဦးတင်ဝင်း + ဒေါ်သိန်းသိန်းဦး (Founder of GREEN ISLAND SCHOOL) တို့၏

တစ်ဦးတည်းသောသမီး

မခိုင်ဇာတင်ဝင်း

B.A (Hons). 2nd M.A (IR)

(Dip in child Psychology in Hon Kong)

(PRINCIPAL OF GREEN ISLAND SCHOOL)

တို့၏(၇-၃-၂၀၁၃)ရက် (ကြာသပတေးနေ့)တွင် ရန်ကုန်မြို့ TRADERS HOTEL ၌ ကျင်းပပြုလုပ်သော စေ့စပ်မင်္ဂလာ မော်ကွန်းတင်လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မင်္ဂလာလက်မှတ်ရေးထိုးပေးပါသော မြို့နယ်တရားသူကြီး ဦးခင်မောင်စီ၊ မင်္ဂလာစကားနှင့် စေ့စပ်မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြင့်အေးနှင့် ဇနီး ဒေါ်သီတာလွင်၊ အသိသက်သေလက်မှတ်ရေးထိုးပေးပါသော မြောက်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်အေး၊ အရေပြားအထူးကုဆရာဝန်ကြီး ဒေါက်တာလှမြင့်နှင့် ဇနီး ဒေါက်တာဒေါ်သန်းသန်းမြင့်၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး (MRTV) တို့အားလည်းကောင်း၊ (၂၇-၃-၂၀၁၃)ရက် (ဗုဒ္ဓဟူးနေ့)တွင် နေအိမ်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ (၅-၅-၂၀၁၃)ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ SEDONA HOTEL ၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်လက်ထပ်မင်္ဂလာပွဲအခမ်းအနားတွင် မင်္ဂလာနာယကကြီးအဖြစ် ဆောင်ရွက် စုလျားရစ်ပတ်လက်ထပ်ပေးပါသော ဒုတိယရဲမှူးကြီး မြင့်အေးနှင့် ဇနီး ဒေါ်သီတာလွင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းချီးမြှင့်ပေးပါသော မဟာသဒ္ဓမဇောတိကဓဇ စည်သူ ဒေါက်တာခင်မောင်ညွန့်နှင့် ဇနီး ဒေါ်လှလှခင် (PRINCIPAL OF ADY NURSERY SCHOOL BRITISH COUNCIL)၊ မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းချီးမြှင့်ပေးပါသော ဦးကြည်တွဲ (MD, ဗိသုကာအဖွဲ့ (၂)ကုမ္ပဏီ) နှင့် ဇနီး ဒေါ်အေးအေး၊ ကြွရောက်ချီးမြှင့်ပေးပါသော ရဲမှူးမြင့်အေးနှင့် ဇနီး ဒေါ်စမ်းစမ်းအေး၊ ရဲမှူးသန်းအောင်နှင့် ဇနီး၊ ဦးရဲလှ (MD. Of MIN YE SWE Co.,Ltd.) နှင့် ဇနီး ဒေါက်တာသိဂီရွှေ၊ စစ်ဘက် နယ်ဘက်မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် မိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာဘိသိက်ဆင်ယင်ပေးပါသော တက္ကသိုလ် ကိုကိုဇော်၊ မင်္ဂလာအခါတော်တေးသီဆိုပေးပါသော တေးသံရှင် ဒေါ်ရီရီသန့်၊ အောင်မင်္ဂလာပန်းများဖြန့်ကြဲပေးပါသော သမီးငယ် မသက်နှင်းဆုနှင့် မယွန်းပိုပိုအောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော သမီးငယ် မကြယ်စင်သော်၊ မင်္ဂလာသတို့သားအရံနှင့် သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးပါသော မောင်စိုးဇေယျာဦး၊ Mr,Adam Edas၊ ဒေါက်တာသူဇာသန်း၊ Ms.Maria Demonaco၊ မင်္ဂလာပန်းအလှဆင်ယင်ပေးပါသော ရွှေနန်းမြင့်မှ ကိုမျိုးချစ်၊ ဓာတ်ပုံ ဗီဒီယိုရိုက်ကူးပေးပါသော မလိမ္မာ (မြန်မာစာ)ရိုက်ကူးရေးအဖွဲ့၊ မင်္ဂလာဝတ်စုံနှင့် မိတ်ကပ်ဆံပင်အလှဆင်ပေးသော လင်းလင်း (Make up Artist)၊ မင်္ဂလာဖိတ်စာအလှဆင်ဖန်တီးပေးပါသော 'နေလ' ဖိတ်စာ၊ မင်္ဂလာလက်ဆောင်မွန်များ ပေးပို့ပေးပါသော မိတ်သင်္ဂဟအပေါင်း၊ မင်္ဂလာအခမ်းအနားနှင့် စားသောက်ဖွယ်ရာများ တည်ခင်းဧည့်ခံပေးပါသော (SEDONA HOTEL)မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်အောင် အဘက်ဘက်မှ မေတ္တာဖြင့် ကူညီပံ့ပိုးပေးကြသော နှစ်ဖက်သောဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့ကို ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

ဒုရဲအုပ် အောင်ကိုသက် - မခိုင်ဇာတင်ဝင်း

ရွှေရည်ဦး

အာမခံစိန်ရွှေရတနာဆိုင်

ရွှေ ရည်စံမီ၊ သိင်္ဂီရွှေစစ်၊ အသွင်သစ်

ရည် ရွှယ်မှန်းတိုင်း၊ မဆိုင်းမတွ၊ စုံပြည့်ဝ

ဦး စွာပထမ၊ နှလုံးလှ၊ အလှဆင်ရာ၊

ရွှေရည်ဦးပါ။

ရွှေထည်မှန်သမျှ ရွှေရည်ပြည့်ဝ မှန်ကန်တိကျမှုကို (X-ray)ရောင်ခြည် အသုံးပြု၍ ပုံဆန်း၊ ဒီဇိုင်းများစွာတို့ကို သေသပ်ကောင်းမွန်သော လက်ရာဖြင့် ထုတ်လုပ်ထားသော ရွှေထည်ပစ္စည်းများကို မိတ်သဟာအပေါင်း ကြွရောက်အားပေး ကြပါရန် အလေးအမြတ်ထား၍ ဖိတ်ခေါ်အပ်ပါသည်။

ဦးအောင်သန်း + မာလာခိုင်

အမှတ်(၁၀၅)၊ ဗိုလ်ဆွန်ပက်လမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

:09-5010081,09-5027918, ☎:01-246814,254711

မနက်ဖြန်အတွက်ဆုံးရှုံးမှုအန္တရာယ်လျော့ပါးစေဖို့ Aspect နဲ့ ဆွေးနွေးစို့.....

ASPECT **ဝန်ထမ်းအလိုရှိသည်။** (ပြည်တွင်း၌သာခန့်ထားရန်)

Aspect Management (Myanmar) Co.,Ltd (လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း)

Security Guards (လုံခြုံရေးဝန်ထမ်းများ)၊ လုံခြုံရေးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်လိုသူများအလိုရှိပါသည်။

1. Supervisors and Body Guards — ကျား (၁၅)ဦး
   - ♦ အနည်းဆုံးဘွဲ့တစ်ခုခု ရရှိရမည်။ ♦ လူမှုဆက်ဆံရေးကောင်းမွန်ပြေပြစ်သူဖြစ်ရမည်။ ♦ အရပ်(၅)ပေနှင့် အထက် ရှိရမည်။ ♦ အသက် ၂၅ နှစ်မှ ၅၀ အတွင်းဖြစ်ရမည်။ ♦ လုံခြုံရေးအတွေ့အကြုံ(၁)နှစ် ရှိရမည်။
2. A grade — ကျား/မ
   - ♦ အနည်းဆုံး ၁၀ တန်းဖြေဆိုပြီးသူ ဖြစ်ရမည်။ ♦ အသက် ၂၀ နှစ်မှ ၅၀ အတွင်း ဖြစ်ရမည်။
   - ♦ စကားအပြော အဆိုပြေပြစ်ကောင်းမွန်သူ ဖြစ်ရမည်။ ♦ လုံခြုံရေးအတွေ့အကြုံ ၁ နှစ်ရှိရမည်။
3. B grade — ကျား
   - ♦ အနည်းဆုံး ပညာအရည်အချင်း အလယ်တန်း ရှိရမည်။ ♦ စကားအပြောအဆို ပြေပြစ်ကောင်းမွန်သူ ဖြစ်ရမည်။ ♦ လုံခြုံရေးအတွေ့အကြုံမရှိသူများလည်း လျှောက်ထားနိုင်ပါသည်။

အမှတ်စဉ် အားလုံးအတွက် ကျန်းမာသန်စွမ်းဖျတ်လတ်ပြီး ရောဂါကင်းရှင်းရမည်။ အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းရမည်။ ၂၄ နာရီအတွင်း မည်သည့်အချိန်၊ မည်သည့်နေရာမဆို အချိန်မရွေးသွားလာနိုင်သူဖြစ်ရမည်။ အရက်မသောက်သူ ဖြစ်ရမည်။ စစ်မှုထမ်းဟောင်း၊ ရဲမှုထမ်းဟောင်းများကို ဦးစားပေး စဉ်းစားပေးမည်။ ညအိပ်ညနေ၊ အဆောင်နေမည့်သူများလည်း လျှောက်ထားနိုင်ပါသည်။ အရက်သောက်တတ်သူများ လျှောက်ထားရန်မလိုပါ။

စိတ်ပါဝင်စားသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မူရင်း CV Form၊ ဓာတ်ပုံ(၂)ပုံ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းတို့နှင့်အတူ လာရောက်လျှောက်ထားနိုင်သည်။

အမှတ်(39-A)၊ဖိုးစိန်လမ်း၊(Holiday Restaurant ဘေးလမ်းမှဝင်ရန်)ဗဟန်း၊ရန်ကုန်မြို့။

Ph : 01-541758, 549069, 09-5406730, 09-5109884, 09-73206432

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈င/၅၈၀၇ Aung Myitta LT/PU (4 x 2) R ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဟံသာ ၁၀/မဒန(နိုင်)၁၁၃၅၈၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့

ဗိုက်ချပ်စေလျှင်သတိရပါ။

ဒေါ်မြင့်မြင့်သွယ်၏ (ဆေးကမ္ဘာ) အမှတ်တံဆိပ်

- ❋ **အဆီကျဆေးမှုန့်**
- ❋ **အဆီကျဆေးပြား**
- ❋ **ဗိုက်ချပ်လိမ်းဆေး**

၁၀၁၂ Y ၀၀၄ရ၁၀

၀ရ၁၂ Y ၀၀၀၉၈၃၃

၀၅၁၃ YR ၀၀၀၉ရရ၃

တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၂၀၁၀-တဆထလ/တိုး(၀၄၃၂)

ကြော်ငြာခွင့်ပြုချက် ၂၀၄/တဆဝက(တနယ်ဇင်း) ၀၈၀၁၀

ဒေါ်မြင့်မြင့်သွယ် ၏ (ဆေးကမ္ဘာ) ဆေးတိုက် (၂၇၉)၊ အလယ် ရွှေဂုံတိုင်လမ်း၊ဗားဒံပင်မှတ်တိုင်အနီး၊ဗဟန်းမြို့နယ်။ ဖုန်း - ၅၅၂၈၆၅

" ကန့်ကွက်နိုင်ပါသည် "

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၂၀-သမိုင်း)၊ မြေကွက်အမှတ်-(၁-က^{A}/၁+၃/က^{A})အရ မြေဧရိယာ-(၃. ၁၈၅)ဧကရှိ မင်းဓမ္မလမ်းပေါ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် **ဒေါ်နန်းမွှေးကြိုင်** (၉/မနမ (နိုင်) ၀၃၀၆၃၅)အမည်ဖြင့် မှတ်သားထားပြီး၊ ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကိုအပြီးချုပ်ဆိုဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ — **ဦးအီနုစ်(တရားလွှတ်တော်ရှေ့နေ) (စဉ်-၅၃၄၁)**

YE NOOS & ASSOCIATES (Law Firm)

အမှတ်-၁၇၆(ပထမထပ်)၊ မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း- ၃၉၇၂၃၄ ၊ ၃၉၇၂၃၅၊ ၂၉၆၁၃၂ ။

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

Full Time Permanent Post For

(1)	Instrument Nurse	မ	(2) Post
	Operation Theatre အတွေ့အကြုံအနည်းဆုံး သုံးနှစ်ရှိရမည်။		
(2)	Trained Nurse	မ	(5) Post
	BNSc (or)Diploma of Nursing		
(3)	Midwife	မ	(3) Post
(4)	Reception/Cashier	မ	(2) Post
	Computer အခြေခံရှိရမည်။ ဘွဲ့ရဖြစ်ရပါမည်။		
(5)	Driver	ကျား	(2) Post
(6)	Med.Tech (ဓာတ်ခွဲခန်း)	မ	(2) Post

လုပ်ငန်းအတွေ့အကြုံအနည်းဆုံး တစ်နှစ်ရှိရမည်။

လျှောက်ထားလိုသူများသည် CV Form ဘွဲ့လက်မှတ်မိတ္တူဓာတ်ပုံ နှစ်ပုံ၊ ရပ်ကွက်ထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူနှင့်အတူ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

OSC HOSPITAL

No.137, Thudhamma Road, North Okkalapa Township, Yangon.

Hot Line; 01-656176, 653207, 652043 Fax; 651907

ကြော်ငြာ

အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်ရှိ ဇိနမာရ်အောင်စေတီတော်မြတ်ကြီး ငြမ်းသိမ်းလုပ်ငန်းမှရရှိသော ဝါးနှင့် ကျူဖျာပစ္စည်းများအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၁၀-၅-၂၀၁၃ရက်မှ ၁၄-၅-၂၀၁၃ရက်အထိ နေ့စဉ် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၅-၂၀၁၃ရက် ၁၀နာရီမှ ညနေ ၄နာရီအတွင်း ဇိနမာရ်အောင်စေတီတော် ဂေါပကရုံးသို့ လာရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါငြမ်းသိမ်းလုပ်ငန်းမှ ရရှိသော ဝါး၊ ကျူဖျာပစ္စည်းအရေအတွက်နှင့် မျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဇိနမာရ်အောင် ဂေါပကရုံး ဖုန်း-၀၁-၅၄၇၀၃၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ဇိနမာရ်အောင်စေတီတော်
ဂေါပကအဖွဲ့

တရားမအထွေထွေလျှောက်ထားလွှာကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူများသို့ ကြားသိစေသည့်အကြောင်းကြားစာ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်

၂၀၁၂ ခုနှစ် တရားမအထွေထွေလျှောက်လွှာအမှတ် ၈၅

၁။ ဦးကျော်ဝင်းနိုင် (ကိုယ်တိုင်နှင့်လျှောက်ထားခံရသူ-၂၏ အခွင့်ရကိုယ်စားလှယ်)	**နှင့်**	၁။ ဦးဝင်းမြင့်
၂။ ဦးဖြူထွန်းအောင်		၂။ မအေးအေးမြင့်
		၃။ မောင်သိန်းဝင်း
		၄။ ဒေါ်သန်းမြင့်
		၅။ ဒေါ်ကြည်ကြည်စိမ်း အမှတ် ၅၊ ပြည်တော် ၃လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။
		၆။ ဦးလှမြင့်
		၇။ ဦးမောင်မောင်သန်း(ခ)ဦးသန်းမောင် အမှတ် ၁၂၃၊ ၄၃လမ်း၊(၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်။
လျှောက်ထားသူများ		**လျှောက်ထားခံရသူများ**

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂ ရက်စွဲပါ လျှောက်ထားသူများ၏ တရားမကျင့်ထုံးဥပဒေအမိန့် ၂၄ အရ လျှောက်ထားမှု။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူ အမှတ် ၅ ဒေါ်ကြည်ကြည်စိမ်း၊ လျှောက်ထားခံရသူအမှတ် (၇) ဦးလှမြင့်(ယခုနေရပ်လိပ်စာမသိ)သူများ သိစေရမည်။

ယခုအမှုတွင် လျှောက်ထားသူများက အမှုများကို တရားရုံးတော်တစ်ခုတည်းဖြင့် တပေါင်းတည်းစစ်ဆေးပေးပါရန် တရားမကျင့်ထုံးဥပဒေအမိန့် ၂၄အရ လျှောက်ထားရာ ရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤတရားမအထွေထွေလျှောက်လွှာကို ၂၀၁၃ခုနှစ် မေ ၂၇ရက် (၁၃၇၅ ခုနှစ် ကဆုန်လပြည့်ကျော် ၃ ရက်)တွင်ဆိုင်ရန် ရုံးတော်က ချိန်းဆိုလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေဖြစ်စေ၊ တရားမအထွေထွေလျှောက်လွှာတွင် သင်တို့အတွက် ရှက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၄င်းတရားမအထွေထွေလျှောက်လွှာကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဧပြီ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **အမိန့်အရ-**

(ကျော်စွာငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးတရားလွှတ်တော်

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မအူပင်ခရိုင်တရားရုံးတော်
၂၀၁၂ ခုနှစ် တရားမဇာရီမှုအမှတ်-၉

သမဝါယမဘဏ်လီမိတက် (၄င်း၏လက်ထောက်အထွေထွေ မန်နေဂျာ ဒေါ်ဘေဘီခင်မြသန်း)	**နှင့်**	ဒေါ်ခိုင်ခိုင်ဝင်း
တရားနိုင်		**တရားရှုံး**

မအူပင်ခရိုင် တရားရုံးတော်၏ ၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၃၁ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၃ခုနှစ် မေ ၂၇ရက် (၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၃ရက်) နံနက် ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်သော်လည်းကောင်း လေလံဆွဲ ဝယ်နိုင်ကြောင်းကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ (၉)ရပ်ကွက်၊ အကွက်အမှတ်-၈ အလယ်ပိုင်း၊ ဦးပိုင်အမှတ် ၇၂^ခ^၊ ဧရိယာ ၀ ဒသမ ၁၂၇ဧကရှိ ဘိုးဘွားပိုင်မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ဓနုဖြူမြို့၊ (၉)ရပ်ကွက်၊ မဟာဇောတလမ်း၊ အမှတ် ၆၁ဟုခေါ်တွင်သော (RC)နှစ်ထပ်အဆောက်အအုံ။

ကြမ်းခင်းဈေး ကျပ်သိန်း ၁၅၀၀

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၃ခုနှစ် ဧပြီ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကြူကြူမာ
ဒုတိယခရိုင်တရားသူကြီး
မအူပင်ခရိုင်တရားရုံး

အကွာအဝေးတိုက်ရောမလဲ့ ဝဆောင်းတူစံဖြင့် သိန်း ၄၂ဝိ/၅ဝဝိ/၁ဝဝဝိ/ သိန်း ၁၅ဝဝိ/ ဆုကြီးများ ကြိမ်းသေပေါက်စေမည့်
ထီဘုရင်မြတ်ဆွေဦး ၏ အသင့်တွက်ပြီး
မင်္ဂလာစုံတွဲ(၅)တွဲ လက်ဆောင်ထီ ၇၅၀ဝိ/-(၁၀)တွဲလက်ဆောင်ထီ ၁၃၀ဝဝိ/-
သိန်း (၁၅၀၀)ပေါက်လျှင် HONDA FIT ကား/သိန်း(၁၀၀၀)ပေါက်လျှင်
CHEERY ကား၊သိန်း(၅၀၀)ပေါက်လျှင် I-Phone အထူးလက်ဆောင်ပေးမည်။
နယ်မှထီထိုးလိုတ ဖုန်းဖြင့်ကြိုတင်မှာကြားပါ။
ဃ/၂၀၉၊ ဒေဝါသီလမ်းမ (ဝေပုလ္လ)အနီး။ မ/ဥက္ကလာ၊ ရန်ကုန်။
☎ - 01-691492 📱 - 09-5010196

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမောင်မောင် (မောင်မောင်ရှပ်ရှင်ကုမ္ပဏီပိုင်ရှင်)
အသက်(၉၆)နှစ်

Eiksietan Country Farm ညောင်ရွှေ အမှုဆောင်ဒါရိုက်တာအဖွဲ့၏ဖခင်ကြီး ဦးမောင်မောင် အသက်(၉၆)နှစ်သည် ၈-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **Eiksietan Country Farm**
ညောင်ရွှေဝန်ထမ်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမောင်မောင် (မောင်မောင်ရှပ်ရှင်ကုမ္ပဏီပိုင်ရှင်)
အသက်(၉၆)နှစ်

ချစ်ခင်လေးစားရပါသော Managing Director ဦးသူရဇော်(Executive Director) ဒေါက်တာယဉ်လှဲ့ဖြူတို့၏အဘိုး ဦးမောင်မောင် အသက်(၉၆)နှစ်သည် ၈-၅-၂၀၁၃ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဒါရိုက်တာအဖွဲ့ဝင်များ၊ Summit Eternal Construction Co.,Ltd.**
Summit Eternal International Co.,Ltd.

အမည်ပြောင်း

ဦးကံချွန်၏သမီး မင်္ဂလာဒုံမြို့နယ်၊ အထက-၅၊ ဆဋ္ဌမတန်း (E)အောင် မအေးမြမြကြည်အား မအေးမြတ်မြတ်ကြည်ဟု ပြောင်းလဲခေါ်ပါရန်။ **မအေးမြတ်မြတ်ကြည်**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၈၇

မောင်သီဟအောင်(ခ)သီဟ (အရွယ်မရောက်သေးသူ) ၄င်း၏နီးစပ်ရာမိတ်ဆွေ ဦးတင်အောင်မိုး(ဖခင်)	**နှင့်**	၁။ ဦးပြည့်ဖြိုးဦး ၂။ ဦးအောင်အောင်(ခ)အောင်ကြီး ၃။ ဦးစိုင်းစိုင်း(ခ)ဦးစိုင်းဇိုင်းမိုင်ခမ်း ၅။ ဦးစိန်မြသောင်းထွန်း
တရားလို		**တရားပြိုင်များ**

(၁) ဦးပြည့်ဖြိုးဦး အမှတ် ၂၀၁၊ ပတ္တမြားလမ်း၊ ဧရာဝဏ်ရပ်ကွက်၊ သာကေတမြို့နယ် (၂)ဦးအောင်အောင်(ခ)အောင်ကြီး၊ အမှတ်၂၀(ခ)၊ မေတ္တာလမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (၃)ဦးစိုင်းစိုင်း(ခ)ဦးစိုင်းဇိုင်းမိုင်ခမ်း၊ အမှတ် ၂၀၅၊ လေးလွှာ၊ ၂၈လမ်း၊ (၅)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ဦးစိန်မြသောင်းထွန်း၊ အမှတ် ၁၀၊ ၂၁လမ်း၊ လသာမြို့နယ် (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

သင်တို့အပေါ် တရားလိုကနစ်နာကြေးငွေ ကျပ်သိန်း ၃၀၀တိတိ ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၂၇ရက် (၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၉း၃၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **သန်းဝင်း**

ဒုတိယခရိုင်တရားသူကြီး
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ၃ ရပ်ကွက်၊ စေတနာသုခလမ်းဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ် ၅/၁၁၊ ဧရိယာ ၀ ဒသမ ၁၁၇ဧကမှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်းပေ(၅၀×၄၈)သည် မြေပိုင်မြေအမျိုးအစား မြေကွက်နှင့် အိမ်တွင်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်စာချုပ်ဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး လက်ရှိနေထိုင်ပိုင်ဆိုင်သူ ဦးကျော်ထိုက် ၈/မဘန(နိုင်)၀၀၇၇၆၃ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အဆိုပါအိမ်၊ မြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို တရားဝင်စာရွက်စာတမ်း(မူရင်း)များနှင့် ခိုင်လုံစွာ လူကိုယ်တိုင်လာရောက်တင်ပြ၍ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအုန်းမြင့်-တရားလွှတ်တော်ရှေ့နေ(စဉ်-၃၄၂၇)
ရုံးခန်း-အမှတ်(၁၇၀၊ ၁၇၂)၊ ပထမထပ်၊
မဟာဗန္ဓုလပန်းခြံလမ်း၊ မြို့တော်ခန်းမအနီး၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၄၅၁၆၊ ၀၉-၇၃၁၁၂၀၄၄

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၅၇၊ မြေကွက်အမှတ် ၂၄၆ အမည်ပေါက် ဒေါ်ခင်ခင်ပြုံး ၁၂/တမန(နိုင်)၀၄၅၁၇၇က မြေချပါမစ်မိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၂၇၇၊ မြေကွက်တည်နေရာအမှတ် ၁၆၁၊ ၉ လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်အုံးခင်၊ ဒေါ်ကြည်ခင်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်ခင်(ခင်ပွန်း)၊ ဦးမြင့်သိန်းနှင့် ဒေါ်အုံးခင်(အပျိုကြီးဘဝဖြင့်) အသီးသီးကွယ်လွန်သဖြင့် ဦးမိုးသိန်း ၁၂/ဥကတ(နိုင်)၀၄၇၃၇၀က တစ်ဦးတည်းသောသား/တူတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမောင်မောင် (မောင်မောင်ရှပ်ရှင်ကုမ္ပဏီပိုင်ရှင်)
အသက်(၉၆)နှစ်

ကူစ္စိတံကုမ္ပဏီလီမိတက် Razagyo Hotel ပုဂံ၊အမှုဆောင်ဒါရိုက်တာအဖွဲ့၏ ဖခင်ကြီး ဦးမောင်မောင် အသက်(၉၆)နှစ်သည် ၈-၅-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Razagyo Hotel ပုဂံ၊ မန်နေဂျာနှင့်ဝန်ထမ်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမောင်မောင် (မောင်မောင်ရှပ်ရှင်ကုမ္ပဏီပိုင်ရှင်)
အသက်(၉၆)နှစ်

Emerald Sea Resort MD ဦးကျော်ထွန်း-ဒေါက်တာနွေးအေးအေးဝေတို့၏အဘိုး ဦးမောင်မောင် အသက်(၉၆)နှစ်သည် ၈-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **Emerald Sea Resort**
ဝန်ထမ်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမောင်မောင် (မောင်မောင်ရှပ်ရှင်ကုမ္ပဏီပိုင်ရှင်)
အသက်(၉၆)နှစ်

ကူစ္စိတံကုမ္ပဏီအမှုဆောင်ဒါရိုက်တာအဖွဲ့၏ ဖခင်ကြီး ဦးမောင်မောင် အသက် (၉၆)နှစ်သည် ၈-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကူစ္စိတံကုမ္ပဏီဝန်ထမ်းမိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်အိ
အသက်(၇၉)နှစ်

ဆရာကြီး ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း(ရန်ကုန်တက္ကသိုလ်)-ဒေါ်ဥမ္မာမြင့်တို့၏ မိခင် ဒေါ်တင်အိ အသက်(၇၉)နှစ်သည် ၃-၅-၂၀၁၃ရက်(သောကြာနေ့) နံနက် ၃နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာမီမီစိန်(ပါမောက္ခ၊ ဌာနမှူး)နှင့်
ဆရာ ဆရာမများ၊ သတ္တဗေဒဌာန၊ မန္တလေးတက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးခင်မောင်ညွှန့် ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန၊ အကြံပေးပုဂ္ဂိုလ်
Elite Electric Power Co., Ltd.
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၁၂၄/၃၂၂၊ လေးလွှာနေ ဒေါ်ဝင်းဝင်း (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)၏ခင်ပွန်း ဦးခင်မောင်ညွှန့်(ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)သည် ၆-၅-၂၀၁၃ရက်(တနင်္လာနေ့) နံနက် ၄နာရီတွင် SSC. အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲ ရပါသည်။

ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ဆည်မြောင်းဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
ဦးခင်မောင်ညွှန့် ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန၊ အကြံပေးပုဂ္ဂိုလ်
Elite Electric Power Co., Ltd.
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၁၂၄/၃၂၂၊ လေးလွှာနေ ဒေါ်ဝင်းဝင်း (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)၏ခင်ပွန်း ဦးခင်မောင်ညွှန့် (ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)သည် ၆-၅-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၄နာရီတွင် SSC.အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊ ဆည်မြောင်းဦးစီးဌာန၊ ပုသိမ်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး ဦးခင်မောင်ညွှန့်
ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန၊ အကြံပေးပုဂ္ဂိုလ်
Elite Electric Power Co., Ltd.
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၁၂၄/၃၂၂၊ လေးလွှာနေ ဒေါ်ဝင်းဝင်း (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)၏ခင်ပွန်း ဦးခင်မောင်ညွှန့် (ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)သည် ၆-၅-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၄နာရီတွင် SSC.အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊ ဆည်မြောင်းဦးစီးဌာန၊ ဟင်္သာတမြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး ဦးခင်မောင်ညွှန့်
ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန၊ အကြံပေးပုဂ္ဂိုလ်
Elite Electric Power Co., Ltd.
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၁၂၄/၃၂၂၊ လေးလွှာနေ ဒေါ်ဝင်းဝင်း (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)၏ခင်ပွန်း ဦးခင်မောင်ညွှန့် (ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)သည် ၆-၅-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၄နာရီတွင် SSC.အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊ ဆည်မြောင်းဦးစီးဌာန၊ မအူပင်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး ဦးခင်မောင်ညွှန့်
ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန၊ အကြံပေးပုဂ္ဂိုလ်
Elite Electric Power Co., Ltd.
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၁၂၄/၃၂၂၊ လေးလွှာနေ ဒေါ်ဝင်းဝင်း (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)၏ခင်ပွန်း ဦးခင်မောင်ညွှန့် (ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်မြောင်းဦးစီးဌာန)သည် ၆-၅-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၄နာရီတွင် SSC.အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ၊ ဆည်မြောင်းဦးစီးဌာန၊ ဖျာပုံမြို့

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်ရှိန် (ဝါးခယ်မ)

အသက်(၉၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၏ဖခင်သည် ၉-၅-၂၀၁၃ရက် ညနေ ၃း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်တရားသူကြီးများ ပြည်နယ်တရားရေးဦးစီးမှူးနှင့်ပြည်နယ်အတွင်းရှိ တရားရေးအရာရှိ မိသားစုများ၊ မွန်ပြည်နယ်တရားလွှတ်တော်

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်အိ

အသက်(၇၉)နှစ်

ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာတင်ထွန်း-ဒေါ်ဥမ္မာမြင့်တို့၏ မိခင် ဒေါ်တင်အိသည် ၃-၅-၂၀၁၃ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

တာဝန်ခံပါမောက္ခချုပ်ဒေါက်တာကြည်စိုးနှင့် ပဲခူးတက္ကသိုလ်မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးခင်မောင်ညွန့်

[ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန]

အသက်(၇၃)နှစ်

ဦးခင်မောင်ညွန့် [ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန]သည် ၆-၅-၂၀၁၃ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူး၊ စက်မှုတိုင်း(၁)နှင့်ဝန်ထမ်းများ ဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးသန့်ဇင်-ဒေါက်တာသက်သက်မြိုင် (ပါမောက္ခ/ဌာနမှူး၊ သတ္တဗေဒဌာန၊ EYU)တို့၏မိခင် ဒေါ်ခင်မိမိသည် ၉-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် သတ္တဗေဒဌာနမှဆရာ၊ ဆရာမများနှင့်ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးသန့်ဇင်-ဒေါက်တာသက်သက်မြိုင် (ပါမောက္ခ/ဌာနမှူး၊ သတ္တဗေဒဌာန၊ EYU)တို့၏မိခင် ဒေါ်ခင်မိမိသည် ၉-၅-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် မိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အေးမြင့် အသက်(၆၆)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊စမ်း/မြောက်ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် ၃၄(ငါးလွှာ)နေ (ဦးဘချစ်-ဒေါ်အုံးတင်)တို့၏သမီး၊ ဒေါ်လှမြင့်၊ (ဒေါ်အမာစိန်)၊ (ဦးမောင်လတ်)၊(ဦးဘမောင်)တို့၏ညီမ၊ ဦးစန္ဒိမာ-ဦးစိန်တင်(ဒုအရာခံဗိုလ်၊ငြိမ်း၊ ရေ)၏ဇနီး၊ မဆွေဆွေဦး၊ မောင်ကိုကိုအောင်တို့၏မိခင်၊ မောင်အောင်ပြည့်ဟိန်း၊ မောင်ကောင်းမြတ်လင်းတို့၏အဘွားသည် ၇-၅-၂၀၁၃ရက်(အင်္ဂါနေ့) ည ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

အာယု(ခ)ဦးသော်တာ

(တေးရေးဆရာ၊ စာရေးဆရာ၊ ဒါရိုက်တာ)

အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇ/တောင်ရပ်ကွက်၊ သာစုရပ်ရှင်ခြံနေ (ဦးသာရ)-ဒေါ်မြတ်မွန်တို့၏သား၊ အမှတ် ၅၉၊ ၁၅၅လမ်း၊ တာမွေမြို့နယ်နေ (ဦးကြိုက်လှိုင်)-ဒေါ်လှမြင့်တို့၏သားသမက်၊(ဦးဝဏ္ဏ-ဒေါ်ချိုချိုရီ)၊ (ဦးသုမောင်)-ဒေါ်အေးအေးမေ၊ ဦးရှုပ-ဒေါ်ခင်ဝေဝေသက်၊ ဦးဉာဏ်ပေါ်-ဒေါ်စန်းစန်းအောင်တို့၏ညီ/မောင်၊ (ဦးမောင်မော်)-ဒေါ်ကေသီမွန်၊ ဒေါက်တာခိုင်စိုးဝင်း-ဒေါ်မာမာမွန်၊ ဦးရန်နိုင်ဝင်း-ဒေါ်သက်ငုံဖူး၊ ဦးဇာနည်မောင်-ဒေါ်ဇင်မမအောင်တို့၏အစ်ကို၊ အခန်း ၀၀၂၊ တိုက် ၄၊ မင်းရဲကျော်စွာအိမ်ရာ၊ ဇ/တောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဒေါ်အေးအေးလှိုင်၏ခင်ပွန်း၊ မောင်ကြည်သာ၊ မောင်ဘုန်းသက်နိုင်-မငြိမ်းပြည့်စုံ၊ မအေးချမ်း၊ မရွှေရည်တာတို့၏ဖခင်သည် ၉-၅-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၃ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်မှုန်

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ အုန်းပင်လမ်း၊ အမှတ် ၄၂(က)နေ (ဦးစံတင်-ဒေါ်လှကြီး)တို့၏သမီးကြီး၊ (ဦးသန်းခင်)၏ဇနီး၊ ဦးသန့်ဇင် (UNODC)-ဒေါ်မြင့်မြင့်စိန် (Emerald)တို့၏မိခင်၊ မသန့်နန္ဒာအောင် (ခေတ္တ-Australia)၏ အဘွားသည် ၁၀-၅-၂၀၁၃ရက် နံနက် ၂း၁၅နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၃ရက်မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၁၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်သီသီခိုင်

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊တိုက်အမှတ် ၁၂/၁၄၊ ဓနသိဒ္ဓိလမ်းနေ ဦးသိဏ်းမှီ၏ဇနီး၊ ဒေါ်သီတာမှီ(ကျောင်းအုပ်၊အမက၊ မြေနီကုန်းရှာ၊ အင်းလေး၊ ညောင်ရွှေမြို့နယ်)-ဦးဉာဏ်ဝင်းလှိုင်၊ ဒေါ်သီဂီမှီတို့၏မိခင်သည် ၁၀-၅-၂၀၁၃ရက် မွန်းလွဲ ၁း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကျင်သိန်း(ခ)ခေါ်ကျင်သိန်း

တိုက်ကြီးအသင်းဝင်

အသက်(၉၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်စံပြရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ် ၁၁၅နေ [အန်အီလင်း(ခ)ဦးချီလင်း]၏ဇနီး၊ ဦးမောင်မောင်ခင်-ဒေါ်မြင့်မြင့်သိန်း၊ ဦးအောင်မြင့်-ဒေါ်စန်းစန်းမြင့်၊ ဦးမျိုးအောင်-ဒေါ်မြင့်မြင့်အေး၊ ဒေါ်မြင့်မြင့်ထွေး၊ ဒေါ်ညိုညိုစန်း၊ ဦးထွန်းလွင်-ဒေါ်နွယ်နွယ်ဝင်း၊ ဦးထွန်းနိုင်-ဒေါ်ချိုချိုခိုင်တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၉-၅-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ရင်နု (က၀/မကြက်ကြီး)

အသက်(၈၇)နှစ်

တိုက် ၅၊ အခန်း ၁၊ စံပြဖဆပလရပ်ကွက်နေ (ဦးစိန်မောင်)၏ဇနီး၊ ဦးဝေလင်း-ဒေါ်ခင်ခင်ဝင်း၊ ဦးငွေဝင်း-ဒေါ်ခင်စန်းဝေ၊ ဒေါ်ဆင့်ဆင့်၊ (ဒေါ်တင့်တင့်)၊ ဒေါ်မြင့်မြင့်၊ ဦးထွေးမျိုးမင်း-ဒေါ်ညွန့်ညွန့်ဝေ၊ ဦးအောင်ဒင်-ဒေါ်သီတာဝင်းတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၀-၅-၂၀၁၃ရက် နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးလှရွှေ (ရွှေတောင်)

အသက်(၇၈)နှစ်

ရွှေတောင်မြို့၊ ဈေးလမ်းနေ (ဦးရ-ဒေါ်သန်း)တို့၏သား၊ (ဦးစောမောင်-ဒေါ်မြခင်)တို့၏သားသမက်၊ (ဒေါ်ခင်မေသွဲ့)၏ခင်ပွန်း၊ ဦးနိုင်ဦး-ဒေါ်ခိုင်သဇင် (ရန်အောင် ငရုတ်သီးပွဲရုံ၊ ရွှေတောင်)၊ ဦးကျော်ဦးလွင်(ညွှန်ကြားရေးမှူးချုပ်၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန)-ဒေါ်ခင်စိုးစိုးတို့၏ဖခင်၊ မောင်ရန်နိုင်အောင်၊ မစုပိုင်စိုး၊ မောင်မျိုးမွန်သူ၊ မောင်အောင်ခန့်ကျော်တို့၏အဘိုးသည် ၁၀-၅-၂၀၁၃ရက် ညနေ ၄း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံကြီးအအေးတိုက်မှ နေပြည်တော် ကွင်းကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်နွဲ့ (ဝါးခယ်မ)

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ တိုက် ၂၁၊ အခန်း ၁၀၆၊ ရတနာသိင်္ခလမ်း၊ အောင်ဇေယျအိမ်ရာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ(ဦးမောင်အေး-ဒေါ်မေကြည်)တို့၏သမီး၊ ဒေါ်မမလေး(ဗိုလ်ချုပ်ဈေး)၏တူမ၊ (ဦးပေါစု-ဒေါ်ကျင်ဟန်)တို့၏ချွေးမ၊ ဦးကျော်စိန်-ဒေါ်တင်တင်ဝင်း၊ ဦးကျော်ဘုန်းလင်း-ဒေါ်မာမာခင်၊ ဦးသန်းမြင့်-ဒေါ်သန်းသန်းဝင်းတို့၏ညီမ၊ ဦးလှကြည်(မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ငြိမ်း)၏ဇနီး၊ ဦးသူရဇော်-ဒေါ်စံပယ်ခိုင်၊ ဦးတင့်လွင်စိုး-ဒေါ်ဇီဇဝါခိုင်တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၉-၅-၂၀၁၃ရက် မွန်းလွဲ ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးတူးမောင်

ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး

ရှမ်းပြည်နယ်အစိုးရအဖွဲ့

အသက်(၅၆)နှစ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့၊ မောက်မိုင်ရပ်ကွက်နေ ဒေါ်နန်းကိန်၏ခင်ပွန်း၊ စိုင်းဝင်းမျိုး၊ စိုင်းဇော်ထွေးတို့၏ဖခင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးတူးမောင်သည် ၆-၅- ၂၀၁၃ရက် မွန်းလွဲ ၂း၄၀နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်မှူးကျော်ညွန့်(ငြိမ်း)၊ဒေါ်နန်းကိန်ခမ်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ကျိုင်းတုံမြို့

ဒေါ်အေးတင်(ခ) ဒေါ်ဖွားတွေ့ (မြိတ်)

အသက်(၇၅)နှစ်

မြိတ်မြို့နေ (ဦးထွန်းပေါ်-ဒေါ်မိခင်)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ် ၁၄၁၊ ဗဟိုလမ်း၊ ကမာရွတ်မြို့နယ်နေ (ဦးခင်မောင်)-ဒေါ်မြညွန့်တို့၏ညီမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယုနိုက်တက်ကွန်ဒို၊ အခန်း ၅၁၁၊ နဝဒေးလမ်း၊ အထက(၁) ဒဂုံအနီးနေ ဦးသောင်းစိုး-ဒေါ်လွှယ်လွှယ်ငွေးတို့၏အဒေါ်သည်၉-၅-၂၀၁၃ ရက် (ကြာသပတေးနေ့)ည ၁၀နာရီတွင် Green Cross အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၃ ရက်(စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နဝဒေးလမ်းနေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ဒဂုံမြို့နယ်၊ နဝဒေးလမ်း၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကြင်စန်း (သန်လျင်)

အသက်(၇၆)နှစ်

ရန်ကုန်မြို့နေ (ဦးစိန်ကြည်-ဒေါ်မြခင်)တို့၏သမီး၊(ဦးစိန်ရွှေ-ဒေါ်မမလေး)တို့၏သမီးချွေးမ၊ (ဦးမောင်မောင်လေး) ယခင် (AV ကောလိပ်)၏ဇနီး၊ (ဦးသိန်းဖံ-ဒေါ်ကြင်ရီ)တို့၏ညီမ၊ (ဦးကျော်မြိုင်)-ဒေါ်သန်းသန်းနွဲ့၊ ဦးချိုဝင်း-ဒေါ်ခင်စန်းရီ၊ ဦးရဲမြတ်စိုး၊ (ဦးစိုးဝင်းအောင်)-ဒေါ်သူဇာတို့၏အစ်မ၊ (ဦးထွန်းအောင်)-ဒေါ်ဝင်းဝင်းကြည်၊ ဦးမြင့်စိုး-ဒေါ်သင်းသင်းရီ၊ ဦးမင်းဆွေ-ဒေါ်မို့မို့ဝင်း၊(ဦးအောင်ဆွေ)-ဒေါ်ကေသီစစ်နိုင်၊ ဦးနိုင်ဝင်း-ဒေါ်သီဂီဝင်း၊ ဦးကျော်ဇင်ဝင်းတို့၏မိခင်ကြီး၊မြေး ၁၃ယောက်၊မြစ် ၁၁ယောက်တို့၏ ဘွားဘွားကြီးသည် ၉-၅-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁း၁၅နာရီတွင် အမှတ် ဒ/၉၇၊ ပဒေသရာဇာလမ်း၊ အောင်ချမ်းသာ (၃) ရပ်ကွက်၊သန်လျင်မြို့နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၃ရက် (စနေနေ့)ညနေ ၃နာရီတွင်အထက်ပါနေအိမ်မှ ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအုန်းဖေ

မိုးကောင်းမြို့နယ်အသင်းနာယက

အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊အမှတ် ၉၊ ရှင်စောပုဘုရားလမ်းနေ ဦးတင်မောင်အုန်း-ဒေါ်ခင်အေး၊ ဦးကျော်မင်း-ဒေါ်ဆွေဆွေအုန်း၊ (ဦးမျိုးသန့်)-ဒေါ်ခိုင်ခိုင်အုန်း၊ဦးအောင်အောင်-ဒေါ်ကြင်မြတို့၏ဖခင်သည် ၉-၅-၂၀၁၃ရက် (ကြာသပတေးနေ့)ည ၉း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၃ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသဖြင့် မိုးကောင်းမြို့နယ် အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်နိုင်ရန် အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

မိုးကောင်းမြို့နယ် အသင်းအမှုဆောင်အဖွဲ့

ဒေါ်ဟိုတီ(ခ)ဒေါ်ညွန့်ရီ

(ရတနာ မုန့်ဟင်းခါးဖို)

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊နတ်ချောင်းရပ်ကွက်၊ အမှတ် ၃၈၊ အာသောကလမ်းနေ (ဦးရွှေချုပ် - ဒေါ်ကြိုင်ဖေ့)တို့၏သမီး၊ (ဦးကျင်မောင်)၊ ဒေါ်ခန်းတီတို့၏ညီမ၊ ဦးကောက်-ဒေါ်စွမ်တီ၊ ဦးစိန်-ဒေါ်ရွှေရင်၊ဒေါ်တင်တင်မြ၊ ဦးမြင့်လွင်-ဒေါ်တင်တင်အေး၊ဒေါ်ရီရီမြ၊ ဦးအောင်လွင်-ဒေါ်မြင့်မြင့်စန်းတို့၏ အစ်မသည် ၁၀-၅-၂၀၁၃ရက်(သောကြာနေ့) နံနက် ၁း၄၅နာရီတွင်ရွှေဗဟိုဆေးရုံ၌ကွယ်လွန်သွားပါ၍ ၁၂-၅-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးလီချန်းမေ (မြစ်ကြီးနား)

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၈လမ်း၊ အမှတ် ၁၄၀(မြေညီထပ်)နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံတက္ကသိုလ်ရိပ်မွန်၊ခွာညိုလမ်း၊ခြံအမှတ် ၅နေ ဒေါ်စုချင်၏ခင်ပွန်း၊ ဦးမိုးလတ်-ဒေါ်စန်မေ၊ ဦးကျော်မြင့်-ဒေါ်မေကြည် (နေပြည်တော်)၊ ဦးကျော်လွင်-ဒေါ်လီလီမေ၊ ဦးကျော်ထွန်း-ဒေါ်ခင်ချိုမြင့် (USA)၊ ဦးကိုကိုဦး-ဒေါ်မြင့်မြင့်ရီ၊ ဦးကံကောင်း-ဒေါ်မိမိရီ(U.S.A)တို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၉-၅-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၈း၄၅နာရီတွင် ဒဂုံတက္ကသိုလ်ရိပ်မွန်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၃ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးယူနန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးငွေလှ (ကျောက်ဖြူ)

အသက်(၄၉)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ ဖြတ်လမ်း(၇)၊ မြစ်နားတန်းရပ်ကွက်နေ (ဦးထွန်းမြ)-ဒေါ်စောရွှေတို့၏သားကြီး၊ (ဦးသာအေး)-ဒေါ်အောင်ဖြူတို့၏သားသမက်၊ ဒေါ်ငွေသိန်း၏ခင်ပွန်း၊ မောင်ငွေလင်းဦး၊ မမြတ်မိုးငွေ၊ မလှမိုးငွေ၊ မနှင်းမိုးငွေတို့၏ဖခင်၊မနီနီလွင်၊ကိုကျော်စိုးနိုင်-မဆွေဆွေမြင့်၊ ကိုအောင်ထူး-မလေးလေးခိုင်တို့၏အစ်ကိုသည် ၉-၅-၂၀၁၃ရက် နံနက် ၈နာရီတွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၃ ရက်(စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၆၊ စကားဝါပင်လမ်း၊ မကျည်းတန်းမြောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တဇာဂရ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)

ဦးစီးပဓာနနာယကဆရာတော်ကြီး

ပန်းခြံကုန်းကျောင်းတိုက်(မိုးကုတ်ရိပ်သာအဖွဲ့ခွဲ-၃၆၇)

သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၂/ခရပ်ကွက်၊ ပန်းခြံကုန်းကျောင်းတိုက်(မိုးကုတ်ရိပ်သာအဖွဲ့ခွဲ-၃၆၇)၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ပန်းခြံကုန်းဆရာတော်ကြီး ဘဒ္ဒန္တဇာဂရ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)သည် (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၁ရက်) ၁၀-၅-၂၀၁၃ရက်(သောကြာနေ့)နံနက် ၃း၄၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၅ရက်) ၁၄-၅-၂၀၁၃ရက် (အင်္ဂါနေ့)ညနေ ၄နာရီတွင် မြောက်ဥက္ကလာပ ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပန ပူဇော်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆရာတော်၊ သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

မင်္ဂလာရာမဘုံပျံကျောင်းတိုက် ပဓာနနာယကဆရာတော်

ဘဒ္ဒန္တဝိစိတ္တ

သက်တော်(၇၄)နှစ်၊ သိက္ခာတော်(၂၂)ဝါ

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ညောင်အိုင်ကြီးကျေးရွာ၊ မင်္ဂလာရာမဘုံပျံကျောင်းတိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိစိတ္တမထေရ်သည် (၁၃၇၅ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ရက်) ၇-၅-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂း၁၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၅ခုနှစ် ကဆုန်လဆန်း ၄ရက်) ၁၃-၅-၂၀၁၃ရက်(တနင်္လာနေ့)တွင် အန္တိမစျာပန ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားအပ်ပါသည်။

ဂေါရေဂါမ်တပည့် ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအုန်းဖေ (မိုးကောင်းမြို့)

အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၉၊ ရှင်စောပုဘုရားလမ်းနေ (ဦးဘိုးခိုင်-ဒေါ်လေးမိ)တို့၏သား၊ (ဒေါ်သိန်းနွဲ့)၏ခင်ပွန်း၊ ဦးတင်မောင်အုန်း-ဒေါ်ခင်အေး၊ ဦးကျော်မင်း-ဒေါ်ဆွေဆွေအုန်း၊ (ဦးမျိုးသန့်)-ဒေါ်ခိုင်ခိုင်အုန်း၊ ဦးအောင်အောင်-ဒေါ်ကြင်မြတို့၏ဖခင်၊ ကိုအေးလှုဝင်း၊ ကိုဝေဖြိုးလင်း၊ ကိုအောင်နိုင်အုန်း၊ မဖြိုးသန္တာ၊ မသီရိဆွေ၊ မောင်ပညာကျော်၊ မောင်မျိုးမင်းဆွေ၊ မောင်ဉာဏ်လင်းထွန်း၊ ဒေါက်တာမလှကြေးမုံ၊ မနီလာအောင်၊ မခင်သပြေတို့၏အဘိုးသည် ၉-၅-၂၀၁၃ရက်(ကြာသပတေးနေ့)ည ၉း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၃ရက် (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးနိုဝယ်ကရိန်ယော်ထုံ အသက်(၆၃)နှစ်

ယခင်ကချင်ပြည်နယ်၊ဖန်းမော်ခရိုင်၊ မိုးမောက်မြို့တွင် နေထိုင်ခဲ့ပြီး၊ ယခု ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပွဲစားလမ်း၊ အမှတ် ၇၂၊ ငါးလွှာ-B နေ(ဦးကရိန်တန်-ဒေါ်ဂေါ့လူခေါန်ရီ)တို့၏သား၊ (ဦးလောရီး-ဒေါ်ဂျန်မာလွမ်)တို့၏သားသမက်၊ ဒေါ်မာဒလေနားလုရင်၏ခင်ပွန်း၊ မောင်ဂျရုတ်ထွယ်ရှောင်၊ မပက်ထရီရှားခေါန်ရှိန်တို့၏ဖခင်သည် ၉-၅-၂၀၁၃ရက်(ကြာသပတေးနေ့)မွန်းလွဲ ၂း၁၅နာရီတွင် နေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၁-၅-၂၀၁၃ရက်(စနေနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဘုရားကျောင်း၌ မိစ္ဆာတရားပူဇော်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးဝင်းထူး (GM)

Marvels Wealth Construction Co., Ltd.

အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ ယမနေ ၉လမ်းနေ ဦးစိုးမင်း-ဒေါ်ကြည်မြိုင်တို့၏သား၊ တိုက်ကြီးမြို့၊ ရှမ်းဘက် ၃လမ်းနေ ဦးအုန်းဟန် - ဒေါ်စိန်ထွေးတို့၏သားသမက်၊ ဦးစိုးကြည်၊ ဦးဟန်ထွန်း-ဒေါ်ခင်သူဇာတို့၏ညီ/မောင်၊ ဦးညီညီအောင်-ဒေါ်ခင်သီတာ၊ ဒေါ်ခင်သီဂီ၊ ဦးကျော်ကျော်ဦး-ဒေါ်အိအိခင်၊ ဦးကျော်မင်းထွေး-ဒေါ်ဇင်မာလတ်၊ ကိုဝင်းသူရဟန်-မဖြိုးအိဇာဝင်းတို့၏အစ်ကို၊ ဒေါ်ယုယုခင်(NSB Computer သင်တန်း)၏ခင်ပွန်း၊ မပန်းနှင်းဆီ (BE MC)၊ မစုရတနာ (G.T.C First Year M.C)၊ မောင်ပြည့်ဖြိုးကျော်(နဝမတန်း၊ အထက ခွဲ၊ မြို့မတိုက်ကြီး)တို့၏ ဖခင်သည် ၉-၅-၂၀၁၃ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၅-၂၀၁၃ ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် တိုက်ကြီးမြို့၊ ရှမ်းဘက် ၃လမ်း၊ အမှတ် ၂၄၁ နေ ဦးအုန်းဟန် - ဒေါ်စိန်ထွေးတို့၏ နေအိမ်မှ တိုက်ကြီးမြို့ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

Pi Sui Kai

အသက်(၄၈)နှစ်

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ခွါဘုံကျေးရွာနေ Pu Mang Thai- Pi Sui Peng တို့၏သမီး၊ Pu Tial UK-Pi Sisi Ngum Par, Pi Khuang Tial-Pu Lai Mang တို့၏ညီမ၊ Pu Tum Kheng-Pi Rem Tial တို့၏အစ်မ၊ Pi Ni Hlawn-Pu Khua Sang, Pi Thin Hnem- Pu Cevling, Salai Steven, Salai Tha Cung Lian တို့၏မိခင်၊ Pi Dar Hliang-U Thiha Zaw, PU Thawng Cin Mang-Pi Siang Tin Par, Salai Biak Lian Uk, Pu Van Hmun Nawl-Pi Moe Shwe, Salai San Myint, Mai Hniang Tha, Salai Bawi Tin Sang, Antony, Linda တို့၏အဒေါ်၊ Christo Kyaw Thiha Min, Biak Snag Cem တို့၏အဘွား၊ Pu Lian Bik ၏ဇနီးသည် ၁၀-၅-၂၀၁၃ရက် နံနက် ၇နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၅-၂၀၁၃ ရက် ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [နေအိမ် ၇-၈လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မန္တလေးမှတ်တိုင်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ လှိုင်သီရိနှင့် LBC-BOC တို့မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ရန်ကုန် မေ ၁၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae-Yong အား ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ လွှတ်တော်ရုံးခွဲ(ရန်ကုန်)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်ရေးရာကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Hae-Yong အား ရန်ကုန်မြို့ရှိ လွှတ်တော်ရုံးခွဲ(ရန်ကုန်)၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အာဆီယံ၏ အမွေအနှစ်ဖြစ်သော နတ်မတောင် အမျိုးသားဥယျာဉ်

သဘာဝပတ်ဝန်းကျင် သတင်းဆောင်းပါး

သော်တာနှမ့်စန်

ကန်ပက်လက်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၆၅၀ တွင်ရှိပြီး နတ်မတောင်(ဝိတိုရိယ) အမျိုးသားဥယျာဉ်သည် ပေ ၁၀၅၀၀အမြင့်၌ တည်ရှိပါသည်။ ကန်ပက်လက်မြို့မှ အမျိုးသားဥယျာဉ်တောင်ထိပ်သို့ ၁၇ မိုင် ဝေးကွာပါသည်။ ကန်ပက်လက်မြို့၏ ပေ ၆၀၀၀ခန့်အမြင့်၌ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနမှ နတ်မတောင် အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူးရုံး တည်ရှိကာ ပေ ၆၂၀၀တွင် ကန်ပက်လက်မြို့ဟောင်းနေရာ၌ လှပသေသပ်စွာ ဆောက်လုပ်ထားသော ထင်းရှူးဘန်ဂလိုများတည်ရှိရာ ဟိုတယ်ဇုန်ရှိပါသည်။ စုတ်ချက်ဖြင့်လှပစွာရေးဆွဲထားသောပန်းချီကားချပ်ပမာ တောင်ပေါ်သဘာဝရှုခင်းများကို ကြည့်ရှုနိုင်သော ဟိုတယ်ဇုန်မှ တောင်တက် ကတ္တရာလမ်းအတိုင်း ခရီးနှင်ပါက ပေ ၁၀၅၀၀တွင် ဝိတိုရိယတောင်ထိပ်သို့ရောက်ရှိပြီး ရွှေရောင်ဝင်းနေသော စေတီတစ်ဆူကို ဖူးတွေ့နိုင်သည်။ တောင်ထိပ်၌ အေးစိမ့်လျက်ရှိသော လေထုနှင့်အတူ မြက်ခင်းစိမ်းတော၊ ထင်းရှူးတောနှင့် ကျေးငှက်တိရစ္ဆာန်တို့၏ တွန်ကျူးသံတို့ဖြင့် အမျိုးသားဥယျာဉ်၏ ဂုဏ်အင်္ဂါကို ဖော်ဆောင်ပေးလျက်ရှိသည်။

ညိုမှောင်တစ်သွယ်၊ စိမ်းမြတစ်ဖုံမှိုင်းညို့နေသည့် တောင်စဉ်တောင်တန်းများကို ရစ်သိုင်းရစ်သိုင်းတွဲခိုနေသော မြူခိုးတိမ်ခိုးများက အမျိုးသားဥယျာဉ်သို့ လာရောက်အပန်းဖြေလေ့လာသူများအား အပြုံးဖြင့် ဆီးကြိုနေဟန်တူပါသည်။ နိုဝင်ဘာနှင့်ဒီဇင်ဘာလသည် ရာသီဥတုကောင်းမွန်၍ ကျန်လများ သည် မိုးများတတ်ပြီး မြူနှင်းများ အုံ့ဆိုင်းကာ အမြဲအေးစိမ့်နေ တတ်သောကြောင့် ဝိတိုရိယတောင်ထိပ်၌ လူနေထိုင်မှု ခက်ခဲခြင်းပင် ဖြစ်သည်။ အမြင့်ဆုံး အပူချိန်သည် ၃၂ ဒီဂရီစင်တီ ဂရိတ်ရှိပြီး အနိမ့်ဆုံး အ ပူ ချိန် သည်

တောင်စဉ်တောင်တန်းများရှိ မြူခိုးတိမ်ခိုးများက လာရောက်အပန်းဖြေလေ့လာသူများကို အပြုံးဖြင့် ဆီးကြိုနေဟန်ရှိသည့် နတ်မတောင်(ဝိတိုရိယ) အမျိုးသားဥယျာဉ်၏ မြင်ကွင်း။

၃ ဒီဂရီစင်တီဂရိတ်ရှိကာ နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၆၅ လက်မရှိသောဒေသလည်း ဖြစ်သည်။ မတ်လပထမပတ်က ဤတောင်ထိပ်၌ လေတဟူးဟူးတိုက်ခတ်၍ အေးစိမ့်လျက်ရှိရာ နေရောင်ခြည်သည် လင်းချည်တစ်လှည့် မှိုင်းချည်တစ်ဖုံ ပြောင်းလဲနေတတ်သောကြောင့် သီးခြားကမ္ဘာသို့ ရောက်ရှိသည့်ပမာ ခံစားနိုင်ပါသည်။

နတ်မတောင်အမျိုးသားဥယျာဉ်သည် သစ်တောဦးစီးဌာနလက်အောက်ရှိ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်ထိန်းသိမ်းရေးဌာနခွဲတစ်ခုဖြစ်ပြီး ၁၉၉၅ ခုနှစ်မှစ၍ နတ်မတောင်အမျိုးသားဥယျာဉ် ထိန်းသိမ်းရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ခဲ့ပြီး အရှေ့တောင်အာရှ၌ ထူးခြားသော တောင်တစ်တောင်အဖြစ် သတ်မှတ်ထားကာ တောတောင်စိမ်းလန်းစိုပြည်သည့်အတွက် ရှားပါးငှက်များ နားခိုကျက်စားရာနေရာအဖြစ်တည်ရှိနေပါသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❍

မုန်တိုင်းငယ်တစ်ခု မြန်မာဘက်သို့ ဦးတည်မည့် အခြေအနေမရှိ သတ်မှတ်

နေပြည်တော် မေ ၁၀

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ကော့သောင်းမြို့ (မြန်မာနိုင်ငံ) ၏ အနောက်တောင်ဘက် မိုင် ၄၉၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ မုန်တိုင်းငယ်သည် အနောက် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံသို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိဟု သတ်မှတ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(သတင်းစဉ်)**

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။